
# နေ့တမာန်

## ဝိညာဉ်တွယ်သောမျက်လုံးများ




ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

မိုးရွာတော့မယ်ဆိုတာကို… မိုးရနံ့ရလို့ ကျွန်မသိတယ်၊

ဒါပေမယ့်… မိုးစက်ကလေးတွေကိုကျွန်မမမြင်ဖူးဘူး…

ဆောင်းမှာကျလာတဲ့နှင်းပေါက်ကလေး တွေအေးမြတာကို…

ကျွန်မခံစားလို့ရပါတယ်။

ဒါပေမယ့်… နှင်းပွင့်ကလေးတွေကိုလည်း ကျွန်မ မြင်ချင်တယ်…

ငှက်ကလေးတွေတေးဆိုသံကို… ကျွန်မ ကြားရတော့ ကြည်နူးမိပါတယ်။

ဒါပေမယ့်… အဲဒီငှက်ကလေးတွေကို ကျွန်မမြင်ဖူးချင်သေးတာပေါ့နော်…

သာယာတဲ့သီချင်းသံဟာ ကျွန်မစိတ်ကို ကြည်မွေ့စေပါတယ်၊

သီချင်းစာသားလေးတွေကိုပါ ကျွန်မဖတ်နိုင်ရင် သိပ်ကောင်းမှာပဲ…

အရုပ်၊ အရောင်၊ အရိပ်ဆိုသော အာရုံခံစားမှုများကို
သူမ လက်လွှတ်ဆုံးရှုံးခဲ့သည်မှာ… ဆယ်စုနှစ်တစ်ခု မကတော့ပါပြီ။
အရုပ်ဆိုတာဘာလဲ၊
အရောင်ဆိုတာ ဘယ်လိုလဲ။
အရိပ်ဆိုတာ ဘယ်လိုဟာမျိုးလဲ။
နှောင်းမသိတော့ပါ။

နှောင်းရဲ့မျက်လုံးတွေ အမြင်ဓာတ် ပြန်ရတော့မယ်တဲ့။

မြင်တယ်ဆိုတာ ဘယ်လိုများလဲကွယ်. . .

လူမမယ်အရွယ်က မြင်ခဲ့ဖူးသော်လည်း နှောင်း မမှတ်မိတော့ပါ။

မျက်စိပြန်မြင်ခွင့်ရခဲ့ရင် နှောင်းအတွက် ဘာတွေ ထူးခြားလာမှာလဲ. . .

တွေးရင်း နှောင်း ရင်ခုန်မိပေသည်။

အမြင်ဓာတ်ပြန်ရတဲ့ နှောင်းမျက်ဝန်းထဲမှာ စွဲထင်လာတဲ့ပုံရိပ်တွေဟာ... အစစ်အမှန်တွေချည်းပဲလား။ ပထမတော့ နှောင်းသည် မြင်ရသမျှအရာ အားလုံးကို အစစ်အမှန်လို့ပဲ ထင်မှတ်ခဲ့ပေသည်။

သို့သော်... သူမမြင်နေရသောမိန်းကလေးသည် အခြားသူများနှင့် တစ်သီးတခြားဖြစ်နေပြီး၊ မိန်းကလေးရဲ့ကိုယ်လုံးကို ဖောက်ထွင်း၍ အခြားသောအရာများကို မြင်နေရခြင်း၊ မိန်းကလေး၏ခန္ဓာကိုယ်သည် ပုံသေမရှိပဲ... လွင့်မျောပျောက်ကွယ်သွားခြင်းတို့ကြောင့် နှောင်းအတွက် အဆန်းတကြယ် ဖြစ်ခဲ့ရလေသည်။

နှစ်ပေါင်းများစွာ အမြင်အာရုံဆုံးရှုံးခဲ့သော နှောင်းသည်... မိမိဘေးမှ မိန်းကလေးကို ဝိညာဉ်အရိပ်တစ်ခုဖြစ်မှန်း မသိခဲ့ပါပေ။

သူမဘေးတွင် တွယ်ကပ်နေသော မိန်းကလေး၏ပုံရိပ်ကို
နာနာဘာဝဝိညာဉ်တစ်ကောင်ဟု သိလိုက်ရချိန်မှစ၍
နှောင်းတွင် ထိတ်လန့် ချောက်ခြားဖွယ်...
ရင်ခုန်ကြောက်လန့်ဖွယ်အဖြစ်များ...
စတင်လာခြင်းပင်ဖြစ်တော့၏။
ဝိညာဉ်အရိပ်ဟာ ဘယ်သူလဲ။
နှောင်းကိုမျက်ကြည်လွှာပေးလှူခဲ့သူ၏ ပုံရိပ်ကိုယ်ပွားလား...
ယခင်ကတည်းက ဤအနီးပတ်ဝန်းကျင်တွင်ရှိနေသည့် ဝိညာဉ်တစ်ခုလား...
ချောက်လှန့်နေသော မကျွတ်မလွတ်သူတစ်ဦးလား...
သရဲတစ်ကောင်လား
တစ္ဆေတစ်ကောင်လား...

( ၁ )

ဒီကနေ့ နှောင်းရဲ့မျက်လုံးတွေကို ခွဲစိတ်တော့မည်။ မမြင်ရဘူးဆိုတဲ့နှောင်းရဲ့မျက်လုံးနှစ်လုံးမှာ အမြင်အာရုံပါတဲ့ မျက်ကြည်လွှာဆိုသည့်ပစ္စည်းအပိုတစ်ခုတပ်ပေးကြမယ်တဲ့။

မြင်တယ်ဆိုတာ ဘာလဲ။ အမြင်ဆိုတဲ့အာရုံနဲ့ပတ်သက်လို့ နှောင်း ဘာဆိုဘာမှမမှတ်မိတော့ပါ။ အမှောင်ထုထဲမှာ နှစ်ပေါင်းများစွာ နေလာခဲ့ရသောနှောင်းသည် ဟိုငယ်စဉ်ကလေးဘဝက မြင်ခဲ့ရဖူးပါသည်ဆိုသော မျက်လုံးများ၏အမြင်စာတ်ကို မမှတ်မိတော့ပါ။

ခုတော့… နှောင်းဟာ မျက်မမြင်ဘဝက လွတ်မြောက်တော့မယ်တဲ့လေ။ ဒေါ်လေးရီနှင့်တကွ ပတ်ဝန်းကျင်တစ်ခုလုံးက နှောင်းအတွက် ဝမ်းသာနေကြသည်။ နိုင်ငံခြားကိုရောက်နေသော မမဆောင်းကလည်း နှောင်းအတွက် ဝမ်းသာခြင်းကတစ်ဖက်၊ စိုးရိမ်ခြင်းကတစ်ဖက်ဖြင့် ဖုန်းအကြိမ်ကြိမ်လှမ်းဆက်နေသည်။

နှောင်းမျက်လုံးကုသနိုင်ဖို့အတွက် နှောင်း၏တစ်ဦးတည်းသော အစ်မ ခင်ဆောင်းဦးသည် စင်္ကာပူနိုင်ငံတွင် သွား၍အလုပ်လုပ်လျှက်ရှိသည်။ ခုတော့… မမဆောင်းဆန္ဒတွေပြည့်ဝပေတော့မည်။ ညီမလေးကို သာမန်လူသားတစ်ယောက်လိုမျက်စိမြင်စေချင်သော မမဆောင်း။ ခွဲစိတ်ကုသမယ့်ရက်ကို အမီမလာနိုင်ပေမယ့် အမြန်ဆုံးရောက်အောင်ပြန်လာခဲ့မည်ဟုဆိုသည်။

နှောင်းကိုယ်တိုင်လည်း မျက်စိပြန်မြင်ရတော့မည်ဆို၍ ရင်ခုန်လျှက်ရှိပါသည်။

ကျေးဇူးရှင်မမဆောင်း၊ အဒေါ် ဒေါ်လေးရီ၊ အစစအရာရာ ဖေးမစောင့်ရှောက်ပေးနေသောအိမ်နီးချင်းများ၊ ပြီးတော့… ကိုဆက် ခေါ် ကိုငြိမ်းဆက်။ စတဲ့လူတွေအားလုံးကို နှောင်းမြင်တွေ့ချင်ပါသည်။

အသက်ငါးနှစ်အရွယ်ကတည်းက မျက်စိကွယ်ခဲ့ရသောနှောင်းသည် အပြင်လောကကြီး ဘယ်သို့ဘယ်ပုံရှိသည်ကို မမှတ်မိတော့ပါ။ ငါးနှစ်အရွယ်လူမမယ်တစ်ယောက်၏ ဦးနှောက်မှတ်ဉာဏ်ဖြင့် လူတို့၏ ပုံပန်းသဏ္ဍာန်ကိုလည်း မမှတ်မိတော့ပါ။

လူဆိုတာ ဘယ်လိုပုံစံမျိုးလဲ၊ အရောင်ဆိုတာ ဘာကိုခေါ်တာလဲ၊ နှောင်းတစ်ခုမှမမှတ်မိပေ။ မျက်စိပြန်မြင်ရင်တော့ ဒါတွေကိုပြန်ပြီးသင်ယူလေ့ကျင့်ရလိမ့်မည်ထင်သည်။

အရုပ်၊အရောင်၊အရိပ်ဆိုတာကို နှောင်းမသိ။ နှောင်းသိတာက အသံနှင့်အနံ့အသက်သာ။ ပြီးတော့… အထိအတွေ့။

ခုတော့… နှောင်းသည် ကံကောင်းထောက်မစွာဖြင့် မျက်စိပြန်မြင်ရပါတော့မည်။

မျက်ကြည်လွှာအစားထိုးကုသရန် စာရင်းတင်သွင်းထားသော နှောင်းကို စေတနာရှင်အလှူရှင်တစ်ဦး၏ မျက်ကြည်လွှာရရှိ၍ မျက်စိအထူးကုဆေးရုံမှ ဆင့်ခေါ်ခဲ့လေသည်။

နှောင်း၏ ၁၂နှစ်တိတိ အမြင်အာရုံကွယ်ပျောက်နေသော မျက်လုံးသည် မျက်ကြည်လွှာအစားထိုးခြင်းဖြင့် ပြန်ပြီးမြင်ရပါတော့မည်။

♛♛♛♛♛

နှောင်း၏အိမ်နီးချင်းတွေအားလုံး ဆေးရုံတက်နေသောနှောင်းဆီသို့ရောက်လာကြသည်။

မနက်ပိုင်းတွင် နှောင်းတို့နှင့်အခန်းချင်းကပ်ရက် အခန်းနံပါတ် (၃)မှ မဆစ်တိုနှင့် အခန်းနံပါတ်(၄)မှ ဆရာဦးအောင်မြတ်နှင့် ဆရာမ မခင်မွှေးတို့လင်မယားရောက်လာကြသည်။

နေ့လည်ပိုင်းတွင် နှောင်းကို မျက်ကြည်လွှာအစားထိုးကုသခြင်း ပြုလုပ်ပါသည်။

ညနေပိုင်း၌ ဘေးချင်းကပ်ရက်အခန်းနံပါတ်(၁)မှာနေသော ကြီးကြီးမာနှင့် သူ့သမီးအေးမာဦးတို့က ရောက်လာခဲ့သည်။

သူတို့အားလုံးက နှောင်းမျက်စိပြန်မြင်တော့မည်ဆို၍ပျော်နေကြလေသည်။

''နှောင်းရေ… ခုကတည်းက ခန့်မှန်းကြည့်စမ်း၊ ကြီးကြီးမာဟာ ဘယ်လိုပုံဖြစ်မလဲလို့''

ကြီးကြီးမာတို့မိသားစုမှာ နှောင်းကို အနီးကပ်စောင့်ရှောက်ပေး နေသူများဖြစ်သည်။ နေ့လည်ခင်းမှာ ဒေါ်လေးရီရုံးသွားနေလျှင် နှောင်းအတွက်အဖော်မှာ ကြီးကြီးမာပဲဖြစ်လေသည်။ ကြီးကြီးမာက အိမ်ရှေ့ ဝရံတာတွင် ဈေးဆိုင်လေးဖွင့်ရောင်းသည်မို့ နံရံတစ်ချပ်သာခြားသော နှောင်းကို မြင်တွေ့နေရသည်။ ကြီးကြီးမာရှိနေ၍သာ ဒေါ်လေးရီကလည်း စိတ်ချလက်ချရုံးသွားနိုင်ခြင်းဖြစ်သည်။

နှောင်းတို့သည် ဘေးပတ်ဝန်းကျင်မှစောင့်ရှောက်ပေးနေသူများရှိ၍ ငါးခန်းတွဲတန်းလျားလေးတွင် မြဲနေကြခြင်းဖြစ်ပါသည်။

နေ့လည်ခင်းတိုင်း နှောင်းက အိမ်ရှေ့ဝရံတာတွင်ထွက်ထိုင်နေလျှင် စျေးရောင်းနေသောကြီးကြီးမာက နှောင်းကိုတစ်ချိန်လုံး မြင်တွေ့နေရသည်။ ကြီးကြီးမာသည် သူကြည့်ထားသောဗီဒီယိုဇာတ်ကားများအကြောင်းကို နှောင်းအားပြောပြနေတတ်၏။

စကားများပြီး အာဝဇ္ဇန်းရွှင်သောကြီးကြီးမာက နှောင်းကို သူ့ပုံစံအားခန့်မှန်းခိုင်းကြည့်နေခြင်းဖြစ်သည်။

''ကြီးကြီးမာကလည်း နှောင်းမှ ကြီးကြီးမာကိုမမြင်ဖူးသေးတာ၊ ဘယ်လိုခန့်မှန်းလို့ရမှာလဲ''

''မမြင်ဖူးသေးလို့ခန့်မှန်းခိုင်းတာလေ၊ ကြီးကြီးမာကို နှောင်းက လှတယ်လို့ထင်သလား၊ ရုပ်ဆိုးတယ်လို့ ထင်သလား''

''အို... သဘောကောင်းတဲ့ကြီးကြီးမာဟာ လှမှာပါ၊ လူတွေဟာ စိတ်ထားကောင်းရင်လှတယ်ဆို''

''အေး... ဟုတ်တယ်ကွဲ့၊ ဟုတ်တယ်၊ ကြီးကြီးမာက မေသဥ္ဇာဦးနဲ့တူတယ်၊ သိလား''

ကြီးကြီးမာအပြောကြောင့် ဘေးမှဒေါ်လေးရီကော၊ ကြီးကြီးမာသမီးအေးမာဦးကပါ ရယ်မောနေကြသည်။

''ကြီးကြီးမာကလည်း၊ မေသဥ္ဇာဦးဆိုတာဘယ်သူလဲ၊ နှောင်းမှ မသိတာ၊ အဲ... မြင်လည်းမမြင်ဖူးဘူးလေ''

''မေသဥ္ဇာဦးဆိုတာ ကြီးကြီးမာပြောပြောပြနေတဲ့ဗီဒီယိုကားတွေထဲက မင်းသမီးလေကွယ်''

''ဟုတ်လား၊ မင်းသမီးဆိုတော့ ချောမှာပေါ့နော်''

''ကြီးကြီးမာအတိုင်းပါပဲကွယ်၊ နှောင်းလေးမျက်စိပြန်မြင်မှ ကြီးကြီးမာနဲ့မေသဥ္ဇာဦးကို ယှဉ်ပြရဦးမယ်''

တကယ်တော့ ပျော်တတ်သောကြီးကြီးမာသည် ခွဲစိတ်ခံထားရသောနှောင်းကို စိတ်ပျော်ရွှင်အောင် ပြောနေခြင်းဖြစ်ပါ၏။

''ကြီးကြီးမာ၊ မနက်က ဦးအောင်မြတ်တို့၊ အန်တီမွှေးတို့နဲ့အတူတူ မဆစ်တိုပါ လာသွားတယ်၊ အခန်းသုံးခန်းလုံးက လူစုံပြီ ကြီးကြီးမာ၊ ကိုဆက်... ကိုဆက်ကတော့ ခုထိမလာသေးဘူး''

''မောင်ဆက်ကို မတွေ့တာ သုံးလေးရက်ရှိပြီကွဲ့၊ သူ ဆိုင်က ပြန်မလာဘူးထင်တယ်''

''အင်း... နှောင်း ဆေးကုခံနေတာကို ကိုဆက် ဘယ်သိမလဲနော်''

ကိုဆက်ဆိုသော ကိုငြိမ်းဆက်မှာ ငါးခန်းတွဲတန်းလျား၏ ဘေးအစွန်ခန်းတွင် တစ်ဦးတည်းနေသူဖြစ်သည်။ နေ့လည်ခင်းများမှာ နှောင်းနဘေးကိုလာ၍ ဂစ်တာတီးပြ သီချင်းဆိုပြလေ့ရှိသူ။ ကိုဆက်က စားသောက်ဆိုင်တစ်ခု၏တီးဝိုင်းတွင် လိဒ်ဂစ်တာတီးသူ ဖြစ်သည်။ ညနေပိုင်းမှ အလုပ်ဆင်းရသူမို့ နေ့လည်ပိုင်းအားချိန်မှာ နှောင်းမပျင်းအောင် လာနေပေးတတ်သည်။

နှောင်းကိုဆေးရုံကခေါ်လိုက်သည့်အချိန်တွင် ကိုဆက်ရှိမနေ။ ထိုနေ့မတိုင်မီ တစ်ညကပင် အိမ်ပြန်မလာတာကို နှောင်းသတိ ထားမိနေသည်။

''ဒါဖြင့်... ကိုဆက်အိမ်ပြန်မလာတာ သုံးညတောင်ရှိပြီပေါ့ ကြီးကြီးမာ၊ ဘာဖြစ်လို့ပြန်မလာပါလိမ့်နော်''

''ဟုတ်လား၊ ကြီးကြီးမာတော့ မတွက်မိပါဘူး၊ လူပျိုလူလွတ်ဆိုတော့လည်း တစ်ခါတလေ ဆိုင်မှာပဲအိပ်လိုက်တာဖြစ်မှာ ပေါ့ကွယ်၊ နှောင်းမျက်စိပြန်မြင်ရတော့မယ်ဆိုတာသိရင် ပြေးလာပါလိမ့်မယ်ကွယ်''

''နှောင်းလေ... မျက်စိပြန်မြင်မြင်ချင်းအချိန်မှာ အိမ်နီးချင်းတွေအကုန်လုံးကိုမြင်ချင်တယ်၊ မမဆောင်းကိုလည်း မြင်ချင်တယ်''

''မြင်ရမှာပေါ့ကွယ်၊ မမဆောင်းလည်း ပြန်လာနိုင်အောင် ကြိုးစားနေပါတယ်သမီးရဲ့၊ ပတ်တီးမဖြည်ခင် ရောက်လာလိမ့်မယ် ထင်တာပဲ၊ ခုလိုအချိန်မှာ စိတ်ကိုအေးအေးထားနော် သမီး''

နှောင်း၏အဒေါ် ဒေါ်လေးရီက ဝင်ပြောလိုက်သည်။

''နှောင်းပြန်လာရင် တို့တွေတန်းလျားတစ်ခုလုံးက နှောင်းကို ပွဲလုပ်ပြီးကြိုဖို့စီစဉ်ထားပြီးပြီသိမလေးရဲ့၊ သိလား''

အေးမာဦးက ပြောလိုက်ခြင်းဖြစ်သည်။

အဲဒီလို ကိုယ့်အပေါ်ဂရုဏာထားတဲ့အိမ်နီးချင်းတွေကို နှောင်း မြင်ချင်တွေ့ချင်လှပါပြီရှင်...

♛♛♛♛♛♛♛♛♛

( ၂ )

နှောင်းအသက်ငါးနှစ်အရွယ်တွင် နှောင်းတို့နေထိုင်ခဲ့ရာရပ်ကွက်၌ မီးအကြီးအကျယ်လောင်ကျွမ်းခဲ့လေသည်။ တစ်မြို့လုံး တစ်နိုင်ငံလုံး ထိတ်လန့်သွားစေအောင်ပင် ရပ်ကွက်လုံးကျွတ် ခဏချင်း ပြာကျသွားအောင်လောင်ခဲ့သောမီးကြီးဖြစ်ပါ၏။

ထိုအချိန်က အသက်ငါးနှစ်သမီးအရွယ် ခင်နှောင်းထွေးသည် အိမ်အပေါ်ထပ်တွင် အိပ်နေချိန်ဖြစ်ပါသည်။ နှောင်းဖေဖေသည် အိမ်အောက်ထပ်တွင် ဘက်ထရီးအိုးလုပ်ငန်းလုပ်ဆောင်ပါ၏။

မီးလောင်ချိန်တွင် မေမေက မမခင်ဆောင်ဦးကိုခေါ်ကာ ဈေးသွားနေချိန်ဖြစ်သည်။ ဖေဖေ့ညီမဒေါ်လေးရီမှာ ထိုစဉ်က တက္ကသိုလ်တက်နေချိန်ဖြစ်သည်။

မီးလောင်ချိန်၌ အိမ်တွင် ဖေဖေနှင့်နှောင်းတို့ပဲရှိသည်။

ဖေဖေသည် အိပ်ပျော်နေသောနှောင်းကို အသက်ဘေးလွတ်အောင်ကယ်တင်ခဲ့ပါသည်။

ဖေဖေအိမ်ပေါ်ထပ်သို့တက်လာကာ အိပ်နေသောနှောင်းကို ပွေ့ချီနေစဉ်တွင် မီးသည် နှောင်းတို့အိမ်ပတ်ပတ်လည်ကို ကူးစက်လောင်ကျွမ်းနေခဲ့ပြီ။

နှောင်းကိုပွေ့ချီကာ ဖေဖေလှေကားပေါ်မှဆင်းလာတော့ မီးစွဲနေသောလှေကားကြီးက နှောင်းတို့လှေကားအလည်လောက်မှာရှိစဉ် ပြုတ်ကျသွားလေသည်။ ဖေဖေရော နှောင်းပါ အောက်ထပ်ရှိဘက်ထရီ အိုးများပေါ်သို့ကျသွားသည်။ ဘက်ထရီအိုးထဲထည့်သည့် အက်စစ်ပုလင်းများကွဲထွက်ကာ နှောင်းကိုစင်ကုန်လေသည်။

ဖေဖေသည် ဒဏ်ရာရသွားသော်လည်း အားတင်းထကာ နှောင်းကိုပွေ့ချီ၍ အပြင်သို့မရောက်ရောက်အောင်ထွက်ခဲ့လေသည်။ ထိုအချိန်၌ ဖေဖေ့မှာရော နှောင်းမှာပါ အဝတ်အစားများကို မီးစွဲလောင်ကျွမ်းနေပေပြီ။

ကလေးကိုပွေ့ချီလာသောဖေဖေ့ကိုမြင်လိုက်သော ကယ်ဆယ်ရေးအဖွဲ့များက အလျင်အမြန်ကယ်ဆယ်လိုက်နိုင်ပါသည်။ သို့ရာတွင် နှောင်း သူ့လက်မှလွတ်ကာ ကယ်ဆယ်သူများလက်ထဲသို့ရောက်သွားသည်နှင့် စိတ်ကိုလျှော့လိုက်သောဖေဖေသည် ထိုနေရာမှာပင် ကွယ်လွန်သွားခဲ့လေသည်။

ဒါတွေကို မေမေပြန်ပြောပြ၍ နှောင်းသိရှိနေရခြင်းဖြစ်ပါ၏။

နှောင်း၏အာရုံထဲတွင်တော့ ထိုအဖြစ်ကိုပြန်တွေးသည့်အခါတိုင်း အလျှံငြီးငြီးတောက်လောင်နေသော မီးစွယ်မီးညွှန့်များ၊ ခန္ဓာကိုယ်အနှံ့ ပူလောင်နာကြင်မှုများ၊ ငရဲပွက်သကဲ့သို့အော်ဟစ်နေသော လူသံများကိုသာ ကြားနေရသည်။ တိတိကျကျ မမှတ်မိတော့ပေ။

မီးလောင်ပြင်မှလွတ်လာသောနှောင်းသည် အသက်ဘေးမှ လွတ်ခဲ့သော်လည်း အက်စစ်များမျက်လုံးထဲဝင်ကာ မျက်စိကွယ်ခဲ့ရလေသည်။

လွန်ခဲ့သော၂၂နှစ်။ နှောင်းအသက်ငါးနှစ်အရွယ်က အဖြစ်အပျက်များဖြစ်ပါသည်။

အသက်ငါးနှစ်မှာ မျက်စိကွယ်ခဲ့ရသောနှောင်းသည် ငါးနှစ်အရွယ်အထိ မြင်တွေ့ခဲ့ရသော အမြင်အာရုံများကို မမှတ်မိတော့ပါ။ စဉ်းစားလို့လည်း မရတော့ပါ။

♛♛♛♛♛

မီးလောင်မှုဖြစ်ပွားပြီးနောက် နဂိုနေရာတွင် ပြန်လည်နေထိုင်ခွင့်မရခဲ့ပါ။ သက်ဆိုင်ရာက မီးဘေးသင့်အိမ်ထောင်စုများအား မြေနေရာအသစ်များချထားပေးခဲ့သည်။

မေမေသည် ရရှိသောမြေနေရာကို ပြန်ရောင်းစားကာ ယခုနေနေသော ငါးခန်းတွဲတန်းလျားလေးတွင် အခန်းတစ်ခန်းငှားပြီး နေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဖေဖေရော စီးပွားရေးလုပ်ငန်းပါ မရှိတော့သည့်အတွက် မေမေသည် ကိုယ်တိုင်ဈေးထွက်ရောင်းရလေသည်။ လမ်းထိပ်တွင် မုန့်တီသုပ်ရောင်းသောဆိုင်ကလေးဖွင့်ခဲ့ခြင်းဖြစ်သည်။

အရင်းအနှီးအတွက် ထိုစဉ်က သက်ရှိထင်ရှားရှိသေးသော မေမေ၏မိဘများ(နှောင်း၏အဘိုးအဘွားများ)က အမွေအနှစ်အဖြစ် လက်ဝတ်ရတနာတချို့ခွဲပေးသောကြောင့် အဆင်ပြေခဲ့လေသည်။

မုန့်တီဆိုင်လေးဖွင့်၍ ပင်ပန်းသော်လည်း မိသားစုစားဝတ်နေရေးတော့ ပြေလည်ခဲ့ပါသည်။

နှောင်းတို့နှင့်အတူနေသော ဖေဖေ့ညီမအငယ်ဆုံး မခင်သက်ရီမှာ ထိုစဉ်က တက္ကသိုလ်တွင် ဒုတိယနှစ်တက်နေချိန်ဖြစ်သည်။ မီးလောင်ပြီးစီးပွားရေးကျဆင်းသွားချိန်တွင် ဒေါ်လေးရီကျောင်းထွက်လိုက်ရသည်။ အစိုးရရုံးတစ်ရုံးမှာ အောက်တန်းစာရေးဝင်လုပ်ခဲ့ရသည်။

နှောင်းအထက်က အစ်မခင်ဆောင်းဦးမှာ နှောင်းထက် အသက်ရနှစ်ပိုကြီးပါသည်။

မေမေသည် ဖေဖေမရှိသည့်နောက် ကိုယ်တိုင်ရုန်းကန်ရသော်လည်း မငြီးငြူခဲ့ပါ။ မေမေ့မှာ သောကဟူ၍တစ်မျိုးတည်းသာရှိပါသည်။ သမီးအငယ်လေးနှောင်း၏ မျက်စိပြန်မြင်ရေးကိစ္စဖြစ်သည်။

မေမေက နှောင်းကို ဆေးရုံဆေးခန်းစုံလင်အောင်ပြသခဲ့သည်။ မျက်စိအထူးကုပါရဂူကြီးများဆေးခန်းအထိရောက်ရှိကာ ငွေကုန်ခံ၍ ပြသခဲ့ပါသည်။ သို့သော်... ဆရာဝန်ကြီးများ၏မှတ်ချက်က တစ်မျိုးတည်း ထွက်လာခဲ့သည်။

နှောင်း၏မျက်စိထဲကို ဘက်ထရီအိုးသုံးသောအက်စစ်ပျော့များ ဝင်ရောက်ခဲ့ခြင်းကြောင့် မျက်ကြည်လွှာပျက်စီးသွားခဲ့ပြီ။ ကုသလို့ မရတော့ဟုဆိုသည်။ နောင်တစ်ချိန်တွင် မျက်ကြည်လွှာအစားထိုးကုသနိုင်ပါက မျက်စိပြန်မြင်ခွင့် ရကောင်းရနိုင်ကြောင်း မှတ်ချက်ပေးခဲ့ကြသည်။

နှောင်း အသက်ဆယ်နှစ်အရွယ်မှာ မေမေကွယ်လွန်သွားသောကြောင့် မေမေသည် နှောင်းကို မျက်စိပြန်မြင်ခွင့်ရကြောင်း သိမသွားရှာတော့ပါ။

♛♛♛♛♛

မေမေကွယ်လွန်ချိန်၌ မမဆောင်းမှာ ဆယ်တန်းအောင်ပြီးချိန်ဖြစ်သည်။ မမဆောင်းသည် တက္ကသိုလ်တစ်ဖက်တက်ရင်းမှ ကွန်ပြူတာစာရင်းကိုင်သင်တန်းကိုတက်ခဲ့သည်။ မမဆောင်းသည် ဝင်ငွေကောင်းကောင်းရသောအလုပ်တစ်ခုရဖို့ ကြိုးစားခဲ့လေသည်။ မမဆောင်း၏ရည်ရွယ်ချက်မှာ နှောင်းမျက်စိပြန်မြင်ဖို့ပင်ဖြစ်ပါသည်။

တကယ်တော့ မမဆောင်းရော ဒေါ်လေးရီရော... သူတို့ဘဝကို နှောင်းအတွက်သာ မြှုပ်နှံထားကြသူများဖြစ်သည်။ အိမ်မီးလောင်ချိန်၌ ဒေါ်လေးရီသည် တက္ကသိုလ်ဒုတိယနှစ်ကျောင်းသူဖြစ်သည်။ ချစ်သူရှိပြီးသူဖြစ်သည်။ မီးလောင်လို့စီးပွားပျက်သွားတော့ ကျောင်းကထွက်လိုက်ရသည်။ ချစ်သူကိုအဆက်ဖြတ်ပစ်လိုက်သည်။ မျက်မမြင်ဖြစ်သွားသော တူမလေးကိုစောင့်ရှောက်နိုင်ဖို့ ဒေါ်လေးရီက ချစ်သူကိုအဆက်ဖြတ်ပြီး အပျိုကြီးဘဝဖြင့်အရိုးထုတ်ခဲ့ခြင်းဖြစ်ပါသည်။

မမဆောင်းကရော...။ ခင်ဆောင်းဦးစိတ်ထဲတွင်လည်း ညီမလေးနှောင်း တစ်နေ့မျက်စိပြန်မြင်ရမည်ဟု အားခဲထားသည်။ တတ်နိုင်လျှင် ညီမလေးကို နိုင်ငံခြားတွင် ဆေးသွားကုမည်။ နှောင်းဆေးကုနိုင်ရန် ငွေများများရဖို့လိုသည်။ ခင်ဆောင်းဦးကြိုးစားနေသမျှသည် နှောင်းအတွက်ပင်ဖြစ်ပါသည်။

နှောင်းသည် ကိုယ့်အပေါ်မှာစေတနာထားသော အဒေါ်နှင့်အစ်မ၏မေတ္တာကို အပြည့်အဝခံယူခဲ့ရပါသည်။

မမဆောင်းတစ်ယောက် စက်ရုံကို အလုပ်ဖြင့်ထွက်ခွာခွင့်ရကာ အိမ်ကို ငွေပို့ထောက်ပံ့နိုင်သည့်အခြေအနေကိုရောက်ခဲ့ပါပြီ။

မျက်စိပြန်မြင်ချိန်မှာ ကျေးဇူးရှင်မမဆောင်းကို နှောင်းအဦးဆုံး တွေ့မြင်ချင်လှပါသည်။ မမဆောင်းက အမြန်ပြန်ဖြစ်အောင်ပြန်လာမည်တဲ့။

နှောင်းပတ်တီးမဖြည်ခင် အရောက်ပြန်လာခဲ့ပါ မမဆောင်းရယ်...။

♛♛♛♛♛

နှောင်းတို့လက်ရှိနေနေသောအိမ်ကလေးမှာ ငါးခန်းတွဲတန်းလျား၏ အခန်းတစ်ခန်းဖြစ်ပါသည်။ တစ်ထပ်တည်းရှိသော တန်းလျားရှည်ကြီးဖြစ်သည်။

မျက်စိကွယ်ပြီးနောက်မှ ရောက်လာသည့်အတွက် အတူနေထိုင်သူများကို နှောင်းမမြင်ဖူးပါ။

တန်းလျားတွင်အတူနေသူများက နှောင်း၏အဖြစ်ကို ဂရုဏာသက်ကြသည်။ နှောင်းတို့မိသားစုကို တတ်နိုင်သမျှ စောင့်ရှောက်ခဲ့ကြသည်။

စောင့်ရှောက်သည်ဆိုရာတွင် လူမှုရေးအရ ဖေးမကူညီခြင်း၊ သာရေးနာရေး၊နာမကျန်းကိစ္စများမှာ တိုင်ပင်ဖော်ရခြင်းမျိုးသာဖြစ်ပါသည်။ တန်းလျားနေသူအားလုံးမှာ လက်လုပ်လက်စား အိမ်ငှားများသာဖြစ်သည်မို့ ငွေရေးကြေးရေးနဲ့တော့ မကူညီနိုင်ကြပေ။ မည်သို့ပင်ဆိုစေ မြန်မာလူမျိုးအိမ်နီးချင်းများပီသစွာ ရင်းနှီးနွေးထွေးစွာ ဆက်ဆံနေထိုင်ခဲ့ကြလေ၏။

နောင်းတို့နေထိုင်ခဲ့သည့် ၁၂နှစ်အတွင်း တန်းလျားလေးတွင် အိမ်ထောင်စုအမျိုးမျိုးပြောင်းခဲ့ကြသည်။ ကြီးကြီးမာတို့မိသားစုနှင့် ဦးအောင်မြတ်၊ဒေါ်ခင်မွှေးတို့မိသားစုကတော့ နောင်းတို့မရောက်ခင်ကတည်းက နေထိုင်နေသူများဖြစ်ပြီး ယခုထိ နေထိုင်နေသူများဖြစ်ပါ၏။

လက်ရှိတွင် အခန်းငါးခန်း၌...

အခန်း(၁)တွင် ကြီးကြီးမာနှင့်သူ့ခင်ပွန်းဦးတိုက်မောင်၊ သမီးနှစ်ယောက်ဖြစ်သည့် အေးမာဦးနှင့်ဇင်မာဦးတို့နေကြသည်။ ကြီးကြီးမာက အိမ်ရှေ့ဝရံတာတွင် အိမ်ဆိုင်လေးဖွင့်ထားသည်။ အေးမာဦးနှင့်ဇင်မာဦးက ဆေးလိပ်ခုံတစ်ခုတွင် အလုပ်လုပ်သည်။ အေးမာဦးရော၊ ဇင်မာဦးပါ နောင်းထက် အသက်ကြီးကြပါသည်။

အခန်း(၂)မှာ နောင်းတို့အခန်းဖြစ်သည်။ မမခင်ဆောင်းဦး နိုင်ငံခြားသွားပြီးနောက်ပိုင်း ဒေါ်လေးခင်သက်ရီနှင့်နောင်းတို့ တူဝရီး နှစ်ယောက်နေထိုင်နေပါသည်။

အခန်း(၃)မှ မဆစ်တိုတို့ပြောင်းလာသည်မှာ ငါးနှစ်ပဲရှိသေးသည်။ မဆစ်တိုက ရပ်ကွက်များထဲလည့်၍ ကလေးကစားစရာပူဖောင်းရောင်းသောဈေးသည်ဖြစ်သည်။ မဆစ်တိုအမေဒေါ်တင်တင်မှာ ပြောင်းလာကတည်းက လေဖြတ်နေသူဖြစ်သည်။ အိပ်ရာထဲမှာပဲ ထာဝစဉ်နေရသူဖြစ်၍ ဒေါ်တင်တင့်အသံကို တစ်ခါတစ်ရံမှသာ ကြားရတတ်ပါသည်။ မဆစ်တိုတို့အခန်းဖက်မှထူးခြားမှုမှာ စကားပြောသံများကို အောက်နားဆီမှ ကြားရတတ်ခြင်းပင်ဖြစ်သည်။ နောင်းသည် အသံကိုသာအားပြုရသူဖြစ်ရာ မဆစ်တိုရော သူ့အမေဒေါ်တင်တင်ရော စကားပြောလျှင် စကားသံများက အောက်ဖက်ခပ်နိမ့်နိမ့်ဆီမှ ထွက်ပေါ်လာတတ်ကြောင်း သတိပြုမိ၏။ ဘာအတွက်ကြောင့်လဲတော့ မသိပါ။

အခန်း(၄)တွင်နေသည့် ဦးအောင်မြတ်နှင့်ဒေါ်ခင်မွှေးတို့မှာ နှစ်ယောက်စလုံး ကျောင်းဆရာများဖြစ်သည်။ အောင်အောင်နှင့်နွယ်နီဆိုသော သားသမီးနှစ်ယောက်ရှိသည်။ ကလေးများမှာ နောင်းတို့ရောက်မှမွေးသည့်အတွက် နောင်းထက်ငယ်ရွယ်ကြသည်။ အောင်အောင်က အခုမှ ငါးတန်း၊ အသက်၁၁နှစ်ဖြစ်ကာ၊ နွယ်နီက သုံးတန်း၊ အသက်၉နှစ်ဖြစ်သည်။

အခန်း(၅)မှာနေသူကတော့ ကိုဆက်ခေါ် ငြိမ်းဆက်ဖြစ်ပါသည်။ ကိုဆက်ပြောင်းလာတာ ၂နှစ်လောက်ပဲရှိသေးသည်။ အောင်လံမြို့က လာပြီးအလုပ်လုပ်နေသူဟုသိရသည်။ ကိုဆက်က စားသောက်ဆိုင်တစ်ဆိုင်မှ တီးဝိုင်းတွင် အလုပ်လုပ်သည်။ လီဒ်ဂီတာတီးသူဖြစ်ပါသည်။ လူပျိုဖြစ်ပြီး တစ်ယောက်တည်းပင်နေပါသည်။

လက်ရှိတွင် ငါးခန်းတွဲတန်းလျားလေးရှိ အခန်းငါးခန်း၌ လူ၁၃ယောက်နေထိုင်လျှက်ရှိပါသည်။

တန်းလျားလေးတွင်နေသူအားလုံးက နောင်းအပေါ်တွင် ဂရု ဏာထားကြ၊ စောင့်ရှောက်ကူညီကြပါသည်။

ခုလို နောင်းဆေးရုံတက်နေတော့ အခန်းတိုင်းကရောက်လာကာ သတင်းမေးကြသည်။ နောင်းမှာ ဆေးရုံတက်သည်ဆိုသော်လည်း ရုပ်ပျက်ဆင်းပျက်နာမကျန်းဖြစ်ပြီး ဆေးရုံတက်ရတာမျိုးမဟုတ်။ မျက်ကြည်လွှာအစားထိုးကုသရုံမို့ လူနာဆိုသော်လည်း ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်းပင်ရှိနေသည်။ လူနာလာမေးသူများကလည်း နောင်း မျက်စိပြန်မြင်တော့မယ်ဆိုတာသိရလို့ ပျော်နေကြလေသည်။

လမ်းတကာလည်ဈေးရောင်းရ၍ မအားလပ်သောမဆစ်တိုလိုလူပင် ဆေးရုံကိုလိုက်လာခဲ့သည်။

ကိုဆက်...။ ကိုငြိမ်းဆက်ကတော့ ဘာလို့မလာတာပါလိမ့်။ နောင်းမျက်စိပြန်မြင်ရင်ဝမ်းအသာဆုံးလူဖြစ်မယ်ဆိုတဲ့ ကိုဆက်ရယ်။ နောင်းမျက်စိပြန်မြင်တော့မယ်ဆိုတာ သိမှသိပါရဲ့လား။ ကိုဆက် ဘယ်ရောက်နေပါလိမ့်။

♛♛♛♛♛

နောင်းသည် အသက်ငါးနှစ်အရွယ်ကတည်းကမျက်စိကွယ်ခဲ့၍ စာမသင်ခဲ့ရပါ။ မျက်မမြင်ကျောင်းလိုကျောင်းများကိုလည်း နောင်း တက်ခွင့်မရခဲ့ချေ။

နောင်းအတွက် တေးဂီတနားဆင်ခြင်းသည်သာ တစ်ခုတည်းသောအပန်းဖြေရာဖြစ်ခဲ့သည်။ ဒေါ်လေးရီက တစ်ခါတရံတွင် သူဖတ်ပြီးသောဝတ္ထုများအကြောင်းကိုပြောပြတတ်သည်။ ဒေါ်လေးရီကတော့ စာအတော်ဖတ်သောအမျိုးသမီးတစ်ယောက်ဖြစ်သည်။ အိမ်တွင် ဒေါ်လေးရီ၏စာအုပ်များနှင့်ပြည့်နေသည်။ နောင်းသည် စာအုပ်ဆိုသည့်အရာများကိုကိုင်ကြည့်ရင်း ထိုအရာထဲ၌ ဒေါ်လေးရီပြောပြသောအကြောင်းအရာများပါဝင်နေခြင်းကို အံ့သြနေမိသည်။

တစ်ဖက်ခန်းမှ ကြီးကြီးမာကလည်း တီဗွီကလာသောဇာတ်လမ်းတွဲများအကြောင်းနှင့် သူငှားကြည့်သောဗီဒီယိုဇာတ်ကားများအကြောင်း နောင်းကိုပြောပြတတ်၏။ ကြီးကြီးမာပြောပြသောအရာအားလုံးကိုတော့ နောင်းလည်းနားမလည်ပါ။ ကြီးကြီးမာဆီက မင်းသား မင်းသမီးနာမည်တွေ၊ ကိုးရီးယားဇာတ်လမ်းအကြောင်းတွေကြားရသော်လည်း မမြင်နိုင်သောနောင်းသည် ထိုအရာများကိုစွဲလမ်းမှု မရှိချေ။

ကြီးကြီးမာကတော့ နောင်းအတွက် အရင်းနှီးဆုံးအဖော်ဖြစ်ခဲ့ပါ၏။ ဒေါ်လေးရီထက်ပင် အတူနေထိုင်ချိန်ပိုများသည်ဟုဆိုနိုင်သည်။

နေ့လည်ခင်း ဒေါ်လေးရီရုံးသွားလျှင် နောင်းသည် အိမ်ရှေ့ဝရံတာ၌ထွက်ထိုင်နေတတ်သည်။ မီးလာချိန်ဆိုလျှင် ကက်ဆက်ကလေးကိုဖွင့်ကာ နားထောင်နေတတ်သည်။ ထိုအခါများ၌ တစ်ဖက်ဝရံတာမှာ ဈေးဆိုင်ဖွင့်ထားသောကြီးကြီးမာသည် ဝယ်သူပါးချိန်၌ နောင်းကို စကားတွေအလျင်မပြတ်လှမ်းပြောနေတတ်၏။

ကြီးကြီးမာပြောစကားများကိုအလုံးစုံနားမလည်သော်လည်း နောင်းအတွက် အပျင်းပြေရပါသည်။

တကယ်တော့ မမဆောင်းစက်ာပူကိုအလုပ်သွားလုပ်ပြီးနောက်ပိုင်း နောင်းတို့စီးပွားရေးမှာပြေလည်လာပြီဖြစ်၍ ကိုယ်ပိုင်တိုက်ခန်းလေးတစ်ခုတော့ ဝယ်နိုင်ပေပြီ။ မမဆောင်းက နောင်းကိုကြည့်ရှုစောင့်ရှောက်နိုင်သူတွေရှိသည့်ပတ်ဝန်းကျင်လေးမို့ သည်တန်းလျားလေးမှာပဲ ဆက်နေစေခြင်းဖြစ်သည်။ သီးခြားတိုက်ခန်းနှင့်ဆိုလျှင် နေ့လည်နေ့ခင်း နောင်းကိုစောင့်ရှောက်ပေးမည့်အဖော် လိုအပ်လာမည်။ သူစိမ်းတစ်ယောက်ကို ငှားရမ်းလျှင် စိတ်ချရလျှင်တော်ရဲ့၊ စိတ်မချရဖြစ်မည်ကိုစိုးရိမ်သည်။ တန်းလျားလေးမှာက အခန်းချင်းနီးသည်မို့ ကြီးကြီးမာတို့လိုလူကြီးတွေက နောင်းကိုအချိန်ပြည့်မြင်နေရပြီး အလိုလိုစောင့်ရှောက်ပြီးသားဖြစ်နေသည်မဟုတ်ပါလား။

နောင်း၏ဘဝသည် တစ်နေ့တစ်နေ့ အိမ်ရှေ့ဝရံတာလေးမှာထွက်ထိုင်ရင်း သီချင်းနားထောင်ရင်းဖြင့်သာ အချိန်ကုန်လွန်ခဲ့ပါသည်။

ထိုသို့ ပုံမှန်လည်ပတ်မှုဖြင့် အချိန်ကုန်လွန်လာခဲ့သော နောင်းဘဝလေးထဲသို့ ကိုဆက်ဆိုသူသည် လွန်ခဲ့သော၂နှစ်ကပင် ဝင်ရောက်လာခဲ့ခြင်းဖြစ်ပါသည်။

♛♛♛♛♛

''တူလေးရှိရင် တဆိတ်လောက် ငှားပါဗျာ''

''ရှင်...''

တစ်နေ့ခင်းတွင် နောင်းသည် ဝရံတာကိုထွက်ထိုင်ကာ သီချင်းညည်းနေခဲ့သည်။ နောင်းဖွင့်ထားသောကက်ဆက်ကလေးမှာ ဖွင့်ထားရင်းမီးပျက်သွားသောကြောင့် သီချင်းသံတိတ်သွားခဲ့လေပြီ။

နောင်းက နားထောင်လက်စသီချင်းလေးကို ဆက်ပြီး ညည်းနေမိခြင်းဖြစ်ပါသည်။

ထိုစဉ်...

''တူလေးရှိရင် တဆိတ်လောက်ငှားပါဗျာ''–ဆိုသောအသံကြောင့် နောင်းလန့်သွားမိ၏။

''တူ ခဏငှားချင်လို့ပါ၊ ကျွန်တော်က ဟိုဖက်အစွန်ဆုံးအခန်းကို ဒီနေ့မှပြောင်းလာတာပါ''

''ဟင်...''

''တူရှိရင် ခဏငှားပါညီမလေး''

''တူ၊ တူဆိုတာ ဘာလဲဟင်''

''ဗျာ…''

နှောင်းအမေးကြောင့် သူက အံ့ဩသွားပုံပေါ်သည်။

တစ်ဖက်ခန်းမှ ကြီးကြီးမာအသံပေါ်ထွက်လာကာ နှောင်းတို့ အခက်အခဲကို ဖြေရှင်းပေးလိုက်သည်။

''ဟေ့– သူငယ်၊ မင်းက အခန်းငါးကိုပြောင်းလာတဲ့သူငယ်လား၊ လာ– လာ– တူလိုချင်ရင် ကြီးကြီးမာဆီမှာလာယူ၊ နှောင်းက မျက်စိမမြင်ရှာဘူးကွဲ့၊ မင်းမသိသေးဘူးထင်တယ်''

''ဗျာ…''

လူစိမ်းထံမှ အံ့ဩသောအသံထွက်ပေါ်လာသည်။

''ဩော်… ညီမလေးက မျက်စိမမြင်ဘူးကိုး၊ ဆောရီးကွာ… အစ်ကိုမသိလို့ပါ''

လူစိမ်း၏ နှောင်းအနီးသို့လမ်းလျှောက်လာသံကိုကြားရသည်။ သူ နှောင်းကို သေချာကြည့်နေမှာကို သိနေသည်။ နှောင်းသည် လူစိမ်းကြည့်နေမှာကိုသိကာ မျက်နှာမထားတတ်ဖြစ်နေလေ၏။

''ဟေ့– သူငယ်၊ ရော့–ရော့– တူ''

ကြီးကြီးမာက အိမ်ထဲမှတူကိုဝင်ယူကာ သူ့ကိုပေးလိုက်သည်။

''ကျေးဇူးတင်ပါတယ်အန်တီ၊ ကျွန်တော့်နာမည် ငြိမ်းဆက်ပါ၊ ကျွန်တော်က နယ်ကပါ၊ အောင်လံကလာတာပါအန်တီ''

''ကျောင်းသားလား၊ အလုပ်လုပ်တာလား''

''အလုပ်လာလုပ်တာပါ၊ စားသောက်ဆိုင်တစ်ဆိုင်က တီးဝိုင်းမှာ ဂစ်တာတီးပါတယ်''

''အေး– ကြီးကြီးမာနာမည်က ဒေါ်အမာတဲ့၊ ကြီးကြီးမာလို့ပဲ ခေါ်ကြတယ်၊ မင်းကိုအခန်းငါးခန်းကလူတွေနဲ့ မိတ်ဆက်ပေးထားရဦးမယ်၊ ခုတော့… နေ့ခင်းပိုင်းဆိုတော့ အလုပ်သွားတဲ့လူသွား၊ ကျောင်းသွားတဲ့လူသွားပေါ့ကွယ်၊ နေ့ပိုင်းဆို ကြီးကြီးမာနဲ့ နှောင်းပဲရှိကြတာ''

''ကျွန်တော်ကတော့ ညနေပိုင်းအလုပ်ဆင်းပြီး မိုးကြီးချုပ်မှ ပြန်ရပါတယ်ကြီးကြီးမာ၊ ဒါနဲ့… ဒီညီမလေးနာမည်က နှောင်း နော်''

''ဟုတ်တယ်ကွယ်၊ မျက်စိမမြင်ရှာဘူး''

''မွေးရာပါလား နှောင်း''

နှောင်းနာမည်ခေါ်၍မေးလိုက်သောကြောင့် နှောင်းကိုဦးတည်မေးလိုက်ခြင်းဖြစ်ပုံရသည်။

နှောင်းသည် လူတစ်စိမ်းနှင့်မဆက်ဆံဖူး၍ ပြန်ပြောမထွက်ပဲ ကြောင်နေမိသည်။

''မွေးရာပါမဟုတ်ဘူးကွဲ့၊ အိမ်မီးလောင်လို့ဖြစ်သွားတာ၊ အသက်ငါးနှစ်လောက်တုံးကတဲ့''

''ဖြစ်ရလေဗျာ…''

♛♛♛♛♛

နောက်ပိုင်းတွင် ကိုငြိမ်းဆက်သည် နေ့လည်ပိုင်း နှောင်းဝရံတာတွင်ထွက်ထိုင်နေသည့်အချိန်များ၌ နှောင်းအနီးသို့ရောက်လာတတ်လေသည်။

နှောင်းသီချင်းနားထောင်တတ်သည်ကိုသိကာ နှောင်းအတွက် တိတ်ခွေလေးများယူလာပေးတတ်သည်။

''နှောင်းက သီချင်းကြိုက်သလားဟင်''

''နှောင်းမှာ သီချင်းပဲကြိုက်စရာရှိပါတယ်ကိုဆက်၊ နှောင်းမှာ အကြားအာရုံတစ်ခုပဲ ခံစားစရာရှိတယ်လေ''

''သီချင်းကြိုက်ရင် ကိုယ်တိုင်သီချင်းတီးတတ်အောင်ကြိုးစားပါလားဟင်''

''ရှင်… ကိုယ်တိုင်သီချင်းတီးတတ်အောင်''

''ကိုယ်ဂစ်တာတီးသင်ပေးမယ်လေ၊ ဂစ်တာတီးတတ်တော့ နှောင်း ကိုယ့်ဘာသာကိုယ် ဂစ်တာတီးပြီးသီချင်းဆိုလို့ရတာပေါ့''

''မျက်စိမမြင်တဲ့လူက ဂစ်တာတီးလို့ တတ်ပါ့မလားကိုဆက်ရယ်''

''တူရိယာပစ္စည်းတွေကို အမြင်အာရုံချို့တဲ့သူတွေက ပိုပြီးတောင်တီးခတ်နိုင်ကြပါသေးတယ်၊ တတ်ဖို့လည်း လွယ်ပါတယ် နှောင်း။ မြန်မာ့ဂီတနယ်မှာ မျက်စိအာရုံချွတ်ယွင်းတဲ့ ဂီတပညာရှင်တွေ၊ ဂီတစာဆိုကြီးတွေ အများကြီးပေါ်ထွန်းခဲ့ဖူးပါတယ်''

ကိုဆက်တိုက်တွန်းသောကြောင့် နှောင်း ဂစ်တာအတီးသင်ခဲ့သည်။

ကိုဆက်က သူ့ဂစ်တာလေးကိုယူလာကာ ဂစ်တာကိုင်ပုံ၊ လက်အနေအထားယူပုံများကို သင်ပြပေးခဲ့၏။ နှောင်းသည် ယောကျာ်းသားဆို၍ ဘယ်ယောကျာ်းနှင့်မှ နီးနီးကပ်ကပ်မနေခဲ့ဖူးပါ။ စကားပြောဆို ဆက်ဆံခြင်းပင် မရှိခဲ့ဖူးပါ။

ကိုဆက်နှင့်အနီးကပ်ဆက်ဆံရတော့ နှောင်းရင်တွေခုန်နေသည်။ နှောင်းရင်မှာမခံစားဖူးသောခံစားမှုများဖြင့် လှိုက်ဖိုနွေးထွေး နေခဲ့သည်။

ကိုဆက်က ဂစ်တာတီးသင်ပေးရုံမက နှောင်းကို ဂစ်တာဖြင့် သီချင်းလေးတွေဆိုပြခဲ့လေသည်။

''မင်းရဲ့မျက်လုံးလေးများက x x x ပုလဲနဲ့မဟူရာ ပေါင်းစပ်ထားသလိုနှယ် x x x ကော့ညွတ်သွယ် နှုတ်ခမ်းလေးများက x x x သိပ်လှအောင် ပတ္တမြားသွေးလိမ်းကာချယ် x x x ရတနာလို လှဂုဏ်ကြွယ်သူရေx x x''

ကိုဆက်အသံက လွင်၍သြသော ယောကျာ်းပီသသည့်အသံမျိုးဖြစ်ပေသည်။ ကိုဆက်ဆိုပြသောသီချင်းတိုင်းကိုတော့ နှောင်း နားမလည်ပါချေ။

''ပုလဲနဲ့မဟူရာပေါင်းစပ်ထားသလိုဆိုတာ ဘာကိုပြောတာလဲဟင်… ကိုဆက်''

''မျက်လုံးကိုတင်စားတာပေါ့နှောင်းရဲ့၊ မျက်လုံးရဲ့မျက်ဆံအရောင်ကအနက်၊ အနက်ကိုမဟူရာနဲ့တင်စားပြီး၊ မျက်သားအဖြူ ရောင်ကိုပုလဲနဲ့ခိုင်းနှိုင်းထားတာလေ၊ နှုတ်ခမ်းနီနီလေးကတော့ ပတ္တမြားလေးလိုပဲတဲ့၊ ခင်မောင်တိုးရဲ့ရတနာသူသီချင်း၊ မမိုက်ဘူးလား နှောင်း''

''အနက်ကမဟူရာ၊ အဖြူကပုလဲ၊ ပြီးတော့… ပတ္တမြားဆိုတာ အနီ၊ ဟုတ်လားကိုဆက်၊ နှောင်းမှ အဖြူတို့ အနက်တို့ အနီ တို့ကို မသိပဲကိုဆက်ရယ်…''

ကိုဆက်ထံမှ ဘာသံမှထွက်မလာပဲ ငြိမ်သက်သွားလေသည်။

အတန်ကြာမှ သက်ပြင်းချသံခပ်ပြင်းပြင်းထွက်ပေါ်လာသည်။

''ဆောရီးနှောင်း၊ ကိုယ်မှားသွားတယ်၊ ကိုယ်ဒီသီချင်းကို ဆိုမပြသင့်ဘူး၊ နှောင်းအနေအထားကိုမေ့ပြီး ကိုယ်ကြိုက်တာ ကိုဆိုပြလိုက်မိတယ်နှောင်းရယ်''

''အို… ကိစ္စမရှိပါဘူးကိုဆက်ရဲ့၊ နှောင်းကမျက်မမြင်ပဲ၊ အာလုံးကိုဘယ်နားလည်နိုင်မှာလဲ၊ နှောင်း မသိလို့မေးတာပါ''

''နှောင်းကိုယ်နှောင်း မျက်မမြင်လို့မသုံးပါနဲ့ကွယ်၊ ကိုဆက် စိတ်မကောင်းဘူး၊ နှောင်းတစ်နေ့မျက်စိပြန်မြင်ရမှာပါ၊ ိုဆက် ယုံတယ်''

နှောင်တော့… ကိုဆက်သည် နှောင်းနားလည်ဖို့မလွယ်ကူသော သီချင်းများကိုဆိုမပြတော့ပေ။

ကိုဆက်သင်ပေးသောကြောင့် နှောင်းဂစ်တာကောင်းကောင်း တီးတတ်ခဲ့သည်။

ကိုဆက်က နှောင်းတီးဖို့ဆိုကာ ဂစ်တာလေးကို နှောင်းဆီမှာ ထားရစ်ခဲ့၏။ ကိုဆက်က ညနေလေးနာရီဆိုလျှင် သူ့အလုပ် လုပ်သည့် စားသောက်ဆိုင်ကို အလုပ်ဆင်းရပါသည်။ ညဆိုလျှင် ၁၂နာရီကျော်မှပင်ပြန်လာသံကြားရ၏။ ဆိုင်က ည၁၁နာရီမှ ပိတ်သည်ဟုသိရသည်။

ဂစ်တာတီးပြီးသီချင်းဆိုနေသောနှောင်းကိုအတွေ့တွင် ရုံးမှပြန်လာသောဒေါ်လေးရီ အံ့သြသွားသည်။

''ဂစ်တာဘယ်ကရတာလဲနှောင်း၊ ဘယ်လိုတီးတတ်နေတာလဲ''

''ကိုဆက်ဂစ်တာပါဒေါ်လေးရီ၊ ကိုဆက်သင်ပေးထားတာလေ၊ နှောင်းဂစ်တာတီးတာ နားထောင်လို့ကောင်းရဲ့လားဒေါ်လေးရီ''

''ကိုဆက်က နေ့တိုင်းဒီကိုလာသလား၊ ကိုဆက်နဲ့တော်တော် ရင်းနှီးနေပြီလားနှောင်း''

ဒေါ်လေးရီအသံတွင် စိုးရိမ်ကြောင့်ကျမှုများကို တွေ့လိုက်ရ၏။

ကိုဆက်နှင့်ဒေါ်လေးရီမှာ အလုပ်အသွားနှင့်အပြန်က အချိန်ချင်းမတူသည့်မို့ ဆုံတွေ့ချိန်နည်းပါးပါသည်။ စနေ၊ တနင်္ဂနွေလို ရုံးပိတ်ရက်များသာ ဆုံရတတ်သည်။ မျက်မမြင်တူမအပျိုလေးကို သူစိမ်းယောကျာ်းတစ်ယောက်နှင့် ဆိတ်ကွယ်ရာမှာနှစ်ယောက်တည်း ရှိနေမှာကို ဒေါ်ခင်သက်ရီက စိုးရိမ်မိခြင်းပင်ဖြစ်ပါသည်။

ကြီးကြီးမာနှင့်ထိုအကြောင်းပြောဆိုကြတာကို နှောင်းကြားမိသည်။

''ဝရံတာမှာပဲထိုင်ပြီး သူတို့စကားပြောကြ၊ သီချင်းဆိုကြတာပါရီရီ၊ မမမာတစ်ချိန်လုံးမြင်နေရပါတယ်၊ မမမာလည်း စောင့်ကြည့်နေပါတယ်၊ မောင်ငြိမ်းဆက်က ရိုးသားပါတယ်၊ အဲဒီအတွက်တော့ မစိုးရိမ်နဲ့ရီရီ၊ နှောင်းကို မမမာမျက်ခြေမပြတ်စောင့်ရှောက်ပါတယ်ကွယ်၊ တစ်ချိန်လုံး မမမာမျက်စိအောက်မှာပါ''

''ဟုတ်ကဲ့ပါမမမာ၊ အရီက ရုံးသွားနေရတော့ နှောင်းကိုတစ်ချိန်လုံးမကြည့်နိုင်လို့ပါ၊ မမမာစောင့်ရှောက်လို့လည်း အရီတို့ ဒီအိမ်လေးမှာ နှောင်းကို စိတ်ချလက်ချထားခဲ့နိုင်တာပါ၊ ကျေးဇူးတင်ပါတယ်မမမာ''

စနေ၊တနင်္ဂနွေဆုံသည့်အခါများတွင် ဒေါ်လေးရီက ကိုငြိမ်းဆက်ကိုစောင့်ကြည့်အကဲခတ်ပြီး... ကိုဆက်၏ရိုးသားဖြောင့်မတ်ပုံကို တွေ့သွားမှပင် စိတ်ချလက်ချဖြစ်သွားလေသည်။

တစ်နေ့တော့ကိုဆက်က နှောင်းကို ထူးထူးခြားခြားစကားတစ်ခွန်းပြောလေသည်။

''ကိုယ်ဒီနေ့ ဘာလုပ်လာသလဲ သိလား နှောင်း''

''ရှင်... ကိုဆက်ဘာလုပ်ခဲ့တယ်ဆိုတာ ကိုဆက်မပြောပဲနဲ့ နှောင်း ဘယ်သိမှာလဲကိုဆက်ရယ်''

''ဒါဆိုပြောပြမယ်၊ ဒီနေ့ ကိုယ် ကိုယ့်ရဲ့မျက်ကြည်လွှာကို လှူခဲ့တယ်နှောင်း''

''ရှင်...''

''မျက်ကြည်လွှာလှူတာလေ၊ နှောင်းလို မျက်စိအာရုံစွန့်လွှတ်ထားရတဲ့လူတွေကို စာနာလို့ လှူခဲ့တာပါနှောင်း၊ အထူးသဖြင့်... နှောင်းကိုစာနာမိလို့ ဒီအလှူကို ကိုယ်လုပ်ခဲ့တာပါနှောင်းရယ်''

''ကိုဆက်ရယ်...''

''ကိုယ့်ရဲ့မျက်ကြည်လွှာဟာ ကိုယ်သေရင် အမြင်အာရုံချို့တဲ့သူတစ်ယောက်ယောက်အတွက် အလှူဒါနဖြစ်မှာပေါ့နှောင်း၊ တကယ်တော့... ကိုယ်လေ... ကိုယ့်ရဲ့ဟောဒီမျက်လုံးနှစ်လုံးထဲက တစ်လုံးကို နှောင်းမြင်ရအောင် မသေခင်အခုအချိန်ကတည်းက ဖောက်ထုတ်ပေးချင်တာပါနှောင်းရယ်''

''ကိုဆက်ရယ်... မဖြစ်နိုင်တာ''

''မဖြစ်နိုင်လို့ပေါ့၊ လူမသေပဲ မျက်လုံးကိုဖောက်ထုတ်ပေးတဲ့အလုပ်မျိုးကို တားမြစ်ထားလို့သာပေါ့၊ ပေးလို့များရရင် နှောင်းအတွက် ကိုယ့်မျက်လုံးကိုဖောက်ထုတ်ပေးချင်ပါတယ်ကွယ်''

''ကိုဆက်စေတနာကိုလေးစားပါတယ်၊ နှောင်းမျက်ကြည်လွှာ အစားထိုးကုသဖို့ စာရင်းပေးထားပါတယ်ကိုဆက်၊ မျက်ကြည်လွှာဒါနပြုတဲ့သူတွေလည်း အများကြီးရှိနေပြီတဲ့၊ နှောင်းနဲ့သင့်တော်မယ့်မျက်ကြည်လွှာရရင် မျက်စိကုဆေးရုံက နှောင်းကိုအစားထိုးကုသပေးမယ်တဲ့ ကိုဆက်၊ နှောင်းအတွက် မျှော်လင့်စရာရှိပါသေးတယ်ကိုဆက်''

နှောင်းကို အမြန်မျက်စိပြန်မြင်စေချင်သောကိုဆက်။ နှောင်းမျက်စိကုသခံနေပြီဆိုတာကို သိမှသိပါရဲ့လား။ နှောင်းကိုမျက်ကြည်လွှာအစားထိုးကုသဖို့ ဆေးရုံကမခေါ်မီတစ်ရက်ကပင် ကိုဆက်အိမ်ကိုပြန်မလာခဲ့ပေ။ ဆေးရုံကလာအကြောင်းကြားတာကို ကိုဆက်မသိသေး။ ဒီနေ့ထိပင်အိမ်ပြန်မလာသေးဘူးဆိုတော့ ကိုဆက်ဘယ်များသွားနေပါလိမ့်။

နှစ်နှစ်အတွင်းမှာ ကိုဆက် သူ့ဇာတိမြို့ကို တစ်ကြိမ်ပဲပြန်တာ ကြုံဖူးသေးသည်။ အဲဒီတုန်းကတော့ မြို့ပြန်မယ်ဆိုတာကို နှောင်းကို ပြောသွားခဲ့သည်။ ခုလို ရုတ်တရက်ပျောက်သွားတာကတော့ ဘယ်ကိုသွားနေလို့ပါလိမ့်။

ကိုဆက်ရေ နှောင်းကိုခွဲစိတ်ကုသပြီးပြီ။ နှောင်းမျက်စိပြန်မြင်ဖို့ ရခွာခိုင်နှုန်းသေချာတယ်တဲ့။ ဒါကို ကိုဆက်သိစေချင်လိုက်တာ။ နှောင်းမျက်စိပြန်မြင်ရတဲ့အချိန်မှာ ကိုဆက်ကိုမြင်ချင်လိုက်တာကိုဆက်ရယ်။

မနက်ဖန်ဆိုလျှင်ပဲ နှောင်းမျက်လုံးတွင်စည်းနှောင်ထားသော ပတ်တီးများကိုဖြည်ရပါတော့မည်။

နှောင်းသည် နောက်ဆုံးအဆင့်ကုသမှုကိုတွေးကာ ရင်ခုန်ထိတ်လန့်နေခဲ့သည်။ ဒီလိုအချိန်မျိုးမှာ မမဆောင်းရော၊ ကိုဆက်ရော နှောင်းအနားမှာရှိနေရင် ဘယ်လောက်ကောင်းမလဲရှင်…။

♛♛♛♛♛♛♛♛♛♛

( ၃ )

ယနေ့နေ့လည် ၁၂နာရီအချိန်တွင် နှောင်းကိုပတ်တီးများဖြည်ပေးပါတော့မည်။ ကုသမှု၏နောက်ဆုံးအဆင့်လည်းဖြစ်လေသည်။ နှောင်းကိုခွဲစိတ်ခန်းထဲသို့ခေါ်သွားခဲ့သည်။

''ပတ်တီးဖြည်တော့မယ်သမီး၊ စိတ်ကိုအေးအေးထားပါ''

ဆရာဝန်ကြီးကပြောသည်။

စိတ်အေးအေးထားပါဆိုသော်လည်း ဘဝတစ်ခုလုံးအပြောင်းအလဲဖြစ်တော့မည့်ကာလအပိုင်းအခြားလေးတွင် နှောင်းစိတ်ကိုတည်ငြိမ်အောင်မထားနိုင်ပါ။ လူကဏ္ဍမြွေမပျက်သော်လည်း စိတ်ကလှုပ်ရှားနေ၏။

ဆရာဝန်ကြီးက နှောင်းမျက်စေ့တဝိုက်ကို ပိတ်ကာထားသည့် ဂွမ်းစများကို အသာအယာဖယ်ရှားသည်။

ပတ်တီးစများကွာသွားပါပြီ။

''မျက်လုံးကို ဖြည်းဖြည်းဖွင့်ကြည့်မယ်သမီး၊ ဖြည်းဖြည်းလေး၊ ဖြည်းဖြည်းလေးချင်းဖွင့်မယ်''

နှောင်းက မျက်ခွံကိုဖွင့်ရန်ကြိုးစားသော်လည်း ပွင့်မလာ။ မျက်ခွံကိုပင့်တင်လိုက်ရမှာကို ကြောက်နေမိခြင်းဖြစ်သည်။ ကြောက်စိတ်ဖြင့် မျက်ခွံက တဆတ်ဆတ်တုန်ကာ ပွင့်မလာပဲရှိနေသည်။

''စိတ်ငြိမ်ငြိမ်ထားသမီး၊ ဆရာကြီးကူပြီးဖွင့်ပေးမယ်နော်''

ဆရာဝန်ကြီးက သူ့လက်ဖြင့် နှောင်း၏မျက်ခွံတစ်ဖက်စီကို ပင့်တင်ပေးသည်။

နှောင်းမျက်လုံးများပွင့်သွားပါပြီ။

ဘုရားသခင်… နှောင်း ဘာမှမမြင်ရပါလား။ ခွဲစိတ်ကုသမှု မအောင်မြင်ဘူးလား။

''ဖြည်းဖြည်းလေးအာရုံစိုက်ကြည့်၊ မျက်တောင်ခတ်ကြည့်လိုက် သမီး''

နှောင်းမျက်တောင်ခတ်လိုက်သည်။

နှောင်းအမြင်အာရုံထဲမှာ ဝေဝေဝါးဝါးအရိပ်များထင်ဟပ်လာ၏။

''အရင်မလိုနဲ့၊ ဖြည်းဖြည်းလေးအာရုံစိုက်ကြည့်၊ ကြည့်၊ ရှေ့တည့်တည့်ကိုကြည့်''

နှောင်းမျက်နှာမူထားရာဆီမှာ ပိန်းပိတ်သောအမှောင်ထုကြီး မဟုတ်တော့ပါ။ မတူသောအရောင်နှစ်ခုကို ဝေဝါးစွာမြင်ရသည်။ ဘာရယ်လို့သဲသဲကွဲကွဲမဟုတ်ပဲ ရောယှက်နေသောအရာများ လှုပ်ရှားယိမ်းရွေ့နေသည်ကို မြင်လာရသည်။

''မြင်ရလားသမီး၊ မြင်ရပြီလား''

ဆရာကြီး၏အမေးအဆုံးတွင် မျက်စိရှေ့မှ လုံးဝန်းဝန်းအရာက အနည်းငယ်ရွေ့လျားသွားလေသည်။ အသံသည် ထိုအရာဆီမှ ထွက်ပေါ်လာခြင်းဖြစ်၏။ လူတစ်ယောက်၏ဦးခေါင်းပုံသဏ္ဍာန်ကို နှောင်း မှတ်မိလိုက်သည်။

''အို… ဆရာကြီး၊ အဲဒါဆရာကြီးလားဟင်၊ သမီးရှေ့ကလူက ဆရာကြီးပေါ့နော်''

''သမီးမြင်ရပြီနော်၊ ဒီမှာကြည့်ပါဦးကွဲ့၊ ဆရာကြီးလက်ထောင်ပြထားတယ်၊ ဆရာကြီးလက်ကိုမြင်လား''

ဆရာဝန်ကြီးက သူ့လက်ကို နှောင်းမျက်နှာရှေ့တွင် ထောင်ပြကာမေးလိုက်သည်။ လက်ဝါးဖြန့်၍ထောင်ထားခြင်းဖြစ်သည်။

''မြင်–မြင်ရပါတယ်ဆရာကြီး၊ ဒါ–ဒါပေမယ့်… အင်း… သဲသဲကွဲကွဲကြီးမဟုတ်ဘူးဆရာကြီး''

''ကိစ္စမရှိဘူးသမီး၊ ဒါလောက်မြင်ရတဲ့အဆင့်ဟာ သိပ်အခြေအနေကောင်းလို့ပဲ၊ သမီး ခဏနေရင် အားလုံးကို သဲသဲကွဲကွဲမြင်လာရလိမ့်မယ်၊ ဆရာကြီးလက်ထောင်ပြထားတာ ဘယ်နှချောင်းလဲ၊ သေချာကြည့်ပါဦးကွယ်''

''အားလုံး၊ အားလုံးပါဆရာကြီး''

''ဘယ်လို''

''အားလုံးပဲလေ၊ လက်မ၊ လက်ညှိုး၊ လက်သန်း... အဲ... လက်ချောင်းတွေ... လက်ချောင်းတွေအားလုံးပဲ''

''ဟား ဟား ဟား... လက်ငါးချောင်းလို့ပြောရတယ်သမီးရဲ့ သမီးအခြေအနေသိပ်ကောင်းတယ်ကွယ်၊ တချို့လူတွေ ဒါလောက်မမြန်ဘူး၊ ငါ့သမီးကံကောင်းတယ်ဟေ့''

''တကယ်လား ဆရာကြီးရယ်''

နှောင်းမေးလိုက်စဉ်မှာပင် ဆရာကြီးဦးခေါင်းဆီ၌ မျက်လုံး၊ နှာတံ၊ ပါးစပ်ပေါက်များကို တဖြည်းဖြည်းမြင်လာရလေ၏။

''သမီး၊ သမီး ဝမ်းသာလိုက်တာဆရာကြီး၊ သမီးမြင်ရပြီ၊ တဖြည်းဖြည်းနဲ့ ပိုပိုပြီးမြင်ရပြီ၊ ဆရာကြီးရယ်... သမီး...''

ပြောရင်း နှောင်းအသံများက တုန်ခိုက်ကာ ငိုသံပါလာ၏။

''သိပ်စိတ်မလှုပ်ရှားနဲ့သမီး၊ ငိုလည်းမငိုလိုက်နဲ့၊ အားလုံးပြီးပြီ၊ အောင်မြင်ပြီ၊ သမီးကို ဆရာမက အခန်းလိုက်ပို့လိမ့်မယ်နော်၊ ညနေကျ ဆရာကြီးတစ်ခေါက်ထပ်လာကြည့်မယ်''

လူတစ်ယောက်က နှောင်းကိုဖေးမကာ လက်တွန်းကုလားထိုင်ပေါ်တင်ပေးလိုက်သည်။ နှောင်းမော်ကြည့်လိုက်တော့ မိန်းမ တစ်ယောက်။ ဒါ ဆရာမပဲပေါ့။

''ဆရာမ၊ ဆရာမက ဆရာမပေါ့နော်''

''ဟုတ်ပါသတဲ့ရှင်၊ ခင်နှောင်းထွေးရဲ့အခြေအနေက သိပ်ကိုကောင်းတယ်၊ ဝမ်းသာစရာပဲခင်နှောင်းထွေး''

ဝမ်းသာအားရပြောနေသောသူနာပြုဆရာမကို နှောင်းက ငေးကြည့်နေမိ၏။ ဆရာမသည် မိန်းမဖြစ်သည်။ ဆရာကြီးသည် ယောကျာ်းဖြစ်သည်။ အမြင်အာရုံပိုးတဝါးပြန်ရလိုက်သောနှောင်းက ယောကျာ်းမိန်းမ ခွဲခြားတတ်နေ၍ ကိုယ့်ကိုကိုယ် ကြေနပ်သွားလေသည်။

နှောင်းက ခွဲစိတ်ခန်းပတ်ပတ်လည်ကို မျက်စိဝဲ၍ကြည့်လိုက်လေသည်။

ထိုအချိန်မှစ၍ နှောင်းသည် ''သူမ''ကိုတွေ့မြင်ခဲ့ခြင်းပဲဖြစ်ပါသည်။

''သူမ''သည် ခွဲစိတ်ခန်းအဝင်ဝတွင် မတ်တပ်ရပ်နေသည်။ ''သူမ''က နှောင်းကို ကြည့်နေသည်။ ညှိုးလျော်နွမ်းလျသော အသွင်အပြင်ဖြင့်ကြည့်နေပုံကို နှောင်းတွေ့မြင်ခံစားရသည်။

''သူမ'' ခွဲစိတ်ခန်းထဲကို ဘာလို့ရောက်နေပါလိမ့်။ သူမ၏ အသွင်သဏ္ဍာန်သည် ဆေးခန်းတွင်တာဝန်ရှိသည့်ဝန်ထမ်း တစ်ယောက်နှင့်မတူညီပါပေ။ သူမဝတ်စားထားသောအဝတ်အစားအရောင်မှာ တောက်ပလွန်းပေသည်။ ဘာရောင်ဆိုတာကို နှောင်း မသိပါ။

ဆရာမက လက်တွန်းလှည်းကို အခန်းဝဆီသို့တွန်းလာသည်။ သူမက အခန်းဝတည့်တည့်တွင် ရပ်နေ၏။ ဆရာမက သူမ ကိုမြင်ပုံမရပါ။ သူမရှေ့တည့်တည့်ကိုတွန်းလှည်းဖြင့် တိုးဝင်လိုက်သည်။ နှောင်းထိုင်၍လိုက်ပါလာသောတွန်းလှည်းသည် သူမကိုယ်ထဲကို ဖြတ်ဝင်သွားသည်။

လက်တွန်းလှည်းက သူမခန္ဓာကိုယ်ထဲမှ ကျော်လွန်၍လာခဲ့သည်။

နှောင်းက သူမကို လည်ပြန်လှည့်ကြည့်လိုက်၏။သူမက ညှိုးလျော်နွမ်းလျသောအကြည့်ဖြင့် နှောင်းကိုစိုက်ကြည့်နေမြဲပင်။ သူမဟာ ဘယ်သူပါလိမ့်။

ဆရာမသည် အခန်းတခါးကိုတွန်းဖွင့်ကာ အခန်းအပြင်သို့ ထွက်လိုက်လေသည်။

♛♛♛♛♛

''နှောင်း... တူမလေး''

အခန်းအပြင်ရောက်သည်နှင့် ဒေါ်လေးရီအသံကြားလိုက်ရလေသည်။ နှောင်းက အသံထွက်လာရာဆီသို့လှည့်ကြည့်လိုက်၏။

နှောင်းကို စိုးရိမ်ကြောင့်ကျသောမျက်လုံးများဖြင့်ကြည့်နေသည့် မိန်းမတစ်ယောက်။

''ဒေါ်လေးရီ၊ ဒေါ်လေးရီ''

''အမလေး၊ နှောင်းရယ်...''

ဒေါ်လေးရီက နှောင်းကိုပြေးဖက်လိုက်သည်။

''ဒေါ်လေးရီ၊ ဒေါ်လေးရီက သိပ်ချောတာပဲနော်၊ နှောင်း– နှောင်း ဒေါ်လေးရီကို မြင်မြင်ချင်း ဒေါ်လေးရီမှန်းသိတယ်''

''နှောင်းရယ်၊ တူမလေးရယ်၊ ဒေါ်လေးဝမ်းသာလိုက်တာကွယ်''

ဒေါ်လေးရီမျက်ရည်များက နှောင်းအပေါ် ပိုးပိုးပေါက်ပေါက်ကျလာသည်။

''ရှင့်တူမခွဲစိတ်မှုအောင်မြင်ပါတယ်၊ ကျွန်မတို့ အခန်းထဲကို သွားကြစို့''

ဆရာမက တွန်းလှည်းကိုတွန်းလိုက်သည့်အချိန်မှာပင် နှောင်းဘေးနားတွင်လာရပ်သော''သူမ''ကို ဖြတ်ကနဲမြင်တွေ့လိုက်ရလေသည်။

''သူမ''သည် နှောင်းတို့နှင့်အတူ လိုက်ပါလာခဲ့လေသည်။ သူမ ဘယ်သူပါလိမ့်။

♛♛♛♛♛♛♛♛♛♛

( ၄ )

အခန်းထဲရောက်တော့ သူနာပြုဆရာမက နှောင်းသောက်ရမည့်ဆေးများကို ဒေါ်လေးရီအားညွှန်ကြားပေးခဲ့ကာ ပြန်ထွက်သွားသည်။

ဒေါ်လေးရီက နှောင်းမျက်စိမြင်ရပုံကို အမျိုးမျိုးစစ်ဆေးကြည့်နေသည်။

''ဒါ…ဘာခေါ်လဲ သိလား နှောင်း''

ဒေါ်လေးရီက စားပွဲပေါ်မှပစ္စည်းတစ်ခုကိုပြ၍မေးသည်။

နှောင်းမသိပါ။

''နှောင်းကိုင်ကြည့်မှသိမယ်ဒေါ်လေး''

နှောင်းက မျက်စိကိုမှိတ်ကာ ထိုအရာကိုကိုင်ကြည့်ရင်းပုံဖော်ကြည့်လိုက်သည်။

''အို… ဒါရေပူးပဲ၊ ဟုတ်တယ်နော်ဒေါ်လေးရီ''

ဒေါ်လေးရီက ရယ်မောနေသည်။

''ဟုတ်ပါတယ်နှောင်းရယ်''

နှောင်းသည်အမြင်ဓာတ်ပြန်ရသော်လည်း ပစ္စည်းပစ္စယများကိုမြင်ရုံနှင့် ဘာဆိုတာ မသိနိုင်သေးပါ။ တစ်သက်လုံး လက်ဖြင့်စမ်းသပ်ပြီးမှသုံးစွဲလာခြင်းဖြစ်ရာ လက်ဖြင့်စမ်းသပ်ပုံဖော်ပြီးမှ ပြောဆိုနိုင်ခြင်းဖြစ်သည်။

တချို့ပစ္စည်းများကိုတော့ နှောင်းက ခန့်မှန်းခြေဖြင့်ပြောနိုင်လေသည်။ မျက်နှာကျက်တွင်လည်ပတ်နေသောဒလက်ကြီးကို ခုမှမြင်ဖူးသော်လည်း ထိုအရာဆီမှ အေးသောလေများရနေသောကြောင့် ပန်ကာဆိုတာကိုသိလိုက်သည်မျိုး။

စားပွဲပေါ်တင်ထားသော ဗူးကဲ့သို့အရာလေးကိုတော့ နှောင်း မသိပါ။ ဒေါ်လေးရီကိုမေးကြည့်မှ နာရီဆိုတာ သိလိုက်ရ၏။

ဒေါ်လေးရီက နှောင်းကို အခန်းထဲတွင်ရှိသည့်ပစ္စည်းများကိုပြ၍ သင်ပြပေးနေသည်။ စားပွဲ၊ ကုလားထိုင်၊ ကုတင်၊ ခေါင်းအုံး၊ ရေခဲဗူး၊ ဓာတ်ဗူး… စသည်များ။

နှောင်းသည် မျက်စိပြန်မြင်ရပြီဆိုသော်လည်း အရာဝတ္ထုများသည် ကြည့်နေရင်းမှ ဝေဝါးသွားခြင်းမျိုး၊ ရွဲ့စောင်းသွားခြင်းမျိုး၊ ပျောက်ကွယ်သွားခြင်းမျိုးတော့ ရှိသေးသည်။ အမြင်အာရုံတည်ငြိမ်မှုမရသေးပါ။

ထို့ကြောင့်… နှောင်းသည် ''သူမ''ကိုလည်း တကယ်ရှိသည့် ''အစစ်အမှန်''အရာတစ်ခုဟုထင်ခဲ့မိလေသည်။ နှောင်းမျက်စိထဲတွင် ပျောက်သွားလိုက်၊ ပေါ်လာလိုက်၊ ဝေဝါးသွားလိုက်၊ ယိမ်းယိုင်သွားလိုက်နှင့်မြင်နေရသောသူမကို… အရာဝတ္ထုများကိုမြင်ရသည့်နည်းတူ မြင်နေသည်ဟုထင်ခဲ့မိသည်။

နှောင်းနှင့်ဒေါ်လေးရီ စကားပြောနေစဉ်မှာပင် သူမပုံရိပ်က နှောင်းရှေ့ခပ်လှမ်းလှမ်းမှာ ဖြတ်ကနဲပေါ်လာပြန်သည်။ သူမသည် နှောင်းကိုညှိုးငယ်သောအသွင်ဖြင့် စိုက်ကြည့်နေပြန်သည်။

''နှောင်းရေ… နှောင်းမျက်လုံးတွေတော့ ကောင်းကောင်းပြန်မြင်တော့မယ်ဆိုတာ စိတ်ချရပြီ၊ ဒေါ်လေး… ဆောင်းဆီကိုဖုန်းဆက်ပြောလိုက်ဦးမယ်နော်၊ အိပ်ရာပေါ်လှဲပြီး နားနေလိုက်ဦး''

ဒေါ်လေးရီက စက်ာပူရှိ ခင်ဆောင်းဦးထံဖုန်းဆက်ရန်အတွက် အခန်းထဲမှထွက်သွားလေသည်။

အခန်းထဲ၌ နှောင်းနှင့်သူမ နှစ်ယောက်တည်းကျန်ခဲ့သည်။

သူမက ကုတင်ခြေရင်းတွင်ရပ်ရင်း နှောင်းကိုကြည့်နေသည်။ ဝမ်းနည်းပူဆွေးသောအကြည့်ဖြင့်ကြည့်နေသည်။ နှောင်းကို တစ်ခုခုပြောချင်သည့်အကြည့်မျိုးလို့ နှောင်းထင်သည်။ သို့သော်... သူမသည် နှောင်းအနီးသို့တိုးမလာခဲ့ပါ။

နှောင်းအမြင်၌ သူမသွင်ပြင်သည် အမျိုးမျိုးပြောင်းလဲနေခဲ့သည်။ သူမအသွင်က ဝေဝါးသည့်အခါ ဝေဝါးသွားသည်။ ယိမ်းယိုင်သည့်အခါ ယိမ်းယိုင်သွားသည်။ နှောင်းမျက်စိထဲမှ ပျောက်ကွယ်သွားသည့်အခါမျိုးလည်းရှိသည်။ သူမတစ်ကိုယ်လုံးကိုဖောက်ထွင်း၍ နောက်ဖက်ဆီမှအရာဝတ္ထုများကိုမြင်နေရသည်မျိုးလည်းရှိသည်။

''သူမ'' ဘယ်သူပါလိမ့်။

သူမကိုကြည့်နေရင်း နှောင်း တရေးရေးဖြင့်အိပ်ချင်လာခဲ့သည်။ သောက်ဆေးများကြောင့်ပင်ဖြစ်မည်ထင်သည်။ နှောင်းသည် တဖြည်းဖြည်းဖြင့် အိပ်ပျော်သွားလေ၏။

အိပ်မပျော်ခင်အချိန်အထိ ကုတင်ခြေရင်းတွင်ရပ်ကြည့်နေသောသူမကို မြင်နေရဆဲ။

♛♛♛♛♛

''နှောင်း နိုးပြီလား၊ ညနေစောင်းနေပြီနှောင်း၊ ခဏနေရင် ဆရာဝန်ကြီးလာကြည့်လိမ့်မယ်''

အိပ်ပျော်ရာမှ နိုးလာသောနှောင်းကို ဒေါ်လေးရီက ဖေးမရင်း ဆွဲထူလိုက်သည်။

''ဆောင်းနဲ့ ဖုန်းပြောလို့ရတယ်နှောင်း၊ သူ့သူဌေးက သူ့ကို ခွင့်တစ်ပတ်ပေးတယ်တဲ့၊ တစ်ရက်နှစ်ရက်နေရင် ဆောင်း ရောက်လာလိမ့်မယ်''

''ခွင့်က တစ်ပတ်ဆိုတော့ ၇–ရက်ပေါ့နော်၊ အသွားအပြန်ရက်နဲ့ဆိုတော့ မမဆောင်း သုံးလေးရက်ပဲနေနိုင်မှာပေါ့''

''ဟုတ်တယ်၊ အလုပ်တွေများနေလို့တဲ့၊ ဒါတောင် လူမှုရေးမို့လို့ ဆောင်းကို အထူးအခွင့်အရေးပေးတာတဲ့၊ ကဲ– ကဲ– နှောင်းကို ဒေါ်လေးရီမျက်နှာသစ်ပေးမယ်နော်''

''နှောင်းဘာသာသစ်ကြည့်ပါရစေဒေါ်လေးရီ၊ နှောင်းမြင်နေရပြီပဲ၊ ဒေါ်လေးရီ နှောင်းနဲ့လိုက်ခဲ့လေ''

မျက်နှာသစ်ကြွေဇလုံရှိရာသို့ထွက်ခဲ့သည်။

ကြွေဇလုံအထက်မှာကပ်ထားသောမှန်ထဲတွင် နှောင်းပုံရိပ်ကပေါ်လာသည်။ မှန်ထဲတွင်ပေါ်လာသောမိန်းကလေးပုံရိပ်ကိုမြင်လိုက်၍ နှောင်းရုတ်တရက်ကြောင်သွား၏။ ထိုမိန်းကလေးနောက်မှ ဒေါ်လေးရီ ပုံရိပ်ကိုလည်း မြင်လိုက်ရလေသည်။

''နှောင်း... ဒါ မှန်လေ၊ မှန်ထဲမှာပေါ်နေတာ နှောင်းပုံပေါ့''

''အို... အဲဒါနှောင်းလား၊ အို... နှောင်းအတွက်တော့ တစိမ်းတစ်ယောက်လိုပဲဒေါ်လေးရီရယ်၊ ဒေါ်လေးရီပါ ဘေးမှာရှိနေလို့သာ နှောင်း ယုံလိုက်ရတာ''

''နှောင်းမျက်စိမြင်တုံးက တကယ့်ကလေးလေးရှိသေးတာလေ၊ ဟိုတုံးကပုံနဲ့တော့ နှိုင်းယှဉ်လို့ ဘယ်ရတော့မလဲကွယ်၊ ခုဆို နှောင်းက အသက်၁၇နှစ်၊ အပျိုကြီးလုံးလုံးဖြစ်နေပြီ၊ အရမ်းလည်းလှနေပြီ၊ ကြည့်ပါလားမှန်ထဲမှာ၊ နှောင်းဟာ သိပ်လှတဲ့မိန်းကလေး တစ်ယောက်ကွဲ့''

''အဲဒါ... လှတာလားဒေါ်လေးရီ၊ လှတာတွေ မလှတာတွေ နှောင်း မခွဲတတ်သေးပါဘူးလေ''

နှောင်းက မျက်နှာသစ်ရန်အတွက် ဘေစင်မှ ရေထွက်မောင်းတံလေးကို လှည့်လိုက်သည်။ ရေတွေထွက်ကျလာသည်ကိုကြည့်ပြီး နှောင်းသဘောကျသွားသည်။

နှောင်းက ကိုယ့်ဘာသာပင် မျက်နှာသစ်လိုက်၏။

မျက်နှာသစ်ပြီး ခေါင်းကိုမော်လိုက်သည်နှင့် မှန်ထဲတွင် မိမိပုံရိပ်နောက်ဖက်၌ ''သူမ''ကိုမြင်တွေ့လိုက်ရလေသည်။

နှောင်းက ရုတ်တရက် နောက်ကိုလှည့်ကြည့်လိုက်၏။

သူမက ထုံစံအတိုင်း နွမ်းလျညှိုးလျော်သောအသွင်ဖြင့် နှောင်းကိုစိုက်ကြည့်နေလေသည်။

''ဘာဖြစ်လို့လဲနှောင်း''

''သူ… သူဘယ်သူလဲဟင်၊ ဒေါ်လေးရီ သူ့ကိုသိသလား''

''ဘာ– ဘာပြောတယ်၊ ဘယ်သူ့ကိုပြောတာလဲနှောင်း၊ ဒီနားမှာ ဘယ်သူမှမရှိပဲနဲ့''

''သူ– သူလေ၊ နှောင်းခွဲခန်းထဲကထွက်လာကတည်းက နှောင်းတို့နောက်ကိုလိုက်လာတာ''

''နှောင်း–''

ဒေါ်လေးရီထံမှအသံက အထိတ်တလန့်ထွက်လာသည်။

''ဒီတစ်ခန်းလုံးမှာ ဒေါ်လေးရီနဲ့နှောင်း နှစ်ယောက်တည်းပဲရှိတယ်နှောင်း၊ လူပိုမရှိဘူး၊ နှောင်းမျက်စိထဲမှာ ဘာကိုမြင်နေရလို့လဲ''

''မိန်းမ– အဲ… မိန်းကလေးတစ်ယောက် ဒေါ်လေးရီ၊ သူ–သူ… နှောင်းအနားမှာ အမြဲပဲရှိနေတယ်၊ ဒေါ်လေးရီ မမြင်ရဘူးလား ဟင်''

''ဘုရား… ဘုရား…''

ဒေါ်လေးရီက ရင်ပတ်ကိုဖိရင်း ဘုရားတလိုက်သည်။

''အမြင်အာရုံတွေမတည်ငြိမ်သေးလို့ မြင်မိမြင်ရာမြင်တာမျိုးများလားမသိ၊ ဒေါ်လေးရီတော့ နှောင်းပြောတဲ့မိန်းကလေးကို မမြင်ဘူး၊ ဘယ်သူမှလည်း မရှိဘူးနှောင်း၊ ဆရာကြီးလာမှ ပြောပြသေးတာပေါ့''

ဒေါ်လေးရီမမြင်ရသော်လည်း နှောင်းကမူ မြင်နေရဆဲဖြစ်လေသည်။ သူမသည် နှောင်းကိုစိုက်ကြည့်နေသည်။ သူမ တစ်ခုခု ပြောချင်သည့်ဟန်မျိုးလို့ နှောင်းထင်သည်။

''မျက်နှာကို ပဝါနဲ့သုတ်လိုက်ဦးနှောင်း၊ ခဏနေ ဆရာဝန်ကြီးရောက်လာတော့မယ်''

♛♛♛♛♛

ဆရာဝန်ကြီးက နှောင်းကိုစစ်ဆေးကာ အခြေအနေကောင်းမွန်ကြောင်းပြောသည်။ သောက်လက်စဆေးများကို ဆက်သောက်ဖို့ ညွှန်ကြားသည်။

''ဆရာကြီး၊ နှောင်းကိုမျက်ကြည်လွှာလှူတဲ့လူဟာ ဘယ်သူလဲ သိနိုင်ပါသလားရှင်''

ဒေါ်လေးရီက မေးလိုက်သည်။

''ဘာကြောင့်သိချင်ရတာလဲ၊ သိခွင့်မရှိပါဘူး၊ ဆရာလည်း မသိရပါဘူး၊ မိန်းကလေးနဲ့သင့်တော်တဲ့မျက်ကြည်လွှာရလို့ အစားထိုးပေးလိုက်တာပဲရှိတယ်၊ အလှူရှင်ဘယ်သူဆိုတာ ဆရာလည်း မသိပါဘူး''

''ကျွန်မတို့ အလှူရှင်ကိုရည်စူးပြီး ကောင်းမှုကုသိုလ်လုပ်ချင်လို့ပါ''

''မျက်ကြည်လွှာလှူဒါန်းတဲ့အလှူဟာ သိပ်မွန်မြတ်တဲ့အလှူဒါနတစ်ခုပါ၊ အလှူရှင်ဟာ သူကိုးကွယ်ရာ ဘာသာအလျောက် ကောင်းမွန်ရာဘုံဌာနကို ရောက်သွားလောက်ပါပြီ၊ ခင်ဗျားတို့အမျှအတန်းဝေချင်ရင်လည်း စိတ်ထဲကရည်ရွယ်ပြီးတော့သာ အမျှဝေပေတော့''

နှောင်းနှင့်ဒေါ်လေးရီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

''အလှူရှင်က ယောကျာ်းလား မိန်းမလား၊ အဲဒီလောက်မှ သိခွင့်မရဘူးလားဆရာကြီး''

''ဘာများထူးခြားမှုရှိလို့လဲ၊ ဆရာ့ကို ပွင့်ပွင့်လင်းလင်းပြောပါ''

''ဟို… ဟို… ကျွန်မတူမလေးက မိန်းကလေးတစ်ယောက်ကို သူ့မျက်စိထဲမှာမြင်နေရတယ်တဲ့၊ အဲဒါ''

ဆရာဝန်ကြီး၏အကြည့်က နှောင်းအပေါ်သို့ ကျရောက်လာသည်။ ဆရာကြီး၏ စူးရှသောအကြည့်ဒဏ်ကြောင့် နှောင်းက မျက်လွှာချလိုက်သည်။

''ဟုတ်သလားသမီး''

''ဟုတ်– ဟုတ်ပါတယ်''

''ဘယ်လိုမြင်နေရတာလဲ''

''သူ… သူ… နှောင်းအနားမှာရှိနေတယ်၊ နှောင်းကိုကြည့်နေတတ်တယ်ဆရာကြီး''

''အခုရှိနေသေးလား''

နှောင်းက အခန်းဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

သူမကို မတွေ့မြင်ရတော့ချေ။

''အခုတော့ မမြင်ရပြန်ဘူးဆရာကြီး''

''ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုကို တစ်ယောက်ကတစ်ယောက်ပြောင်းပြီးတပ်ဆင်တဲ့နေရာမှာ မူလပိုင်ရှင်ရဲ့ အရှိန်အဝါ ရိုက်ခတ်မှုကို တစ်နည်းမဟုတ်တစ်နည်းခံစားရတတ်ပါတယ်၊ သမီးမြင်နေရတဲ့ရုပ်ပုံလွှာဟာ ကွယ်လွန်သူမျက်ကြည်လွှာပိုင်ရှင် စွဲလမ်းခဲ့တဲ့ လူတစ်ယောက်ယောက်ဖြစ်ချင်ဖြစ်နေမှာပေါ့၊ ဘာမှစိုးရိမ်စရာ ကြောက်လန့်စရာမရှိပါဘူး၊ အစွဲအလမ်းမထားပါနဲ့''

ဆရာဝန်ကြီးက နှစ်သိမ့်မှုပေးရင်း နှောင်းကိုအကဲခတ်ကြည့်သည်။ ဇဝေဇဝါဖြစ်နေသော နှောင်းမျက်နှာပေးကိုကြည့်ကာ နှောင်းစိတ်ရှုပ်ထွေးနေဆဲဖြစ်ကြောင်း ရိပ်မိသွားဟန်တူပေသည်။

''မျက်ကြည်လွှာဟာ သမီးမျက်လုံးအိမ်ထဲမှာတပ်ဆင်ပြီးပေမယ့် ၂၄နာရီတောင်မကြာသေးဘူးလေ၊ နဂိုပိုင်ရှင်ရဲ့မျက်လုံးအိမ်နဲ့ နှစ်ပေါင်းများစွာတွဲပြီးနေခဲ့တာမဟုတ်လား၊ အံဝင်ဂွင်ကျမဖြစ်သေးလို့ပါ၊ အချိန်ကြာလာတာနဲ့အမျှ မျက်ကြည်လွှာပိုင်ရှင်အစစ်ဟာ သမီး ဖြစ်သွားလိမ့်မယ်၊ အဲဒီအချိန်ကျ သမီးထင်ယောင်ထင်မှားမြင်တွေ့နေတာတွေပျောက်သွားပါလိမ့်မယ်''

''ဟုတ်–ဟုတ်ကဲ့ပါဆရာကြီး''

''သမီးရဲ့အခြေအနေဟာ သိပ်ကောင်းတယ်၊ တခြားလူနာတွေဆိုရင် ကြည်ကြည်လင်လင်မြင်ရဖို့ သုံးလေးရက်စောင့်ရတယ်၊ မနက်ဖြန် သမီးကိုဆေးရုံကဆင်းခွင့်ပေးမယ်''

ဆရာဝန်ကြီးပြန်ထွက်သွားသည်။

''ကြားလားနှောင်း၊ ဆရာကြီးက စိုးရိမ်စရာမလိုဘူးလို့ပြောသွားတယ်၊ ဒါမျိုးက ဖြစ်တတ်တယ်ထင်ပါရဲ့အေ၊ ပျော်ပျော်နေပါ နှောင်းရယ်၊ ခုဆို နှောင်းဟာ ဘဝအသစ်တစ်ခုကိုရလိုက်ပြီလေ''

''ဟုတ်ကဲ့ပါဒေါ်လေး၊ နှောင်းပျော်ပါတယ်''

''အခု ဟိုမိန်းကလေးကိုမမြင်ရတော့ဘူးမဟုတ်လား''

''မမြင်ရတော့ပါဘူးဒေါ်လေး''

''အမြင်အာရုံတွေထွေးပြားနေလို့ပါကွယ်၊ မမြင်ရတော့ဘူးဆိုတော့လည်း ပြီးသွားတာပဲ၊ တော်ပါသေးရဲ့အေ''

ဒေါ်လေးစကားအဆုံးမှာပင် သူမသည် ဖြတ်ကနဲပေါ်လာလေ၏။ ဒေါ်လေးရှိနောက်ကျောဖက်မှပေါ်လာပြီး ဒေါ်လေးရှိပခုံးကို ကျော်ကာ နှောင်းကိုကြည့်နေပေသည်။

နှောင်းသည် ဒေါ်လေးရှိစိုးရိမ်ထိတ်လန့်သွားမှာစိုး၍ မပြောတော့ပေ။ ဒေါ်လေးရှိမရိပ်မိအောင် သူမကို မသိမသာအကဲခတ် ကြည့်နေမိသည်။ သူမက နှောင်းကိုညှိုးငယ်စွာစိုက်ကြည့်နေလေ၏။ သူမ နှောင်းကိုတစ်ခုခုပြောချင်နေပုံရသည်။

သူမဘယ်သူလဲ။ သူမဘာပြောချင်နေတာလဲ။

♛♛♛♛♛♛♛♛♛

( ၅ )

နောက်တစ်နေ့မနက်ကိုးနာရီတွင် နောင်းကိုဆေးရုံမှဆင်းခွင့်ပြုလိုက်သည်။ နောက်သုံးရက်နေလျှင် တစ်ကြိမ်လာပြရန် ရက်ချိန်းပေးလိုက်၏။

ဖွန်လ၃ရက်နေ့တွင် ဆေးရုံမှအကြောင်းကြားခဲ့သောကြောင့် ထိုနေ့မှာပင် လာရောက်ကုသခံခဲ့သည်။ ဖွန်လ၄ရက်နေ့တွင် ပတ်တီးဖြည်ပြီး ဖွန်လ၅ရက်နေ့တွင် ဆေးရုံမှဆင်းခွင့်ရခဲ့ခြင်းဖြစ်သည်။

၁၂နှစ်ကြာအမှောင်ထုထဲတွင်နေခဲ့ရသောနောင်းသည် ကြိုတင်မျှော်လင့်မထားပါပဲ အလင်းဓာတ်ကို သုံးရက်အတွင်းရခဲ့ခြင်းဖြစ်ပါသည်။

နောင်းအတွက် ကမ္ဘာသစ်တစ်ခုကိုရောက်ရှိရသလိုပါပဲ။

နောင်းအဖို့ မြင်ရသမျှအရာအားလုံးမှာ အသစ်တွေပင်ဖြစ်နေသည်။ အသက်ငါးနှစ်အထိမျက်စိမြင်ခဲ့ဖူးသော်လည်း ငယ်လွန်းသေး၍ ငယ်ဘဝအမြင်များကို နောင်းမမှတ်မိတော့ပါ။ နောင်းအတွက် အရာရာသည်အသစ်ဖြစ်နေသည်။ ကမ္ဘာလောကအသစ်တစ်ခုကို ရောက်ရှိသွားသည့်နှယ်ခံစားရသည်။

ဒေါ်လေးရီက တက်စီတစ်စီးငှားလိုက်သည်။ နောင်းတို့တူဝရီးနှစ်ယောက် အငှားကားဖြင့်အိမ်ကိုပြန်လာခဲ့ကြ၏။

နောင်းသည် ပတ်ဝန်းကျင်တွင်မြင်တွေ့ရသမျှအရာအားလုံးကိုငေးမော၍လာခဲ့သည်။ လမ်းဘေးဝဲယာတလျှောက်တွင် ကြည့်စရာတွေမနည်းလှပါလား။ လူတွေကလည်း ဒီကမ္ဘာပေါ်မှာများလှချေကလား။

နောင်းအဖို့ မြင်ရတွေ့ရသမျှအရာအားလုံးမှာ ဆန်းနေသည်။

နောင်းသည် ရုတ်တရက် သူမကိုသတိရလိုက်ကာ ကားထဲတွင် ရှာကြည့်လိုက်မိသည်။ ကားထဲမှာ ဒရိုင်ဘာရယ်၊ နောင်းတို့တူဝရီးနှစ်ယောက်ရယ်၊ သုံးယောက်ထဲရှိပါသည်။ သူမ ကျန်နေရစ်ခဲ့ပြီလား။ သူမသည် ကားထဲတွင်ပါမလာသည်ကတော့အမှန်ပင်။

''နောင်း… အိမ်ကိုရောက်တော့မယ်''

ဒေါ်လေးရီက သတိပေးလိုက်သည်။ နောင်း ရှေ့ကိုမျှော်ကြည့်လိုက်၏။

''ရှေ့ကအိမ်တန်းလျားလေးဟာ ဒေါ်လေးတို့အိမ်ပဲနောင်း''

အိမ်ရှေ့ရောက်သည်နှင့် ကားရပ်လိုက်လေသည်။

♛♛♛♛♛

ကားပေါ်ကဆင်းသည်နှင့် ကိုယ့်အိမ်ကိုယ်ပြန်ရောက်ပြီဆိုသည့် ခံစားချက်ကို နောင်းခံစားသိရှိလိုက်ရသည်။

မြင်ကွင်းများမှာအသစ်အဆန်းဖြစ်နေသော်လည်း အနံ့အသက်များက နောင်းတစ်သက်လုံးနေလာသောပတ်ဝန်းကျင်ဖြစ်ကြောင်း ဖော်ပြနေလေသည်။

နောင်းက မျက်လုံးကိုပိတ်ကာ အကြားအာရုံနှင့်အနံ့အာရုံများကိုခံစားကြည့်လိုက်သည်။ အိမ်ရှေ့ကသစ်ပင်ကြီးဆီမှ လေအတိုက်တွင် တရှဲရှဲအော်မြည်သွားသောသစ်ရွက်လှုပ်သံများကို ကြားရလေသည်။ ပြီးတော့… သနပ်ခါးပန်းပင်မှ ပန်းအနံ့။ အနံ့အသက်များက နောင်းကို ကိုယ့်အိမ်ကိုယ့်ယာပြန်ရောက်ပြီဖြစ်ကြောင်း ပြောကြားလိုက်လေသည်။

သို့သော်… အသံများကမူ ထူးထူးခြားခြားတိတ်ဆိတ်နေပေ၏။

သည်နေ့ဟာ တနင်္ဂနွေနေ့ဆို။ တနင်္ဂနွေနေ့များသည် အားလပ်ရက်ဖြစ်သောကြောင့် တန်းလျားလေးပတ်ဝန်းကျင်သည် ဆူညံနေတတ်၏။ အထူးသဖြင့် ဦးအောင်မြတ်၊ ဒေါ်ခင်မွေးတို့အိမ်ခန်းဆီက ကက်ဆက်သံ(သို့မဟုတ်)တီဗွီ၊ဗွီဒီယိုဖွင့်သံ။ အောင်အောင်နှင့်နွယ်နီတို့ ဆော့ကစားရင်းငြင်းခုန်သံ။ ဒေါ်ခင်မွေး၏ကလေးနှစ်ယောက်ကို အော်ဟစ်သံများ။ ပြီးတော့… ကပ်ရက်အခန်းက ကြီးကြီးမာ၏ အလျင်မပြတ်စကားပြောသံ။ စကားမပြောသည့်အခါများ၌ ဘုရားစာတစ်ခုမဟုတ်တစ်ခုကို အသံထွက်ရွတ်ဆိုနေသံ။ ညာဖက်ခန်းမှ မဆစ်တိုအမေ လေဖြတ်နေသောအဘွားကြီး၏ချောင်းတဟွတ်ဟွတ်ဆိုးသံ။ အားလုံးအားလုံးသောအသံများက တိတ်ဆိတ်လို့နေပေသည်။

နောင်းက တန်းလျားလေးဆီမျှော်ကြည့်လိုက်သည်။

ဘေးအစွန်ဆုံးအခန်းဝရံတာတွင် စားပွဲတစ်လုံးပေါ်၌ စားစရာမုန့်ထုတ်များခင်းကျင်းထားသည်။ နံရံတလျှောက်တွင်လည်း နှောင်းမသိသည့် ရောင်စုံအထုတ်များချိတ်ဆွဲထားသည်။ ဒါဟာ ကြီးကြီးမာရဲ့ အိမ်ဆိုင်လေးပဲပေါ့။ ဆိုင်ကိုဖွင့်ထားသော်လည်း ဆိုင်ထဲတွင် လူတစ်ယောက်မျှမမြင်ရချေ။

''ဒါ ကြီးကြီးမာရဲ့ဆိုင်ပေါ့နော်ဒေါ်လေး''

''ဟုတ်တယ်နှောင်း''

''ဒါဆို ဟိုဖက်ခန်းက နှောင်းတို့အခန်းပေါ့၊ အို... ဝရံတာမှာ ချထားတဲ့ကုလားထိုင်လေးက နှောင်းထိုင်နေကျကုလားထိုင်လေးပေါ့နော်''

''သိပ်ဟုတ်တာပေါ့နှောင်းရယ်''

နှောင်းက အိမ်တန်းလျားလေးဆီပြေးသွားလိုက်သည်။ ဒုတိယအခန်းဝရံတာထဲသို့လှမ်းဝင်လိုက်သည်။ ထိတွေ့နေကျအငွေ့အသက်များကို ထိတွေ့ခံစားလိုက်ရ၏။

''အခန်းတခါးကိုဖွင့်လိုက်လေနှောင်း''

ဒေါ်လေးရီက အိမ်ပေါ်လှမ်းတက်လိုက်ရင်းမှ ပြောလိုက်သည်။

နှောင်းသည် တခါးဝဆီလျှောက်သွားရင်းမှ အခန်းတခါးကို ဆွဲဖွင့်လိုက်လေသည်။

''ဟေး...''

''မင်္ဂလာပါနှောင်း...''

''နှောင်းမျက်စိပြန်မြင်သွားပြီဟေ့...''

အခန်းတခါးပွင့်သည်နှင့်တပြိုင်နက် အသံများပေါ်ထွက်လာကာ နှောင်းမျှော်လင့်မထားသောအရာဝတ္ထုများသည် နှောင်းရင်ခွင်ကို တိုးတိုက်ပြီးနောက် အထက်သို့လွင့်တက်သွားလေသည်။

''အို...''

နှောင်း ထိတ်ကနဲဖြစ်သွားကာ အလန့်တကြားရေရွတ်လိုက်သည်။ ရင်ခွင်ထဲပြေးဝင်ပြီးမှ အထက်သို့လွင့်တက်သွားသောအရာများကိုမော့ကြည့်လိုက်သည်။ လုံးဝန်းသောအရာများက ပေါ့ပါးစွာလွင့်ပျံ့ကာ လေထဲတွင်ဝဲ၍အထက်သို့တက်သွားလေသည်။ အရောင်စုံအသွေးစုံ။

အခန်းထဲမှ လူများစုပြုံတိုးဝှေ့ထွက်လာကာ နှောင်းကို ပွေ့ဖက်လိုက်သည်။

''နှောင်း– နှောင်း– ဝမ်းသာလိုက်တာနှောင်းရယ်''

နှောင်း၏ခါးကိုဖက်ရင်းပြောလိုက်သူကို နှောင်းငုံ့ကြည့်လိုက်၏။ သူသည် ကလေးတစ်ယောက်မဟုတ်ပါ။ သို့သော်... သူ့အရပ်မှာ နှောင်း၏ခါးသာသာမျှသာမြင့်လေသည်။ အသံကြောင့် နှောင်းကသိလိုက်သည်။ သူမသည် မဆစ်တိုပါကလား။

''မဆစ်တို''

''နှောင်းက တို့ကို ချက်ချင်းသိသားပဲ''

''အသံကြောင့်ပေါ့မဆစ်တိုရယ်''

မဆစ်တိုမှာ ကလေးတစ်ယောက်အရပ်လောက်သာရှိသော လူပုလေးတစ်ယောက်ပါလား။ အရပ်ပုသော်လည်း မျက်နှာက လူကြီးတစ်ယောက်ကဲ့သို့ရင့်ရော်နေသည်။ လူစဉ်မမီရှာသောမဆစ်တိုကိုကြည့်၍ နှောင်းက အံ့ဩနေလေ၏။ တစ်ဆက်တည်းမှာပင် မဆစ်တိုအသံကိုကြားရသည့်အခါတိုင်း အောက်ဖက်နားဆီမှထွက်ပေါ်လာတတ်သည်ကို သဘောပေါက်လိုက်သည်။ မဆစ်တို။ နာမည်ကလည်း လူနှင့်လိုက်ဖက်ပါပေ၏။

''ဘာလုပ်နေကြတာလဲဟင်၊ ဒီလူတွေ... ဒီလူတွေက...''

နှောင်းကို အသံတိတ်ရပ်ကြည့်နေကြသောလူတွေကိုကြည့်ရင်း နှောင်းက မေးလိုက်သည်။

''နှောင်းကိုကြိုနေကြတာလေ၊ ဒေါ်လေးဖုန်းဆက်ထားလို့ နှောင်းအံ့ဩသွားအောင် ပုန်းပြီးကြိုနေကြတာ''

ဒေါ်လေးရီကရှင်းပြလိုက်သည်။

''ဩော်...''

နှောင်းသဘောပေါက်လိုက်သည်။

''ကဲ–နှောင်း၊ ဟောဒီလူတွေက ဒီတန်းလျားမှာနေတဲ့ နှောင်းရဲ့အိမ်နီးချင်းတွေပဲ၊ ဘယ်သူက ဘယ်သူဖြစ်မယ်ဆိုတာကို ရွေးကြည့်ပါဦးကွယ်''

မဆစ်တိုကပြောသည်။

''အသံမကြားရပဲ နှောင်းဘယ်လိုလုပ်ရွေးတတ်မှာလဲမဆစ်တို''

''ကစားနည်းတစ်မျိုးပေါ့ကွယ်၊ နှောင်းပျော်ရအောင် တို့တွေ စီစဉ်ထားတာပါ၊ မှားမှားမှန်မှန် ရွေးကြည့်လိုက်စမ်းပါ၊ ပထမဆုံး မေသဥ္စာဦးနဲ့တူတယ်ဆိုတဲ့ကြီးကြီးမာဟာ ဘယ်သူဖြစ်မလဲလို့ရှာကြည့်လိုက်စမ်း''

''မေသဥ္စာဦးကို နှောင်းမမြင်ဖူးသေးဘူးလေ၊ ဒါပေမယ့် နှောင်းရှာကြည့်ပါမယ်''

နှောင်းက တန်းစီရပ်နေသောလူတွေထဲမှ သနပ်ခါးထူထူလိမ်းထားသော ဥပဓိရုပ်ကောင်းကောင်းနှင့် အမျိုးသမီးကြီးတစ်ယောက်ကို ရွေးလိုက်သည်။

''ဟောဒီက သိပ်ချောတဲ့အန်တီဟာ မေသဥ္စာဦးနဲ့တူတယ်ဆိုတဲ့ကြီးကြီးမာပဲဖြစ်ရမယ်''

''ဟေး...''

လက်ခုပ်သံများလျှံထွက်သွားလေသည်။

''နှောင်းကသိပ်တော်တာပဲကွယ်၊ ကြီးကြီးမာကိုမှန်အောင်ရွေးထုတ်တတ်တယ်''

ကြီးကြီးမာက ရှေ့ထွက်လာကာ နှောင်းကိုပွေ့ဖက်လိုက်လေသည်။ တကယ်တော့နှောင်းသည် ကြီးကြီးမာနှင့်အနေများ၍ ကြီးကြီးမာထံမှသနပ်ခါးနံ့ကိုမှတ်မိနေကာ သနပ်ခါးထူထူလိမ်းထားသူကို ရွေးလိုက်ခြင်းပင်ဖြစ်ပါ၏။

''သားသားကိုရော ဘယ်သူဆိုတာသိလား မမနှောင်း''

''အောင်အောင်ရယ်၊ ဒီတန်းလျားမှာ ကလေးအရွယ်ယောကျာ်းလေးဆိုလို့ မင်းတစ်ယောက်ပဲရှိတာ၊ မင်းဟာ အောင်အောင် ဆိုတာ သိတာပေါ့ကွဲ့''

''အောင်အောင်ကတော့ လုပ်ပြီဟေ့၊ နှောင်းကိုပဟေဠိဖွက်ပါတယ်ဆိုမှ သူကဖော်ပြီ''

''ဟုတ်တာပေါ့၊ အောင်အောင်လုပ်တာနဲ့ အောင်အောင့်ကိုဆူလိုက်တဲ့ ဟောဒီကအန်တီဟာ အောင်အောင့်အမေ အန်တီမွေး ဆိုတာကိုလည်း နှောင်းက သိလိုက်ပြန်ပြီ''

''ဟောတော့၊ ဒီတစ်ခါတော့ ကျောင်းဆရာမကိုယ်တိုင် ခံလိုက်ရပြီဟေ့''

ရယ်သံများထွက်ပေါ်လာလေသည်။

''ဟောဒီလူတွေကို နှောင်းသိလိုက်ပါပြီလေ၊ ဒီကလေးက မိန်းကလေးဆိုတော့ နွယ်နီပေါ့၊ ကျန်တဲ့လူတွေထဲက နှောင်းနဲ့ အသက်ချင်းမတိမ်းမယိမ်းရှိတာ ကြီးကြီးမာသမီး မမအေးမာဦးနဲ့ မမဇင်မာဦးတို့ညီအစ်မလေ၊ ဟော– ဟောဒါက အသက်ပိုကြီးပုံ ပေါက်လို့ မမအေးမာဦး၊ ဒါက မမဇင်မာဦး၊ နှောင်းပြောတာမှန်ရဲ့လားဟင်''

''နှောင်းကသိပ်ဉာဏ်ကောင်းတာပဲဟယ်၊ မှန်ပါတယ်တော်၊ မှန်ပါတယ်''

''ဒီလိုဆိုတော့ ကျန်တဲ့လူကြီးတွေထဲက ဘဘဦးတိုက်မောင်နဲ့ ဦးလေးကိုအောင်မြတ်ကိုပဲရွေးဖို့ကျန်တော့တာပေါ့၊ ဘဘဦး တိုက်မောင်က ပင်စင်ယူပြီးပြီဆိုတော့ ပိုအသက်ကြီးရမယ်၊ ဟောဒီဘဘဟာ ဦးတိုက်မောင်ပေါ့၊ ဒီတော့... တစ်ယောက်တည်းကျန် တော့တဲ့တစ်ယောက်က ဦးလေးကိုအောင်မြတ်၊ ဟုတ်တယ်မဟုတ်လားဟင်''

''နှောင်းက သိပ်တော်တာပဲကွယ်''

''ဒါ လူအကုန်မဟုတ်သေးဘူး၊ မဆစ်တိုအမေနဲ့ ကိုဆက်နဲ့ ကျန်သေးတယ်''

''အမေက လေဖြတ်နေလို့ ထမလာနိုင်တာပါ နှောင်း၊ နှောင်း မျက်စိပြန်မြင်ရပြီလို့ပြောလိုက်တော့ အမေဝမ်းသာနေရှာတယ်၊ ပြီးတော့မှ အမေ့ကိုလိုက်တွေ့ပါဦး''

''ဟုတ်ကဲ့ပါမဆစ်တို''

''နှောင်းအတွက်တို့စီစဉ်ထားတာ ဒါအကုန်မဟုတ်သေးဘူး ဟေ့၊ နှောင်းရေ… အိမ်ထဲဝင်ကြည့်လိုက်ပါဦးကွယ်''

ကြီးကြီးမာက ပြောလိုက်သည်။

နှောင်းဦးဆောင်ကာ အိမ်ခန်းလေးထဲသို့ဝင်လိုက်၏။

အိမ်ခန်းထဲတွင် စားပွဲခုံများချထားကာ စားပွဲပေါ်၌စားစရာများ၊ ပန်းကန်များတင်ထားလေသည်။

''ဒါ ဘာတွေလဲ၊ အို… မုန့်ဟင်းခါးတွေပဲ၊ ဟုတ်တယ်မဟုတ်လားဟင်''

နှောင်းက အနံ့အသက်ကြောင့် မုန့်ဟင်းခါးမှန်းသိလိုက်ခြင်းဖြစ်သည်။

''ဟုတ်တယ်နှောင်း၊ နှောင်းအတွက်ဝမ်းသာလို့ အားလုံးစုစားရအောင် တို့တွေဝိုင်းပြီးချက်ထားကြတာ''

''ဩော်… ကြီးကြီးမာတို့ရယ်''

နှောင်းသည် အိမ်နီးချင်းများ၏စေတနာကိုသိလိုက်ရကာ ရင်ထဲ၌နင့်ကနဲဖြစ်သွားလေသည်။ မျက်ရည်များပင်ဝဲလာလေ၏။

''ဟောဒါတွေကရော… ဘာတွေလဲဟင်''

နှောင်းက အခန်းအနှံ့ချိတ်ဆွဲထားသောရောင်စုံအရာဝတ္ထုများကိုကြည့်ရင်းမေးလိုက်သည်။ လုံးဝိုင်းသောထိုအရာလေးများသည် ကြိုးတန်းတလျှောက်ယိမ်းလှုပ်နေပုံမှာ ချစ်စရာ။ အခန်းတခါးကိုဖွင့်ဖွင့်ချင်း နှောင်းရင်ခွင်ကိုတိုးတိုက်ထွက်သွားသောအရာလေးများမှာလည်း ထိုအရာလေးများပင်ဖြစ်ပါသည်။

''အဲဒါဘောလုံးလေးတွေလေ၊ ပူဖောင်းလို့ခေါ်တာပေါ့၊ မဆစ်တိုရောင်းတဲ့ပူဖောင်း၊ မဆစ်တိုက နှောင်းအတွက်ပျော်ပွဲရွှင်ပွဲကို သူ့ ပူဖောင်းတွေနဲ့ အလှဆင်ပေးထားတာ''

ဒေါ်လေးရီက ဝင်ပြီးရှင်းပြလိုက်သည်။

''နှောင်းအခန်းထဲဝင်လာတော့ ပူဖောင်းလေးတွေက မိုးပေါ်ကိုပျံတက်သွားကြတယ်နော်''

''အဲဒါမိုးပျံပူဖောင်းလို့ခေါ်တယ်နှောင်းရဲ့၊ မိုးပေါ်ပျံနိုင်တဲ့ ဓာတ်ငွေ့တွေထည့်ထားတာ''

မဆစ်တိုက ရှင်းပြသည်။

''ကဲ–ကဲ–စားကြအောင်ဟေ့၊ မုန့်ဟင်းခါးက ကြီးကြီးမာလက်ရာ၊ ပြီးရင် ဆရာမမခင်မွှေးက လက်ဖက်ရည်ဖျော်တိုက်လိမ့်မယ်''

''လက်ဖက်ရည်တွင်မဟုတ်ပါဘူးမမမာ၊ ထိုးမုန့်တွေ ဝယ်ထားပါသေးတယ်''

နှောင်းသည် အခန်းနီးချင်းများ၏နွေးထွေးသောခင်မင်မှုကို ခံစားရင်းမျက်ရည်များလည်လာလေသည်။

''နှောင်းမျက်စိပြန်မြင်လို့ တို့တွေအားလုံးပျော်နေကြတာ''

အမှန်ပင် သူတို့အားလုံးပျော်နေကြပါသည်။

နှောင်းက ကိုဆက်ကိုသတိရလိုက်သည်။ သည်ပွဲမှာ ကိုဆက်လည်းပါသင့်သည်။ အိမ်နီးချင်းတွေအားလုံးထဲတွင် ကိုဆက်တစ်ယောက်ပဲလိုနေပါသည်။

''ကိုဆက်ရော… ခုထိပြန်မလာဘူးလားဟင်''

''ဟုတ်ပါရဲ့၊ မောင်ငြိမ်းဆက်မပြောမဆိုနဲ့ပြန်မလာတာ လေးငါးရက်ရှိပြီ၊ နှောင်းမျက်စိခွဲတာ ဒီကောင်လေးသိမှသိရဲ့လားမသိဘူး၊ မောင်ငြိမ်းဆက်က နှောင်းကိုသိပ်ခင်တာ''

ကိုဆက်ဘယ်ရောက်နေပါလိမ့်။ ဘယ်များသွားနေပါလိမ့်။

♛♛♛♛♛

အားလုံးပျော်ပျော်ပါးပါးစားကြသောက်ကြသည်။

အေးမာဦးတို့ညီအစ်မက နှောင်းကို ဘုရားတို့ တိရစ္ဆာန်ရုံတို့ လိုက်ပို့မည်ဟုပြောသည်။

''တစ်ပတ်ဆယ်ရက်တော့ နှောင်းအိမ်ထဲမှာပဲနားနေရဦးမှာလေ၊ ဆေးရုံကိုပြန်ပြပြီး ဆရာဝန်ကြီးခွင့်ပြုမှ အပြင်ထွက်ခွင့်ရမယ်''

ဒေါ်လေးရီက ဝင်ပြောသည်။

''အင်း… နောင်းအပြင်ကိုထွက်ရမှာတောင်ကြောက်ပါတယ်၊ အခု ပြန်လာတဲ့လမ်းမှာတွေ့ခဲ့တဲ့ လူတွေ၊ ကားတွေ၊ ဌါက်တာတွေ၊ တခြား နောင်းမသိတဲ့ဟာတွေမှအများကြီးပဲ၊ ဒါတွေကို မှတ်မိအောင် နောင်း မှတ်မှမှတ်နိုင်ပါ့မလားမသိဘူး''

နောင်းက ငြီးငြူမိသည်။

''မဆိုင်ပါဘူးနောင်းရယ်၊ ဒီလိုပဲမှတ်မိသွားမှာပေါ့၊ အန်တီမွှေးက ဆရာမဆိုတော့ နောင်းကိုစာသင်ပေးမယ်ဟေ့''

''စာသင်မယ်၊ စာသင်လို့ရော နောင်းတတ်မှတတ်ပါ့မလား ဟင် အန်တီမွှေး''

''ဘာလို့မတတ်ရမှာလဲ၊ တတ်အောင် အန်တီမွှေးသင်ပေးမှာပေါ့''

အားလုံးက နောင်းရှေ့ရေးကိုသာ ဆွေးနွေးနေကြလေသည်။

ထိုအချိန်တွင် နောင်းသည် ''သူမ''ကိုမေ့နေမိလေ၏။ သူမ အိမ်အထိပါမလာ၊ ဆေးရုံမှာကျန်နေရစ်ခဲ့ပြီလို့ပဲ နောင်းထင်သည်။

သို့သော်… နောင်းအထင်မှားသွားပါသည်။

စားသောက်ပွဲပြီး၍ အားလုံး ကိုယ့်အခန်းကိုယ်နှုတ်ဆက်ပြီး ပြန်သွားသည်တွင် ဧည့်ခန်းထဲ၌ နောင်းတစ်ယောက်တည်းကျန်ရစ်သည်။ ဒေါ်လေးရီကလည်း ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းနေသည်။

ထိုစဉ်… သူမ၏ရုပ်ပုံလွှာသည် ဧည့်ခန်းထဲ၌ ဖြတ်ကနဲပေါ်လာလေ၏။

အို… သူမ အိမ်အထိပါလာသည်ပဲ။

နောင်းက သူမကိုငေးကြည့်နေမိသည်။ သူမကလည်း နောင်းကိုကြည့်နေသည်။ သူမက နောင်းကို အန္တရာယ်ပြုမည့်ပုံမပေါ်၍ နောင်း ကြောက်တော့မကြောက်မိပါ။ ဘာရည်ရွယ်ချက်နဲ့နောင်းအနီးမှာရှိနေတယ်ကိုသာ နောင်းစဉ်းစားမရအောင်ရှိနေသည်။

နောင်းမြင်နေရတဲ့သူမဟာ အစစ်အမှန်လား။ မျက်ကြည်လွှာပိုင်ရှင်ရဲ့စွဲလမ်းမှုပုံရိပ်လား။ ကွယ်လွန်သူမျက်ကြည်လွှာပိုင်ရှင်ကိုယ်တိုင်ပင်လား။

ယခုအခါတွင် နောင်းသည် သူမကို ပို၍ပီပြင်ထင်ရှားစွာမြင်နိုင်နေပြီဖြစ်သည်။ သူမသည် လုပချောမောသောမိန်းကလေးတစ်ယောက်ဖြစ်သည်။ နောင်းထက်ပို၍အသက်အရွယ်ကြီးရင့်ပုံရသည်။ သူမနှုတ်ခမ်းဒေါင့်စွန်းတွင် အနက်ရောင်အစက်ကလေးတစ်ခုကိုတွေ့ရသည်။ မှဲ့ဆိုတာ အဲဒါပဲထင်ပါရဲ့။

သူမသည် အရောင်းအသွေးတစ်မျိုးတည်းဖြစ်သော အင်္ကျီနှင့်လုံချည်ကို အထက်အောက်ဆင်တူဝတ်ထားလေသည်။ ထိုအရောင်ကို ဘာရောင်လို့ နောင်းမသိသေးပါ။ မဆစ်တိုချိတ်ဆွဲထားသည့် ပူဖောင်းများထဲတွင် ထိုအရောင်ပါသည်။ နောင်းက ပူဖောင်းမှအရောင်နှင့် သူမအဝတ်အစားအရောင်ကို နှိုင်းယှဉ်ကြည့်နေမိသည်။

နောင်း သူမကိုငေးကြည့်နေစဉ်တွင် မဆစ်တို အိမ်ထဲဝင်လာလေသည်။ မဆစ်တိုသည် သူမခန္ဓာကိုယ်ထဲသို့ တိုးယိုပေါက်ဖြတ်သန်းကာ လျှောက်ဝင်လာခြင်းဖြစ်၏။ လူတစ်ယောက်ကိုယ်ထဲကို အခြားလူတစ်ယောက်က အဲဒီလိုပဲ ဖြတ်သန်းဝင်ရောက်လို့ရသလား။

''နောင်းရေ… အမေက နောင်းကိုတွေ့ချင်လို့တဲ့၊ အမေနဲ့တွေ့ရအောင် လိုက်ခဲ့ပါဦး''

''ဟုတ်ကဲ့မဆစ်တို၊ ဒါနဲ့မဆစ်တို ဟောဒီပူဖောင်းအရောင်လေးကို ဘယ်လိုခေါ်သလဲဟင်''

''အဲဒါ… အဝါရောင်လေနောင်းရဲ့''

သူမရဲ့အဝတ်အစားအရောင်ဟာ အဝါရောင်ပါလား။

''အင်း… နောင်းကို အရောင်တွေသင်ပေးဦးမှပဲ၊ ဒါက အပြာရောင်၊ ဒါက အစိမ်းလို့ခေါ်တယ်၊ ဟောဒါက အနီ၊ ဒီမှာ လိမ္မော်ရောင်''

''လိမ္မောရောင်၊ လိမ္မော်ရောင်က အဝါရောင်လိုပဲနော်''

''လိမ္မော်သီးရဲ့အရောင်လေ၊ ဒီအဝါရောင်ကမှ တကယ့် အဝါရောင်''

''ကဲပါမဆစ်တိုရယ်၊ နောက်မှ အရောင်တွေအကြောင်းကို အေးအေးဆေးဆေးပြောပြပါတော့၊ ကြီးကြီးတင်ကို သွားတွေ့ရအောင်လေ''

''လာ– နောင်း''

မဆစ်တိုက အလာတုန်းကအတိုင်းပင် သူမကိုယ်ထဲကိုဖြတ်သန်းကာ အပြင်ထွက်သွားသည်။ မဆစ်တို သူမကို မြင်ပုံမရပါချေ။ နောင်းကတော့ သူမကိုရှောင်ကွင်း၍လျှောက်မိသည်။

သူမသည် နောင်းကိုမျက်ခြည်မပြတ်ငေးကြည့်နေမြဲ။ နောင်းထွက်လာတော့ သူမက နောင်းတို့အခန်းထဲမှာပဲကျန်ခဲ့လေသည်။ အပြင်ကိုထွက်လိုက်မလာ။

မဆစ်တိုအမေဒေါ်တင်တင်မှာ လေဖြတ်ထားသောအဘွားကြီးတစ်ယောက်ဖြစ်သည်။ နောင်းကိုမြင်တော့ ကြမ်းပြင်ပေါ်လှဲနေရာမှ ငဲ့ကြည့်သည်။

''အမေ၊ ဒါ– နောင်းလေ''

ဒေါ်တင်တင်က ဗလုံးဗထွေးဖြင့် စကားတစ်ချို့ပြောလိုက်သည်။

''သမီး မျက်စိပြန်မြင်ပြီ၊ အမေဝမ်းသာပါတယ်ကွယ်''

''လေဖြတ်ထားတော့ တစ်ခါတလေ အမေပြောတဲ့စကားတွေကိုနားမလည်ဘူးနောင်းရေ''

''နောင်းနားလည်ပါတယ်၊ နောင်းမျက်စိပြန်မြင်တာကို ကြီးကြီးတင်ကဝမ်းသာတယ်တဲ့၊ ဟုတ်လား ကြီးကြီးတင်''

ဒေါ်တင်တင်က ခေါင်းညိတ်ပြသည်။

တကယ်တော့ မျက်မမြင်ဘဝတွင် အသံဖြင့်သာ ပတ်ဝန်းကျင်ကိုဆက်ဆံခဲ့ရသောနောင်းအဖို့ ဒေါ်တင်တင်၏မပီပြင်သောစကားသံကို နားထောင်တတ်နေခြင်းဖြစ်သည်။

မဆစ်တိုတို့သားအမိကိုကြည့်ကာ နောင်းစိတ်မကောင်းဖြစ်မိသည်။ မဆစ်တိုမှာ လူစဉ်မမီရှာသော လူပုကလေးဖြစ်နေသော်လည်း လေဖြတ်နေသောအမေအိုကို လုပ်ကျွေးနေရရှာသည်။ မဆစ်တိုတို့အခန်းကအသံကြားတိုင်း အောက်ဖက်ခပ်နိမ့်နိမ့်ဆီမှ ထွက်ပေါ်လာတတ်သည်ကိုလည်း နောင်းနားလည်ပြီ။ မဆစ်တိုက အရပ်လွန်စွာပုပြီး၊ ဒေါ်တင်တင်က ကြမ်းပြင်ပေါ်တွင် ထာဝရလဲလျောင်းနေသူမို့ အသံများက နိမ့်သည့်ဖက်ဆီမှထွက်လာခြင်းဖြစ်ပါသည်။

♛♛♛♛♛♛♛♛♛♛

## ( ၆ )

နောက်တစ်နေ့မနက်တွင် နောင်းအစောကြီးနိုးနေသည်။

အိပ်ရာထဲမှအသာထကာ အိပ်ရာမှထလျှင် ကိုင်နေကျတုတ်ကောက်ကလေးကိုဆွဲယူပြီး အပြင်သို့ထွက်ခဲ့သည်။

အခန်းတခါးကိုဖွင့်လိုက်သည်နှင့် မနက်ဝေလီဝေလင်း အလင်းရောင်ကိုတွေ့လိုက်ရသည်။ နောင်းအတွက်ဆန်းသစ်သောအတွေ့အမြင်တစ်ခုပင်ဖြစ်သည်။ အိပ်တန်းထစငှက်ကလေးများအသံကို မနက်တိုင်း ကြားရသော်လည်း အိမ်ရှေ့သစ်ပင်ကြီးပေါ်မှ ငှက်ငယ်ငယ်လေးများ ပျံသန်းနေသည်ကိုမြင်ရသည့်အခါ ပိုပြီးကြည်နူးစရာကောင်းသလို ထင်မိသည်။

ဝရံတာသို့နောင်းထွက်လိုက်သည့်အခါ တစ်ဖက်ခန်းဝရံတာတွင် အလုပ်ရှုပ်နေသောမဆစ်တိုကိုတွေ့လိုက်လေ၏။ မဆစ်တိုက ပူဖောင်းများပြုလုပ်နေခြင်းဖြစ်၏။ မဆစ်တိုလက်ထဲတွင် အရောင်စုံ ပူဖောင်းများ တစ်လုံးပြီးတစ်လုံးဖြစ်ပေါ်လာသည်။

''ပူဖောင်းလုပ်နေတာလားမဆစ်တို၊ အဲဒီလိုလုပ်ရတာပေါ့နော်''

''ဩော်… နောင်း၊ ပူဖောင်းဆိုတာ လေထိုးမထည့်ခင် ဟောဒီလို ရာဘာအခွံအနေနဲ့ပဲရှိသေးတယ်''

မဆစ်တိုက လေးမထိုးရသေးသည့်ပူဖောင်းအလွတ်တစ်ခုကို ပြသည်။

''ထိပ်ကအပေါက်ဝကနေ ဟောဒီလေထိုးတံနဲ့ လေထိုးထည့်မှ ပူဖောင်းဖြစ်လာတာ၊ တွေ့လား၊ တွေ့လား''

မဆစ်တိုက ပူဖောင်းများကို တစ်လုံးပြီးတစ်လုံးလေထိုးပြနေသည်။ ရောင်စုံပူဖောင်းလေးများက လေးထိုးလိုက်သည်တွင်ကားတက်လာကြသည်။ မဆစ်တိုကထိပ်မှသားရေကွင်းနှင့်ချည်လိုက်သည်။

''အဲဒီပူဖောင်းတွေကို မဆစ်တိုဘယ်သွားရောင်းလဲဟင်''

''တစ်မြို့လုံးလည်ရောင်းရတာပေါ့နှောင်းရယ်၊ ခဏနေရင် အမေ့ဖို့ချက်ပြုတ်၊ စားစရာသောက်စရာတွေ အမေ့အနားမှာထား ခဲ့ပြီး မဆစ်တိုဈေးရောင်းထွက်ရတော့မှာ''

''သြော်…ပူဖောင်းတွေကို လူတွေက ဘာလုပ်တာလဲမဆစ်တို''

နှောင်းအမေးကို မဆစ်တိုက ရယ်လိုက်သည်။

''ပူဖောင်းဟာ ကလေးကစားစရာပါနှောင်း၊ ကလေးတွေ ဆော့ဖို့ဝယ်ကြတာပေါ့၊ မနေ့ကလို အလှဆင်တာမျိုးတော့ အလှူ မင်္ဂလာပွဲတွေရှိမှလုပ်ကြတာလေ''

နှောင်းက ဝရံတာမှထွက်၍ အိမ်ရှေ့မြေကွက်လပ်သို့ ဆင်းလိုက်သည်။

ကိုဆက်အခန်းရှိသည့်ဖက်သို့ မှန်းဆကာလျှောက်လာလိုက်သည်။ နှောင်းသည် လက်ထဲမှတုတ်ကလေးကို ယမ်းကာယမ်းကာ လျှောက်လာခဲ့၏။

ကိုဆက်အခန်းရှေ့ရောက်တော့ အခန်းတခါးသော့ခတ်ထားတာတွေ့ရသည်။

နှောင်းပြန်လှည့်လာခဲ့သည်။

''ဟော… နှောင်းက လမ်းတောင်လျှောက်နေပြီလား''

ဆရာမမခင်မွှေးက အခန်းရှေ့ထွက်လာရင်း နှုတ်ဆက်လိုက်သည်။

''ကိုဆက်အခန်းဖက်ကို လျှောက်ကြည့်တာပါအန်တီမွှေး၊ သော့ကြီးခတ်ထားတယ်နော်၊ ကိုဆက်ဘယ်များသွားနေလဲ မသိဘူး''

''ဟုတ်ပါရဲ့ကွယ်၊ အရင်က မောင်ငြိမ်းဆက် ဒါလောက်ကြာအောင်မပျောက်ဖူးပါဘူး၊ ပြန်မလာတာ လေးငါးရက်ရှိပြီထင်ပါရဲ့''

''ဟေး– နှောင်း… လမ်းထွက်လျှောက်နေတာလား''

ဈေးမှပြန်လာသောကြီးကြီးမာက လှမ်းအော်နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

''ဟုတ်ကဲ့ကြီးကြီးမာ''

ကြီးကြီးမာဆီလျှောက်သွားတော့ ဒေါ်ခင်မွှေးက နောက်မှ လှမ်းပြောလိုက်သည်။

''နှောင်း… လက်ထဲမှာ တုတ်ကြီးကိုင်ပြီး တယမ်းယမ်းနဲ့ ဘာလို့လုပ်နေတာလဲကွဲ့၊ နှောင်းကမျက်စိပြန်မြင်နေပြီလေ၊ အဲဒီ တုတ် မလိုတော့ဘူး''

''နှောင်းအကျင့်ပါနေလို့ပါ အန်တီမွှေး၊ တုတ်နဲ့ဘေးကိုစမ်းပြီးလျှောက်မှစိတ်လုံတယ်၊ လက်လွတ်လျှောက်ရတာ တစ်ခုခုလို နေသလိုပဲ၊ ဟာလာဟင်းလင်းကြီး''

နှောင်းအပြောကို ကြီးကြီးမာနှင့်ဒေါ်ခင်မွှေးတို့က ရယ်နေသည်။

''နှောင်းလည်း ဘုန်းကြီးလူထွက်တွေလိုနေမှာပေါ့ဆရာမရယ်''

''ဘုန်းကြီးလူထွက်တွေက ဘာဖြစ်လို့လဲကြီးကြီးမာ''

''သြော်… ဘုန်းကြီးဘဝကအကျင့်တွေပါပြီး လူတွေနဲ့ စကားပြောတဲ့အခါ ဘုန်းကြီးဘဝကလို စကားပြောတာတို့၊ ညစာစား ဖို့ မေ့တာတို့ပေါ့ကွယ်''

ကြီးကြီးမာအပြောကို အားလုံးက ရယ်နေကြသည်။

ထိုစဉ်… မဆစ်တိုက ပူဖောင်းများတွဲချိတ်ထားသော ဝါးလုံးရှည်ကြီးကိုထမ်းကာ အိမ်ထဲမှထွက်လာလေသည်။

''မဆစ်တို၊ ဈေးရောင်းထွက်တော့မလို့လား''

''ဟုတ်တယ်နှောင်း၊ ကျောင်းရှေ့ကိုသွားရောင်းမှာ၊ ကလေးတွေမရောက်ခင် ကြိုရောက်နေဖို့လိုတယ်လေ''

မဆစ်တိုက သူ့အရပ်ထက် နှစ်ပြန်ရှည်သောဝါးလုံးရှည်ကြီးကိုထမ်းကာ စိုက်စိုက် စိုက်စိုက်နှင့်ထွက်သွားလေသည်။ ဝါးလုံး ရှည်ကြီးတွင် တုတ်တစ်ချောင်းကန့်လန့်ဖြတ်ချိတ်ထားကာ ပူဖောင်းရောင်စုံလေးများက တလှုပ်လှုပ်ယိမ်းနေလေ၏။

♛♛♛♛♛

နှောင်းအိမ်ထဲပြန်ဝင်လာတော့ အိမ်ထဲမှထွက်လာသော ဒေါ်လေးရီနှင့်ဆုံသည်။

''သူမ''ကိုပါ နှောင်းတွေ့လိုက်ရ၏။ သူမသည် တခါးဝတွင် ရပ်လျှက်ရှိသည်။ အိမ်ထဲမှထွက်လာသောဒေါ်လေးရီအား သူမကိုယ်လုံးကိုဖောက်ထွင်း၍မြင်နေရသည်။

ဒေါ်လေးရီက သူမကိုယ်ထဲကိုဖြတ်သန်းကာ အိမ်ထဲမှထွက်လာသည်။

''နှောင်းရေ… ဒေါ်လေးရီဈေးသွားလိုက်ဦးမယ်၊ နှောင်းဘာစားချင်သလဲ''

''နှောင်းအတွက် ကိစ္စမရှိပါဘူး၊ ဒီနေ့ မမဆောင်းပြန်ရောက်နိုင်သလားဒေါ်လေးရီ''

''ရောက်နိုင်တာပေါ့၊ မနေ့ကခွင့်ရပြီဆိုတော့ လေယာဉ်အဆင်ပြေရင် ဆောင်းရောက်လာနိုင်တယ်လေ''

''ဒါဆို မမဆောင်းကြိုက်တတ်တဲ့ဟင်းမျိုးပဲ ချက်ထားပါ ဒေါ်လေးရီရယ်''

ဒေါ်လေးရီဈေးကိုထွက်အသွားတွင် နှောင်းက အိမ်ထဲပြန်ဝင်ရန်ပြင်လိုက်သည်။

တခါးဝတွင် ပိတ်ရပ်နေသော ''သူမ''။

''သူမ''ရှိနေ၍ နှောင်းက အိမ်ထဲမဝင်ပဲ တခါးဝမှာပင် ရပ်နေမိသည်။ သူမကိုဖြတ်သန်းဝင်သွားလျှင်ရမှန်းသိသော်လည်း နှောင်း မဝင်ဝံ့ပေ။

နှောင်းနှင့်သူမသည် တစ်ယောက်ကိုတစ်ယောက်စိုက်ကြည့်နေမိကြ၏။ သူမက နှောင်းကို တစ်ခုခုပြောချင်သလိုမျိုး အမူအရာဖြင့် ကြည့်နေသည်။ သူမအကြည့်များက ညှိုးငယ်လှပေသည်။ သူမသည် စိတ်သောကဝေဒနာကို ခံစားနေရဟန်ရှိသည်ဟု နှောင်းထင်မိ၏။ နှုတ်ခမ်းဖျားမှာ မဲ့နက်ကလေးနှင့် လှပလွန်းသောသူမကို နှောင်းငေးကြည့်နေမိလေသည်။

သူမက လှုပ်ရှားမှုတစ်ခုပြုလိုက်သည်။

နှောင်းကိုကျော်၍ အိမ်အပြင်သို့ထွက်လိုက်ခြင်းဖြစ်သည်။

သူမက အိမ်ရှေ့သို့လျှောက်သွားလေသည်။ ဝရံတာမှကျော်ကာ ရှေ့မြေကွက်လပ်ကိုထွက်လိုက်သည်။

နှောင်းလှည့်ကြည့်လိုက်တော့ သူမကလည်း နှောင်းကိုလည် ပြန်လှည့်ကြည့်သည်။ နှောင်းကိုလက်ယပ်ခေါ်သည်။ သူမသည် နှောင်းကို သူမနောက်သို့လိုက်ခဲ့စေချင်ပုံရပါသည်။

နှောင်းမလိုက်ရဲပါ။ နှောင်းကို ဝေးဝေးလံလံမထွက်ဖို့၊ စိတ်အာရုံများပြားမည့်နေရာများသို့ မသွားဖို့ ညွှန်ကြားထားပြီးဖြစ်သည်။

နှောင်းက အပြင်တစ်နေရာသို့ခေါ်ယူနေသောသူမကိုကြည့်ရင်း အံ့ဩနေမိသည်။ သူမဟာ တကယ်အစစ်အမှန်မဟုတ်ဘူးလေ။ နှောင်းကိုဘာလို့ခေါ်နေရတာလဲ။

နှောင်းက နေရာမှာမလှုပ်မယှက်ရပ်နေသည့်အခါ သူမက သက်ပြင်းချလိုက်သည်။ လက်လျှော့လိုက်ပုံပေါ်သည်။ အိမ်ထဲသို့ပြန်ဝင်လာလေသည်။

သူမသည် နှောင်းကိုစကားမပြောပါ။ စကားပြောလို့လည်း ရဟန်မတူပါ။

သူမသည် ဘယ်သူလဲ၊ တကယ်ရှိတဲ့အစစ်အမှန်ဟုတ်ရဲ့လား။ နှောင်းစိတ်ကထင်နေတာလား။ သူမဟာ နှောင်းအတွက်မျက်ကြည်လွှာလှူခဲ့တဲ့မိန်းကလေးလား။ နှောင်းမဝေခွဲတတ်တော့ပါ။

သူမက နှောင်းကို အပြင်သို့ဘာလို့လိုက်စေချင်ရတာလဲ။

နှောင်းက သူမနောက်သို့လိုက်မလာသည့်အခါ အိမ်ထဲပြန်ဝင်လာပြီး နှောင်းကိုသာ ညှိုးငယ်သောအကြည့်များဖြင့် ရပ်ကြည့်နေပြန်လေသည်။

နှောင်းသည်အိမ်ထဲဝင်ခဲ့ကာ ကိုယ့်အိမ်ထဲမှ ပစ္စည်းပစ္စယများကိုပင် လျှောက်ကြည့်နေမိသည်။

မဆစ်တိုချိတ်ဆွဲထားပေးသော ပူဖောင်းလေးများက လေမလျော့သေးပဲ ကြိုးတန်းပေါ်တွင် တလွင့်လွင့်ရှိနေဆဲဖြစ်သည်။

နှောင်းကစာအုပ်စင်ရှိရာလျှောက်သွားကာ စာအုပ်စင်ပေါ်မှ စာအုပ်များကိုယူကြည့်လိုက်သည်။ စာဖတ်ဝါသနာပါသော ဒေါ်လေးရီသည် စာအုပ်တွေအများအပြားဝယ်ထားလေသည်။ စာမတတ်သောနှောင်းသည် စာအုပ်ထဲမှစာများကို မဖတ်တတ်ပါ။ မဂ္ဂဇင်းစာအုပ်အဖုံးပေါ်မှ မျက်နှာဖုံးရှင်ဓာတ်ပုံများကိုသာ ကြည့်နေရသည်။

နှောင်းကို ဒေါ်လေးရီပြန်ပြန်ပြောပြသည့်ဇာတ်လမ်းတွေဟာ ဒီစာအုပ်တွေထဲမှာပါတယ်တဲ့၊ နှောင်းစာဖတ်တတ်အောင် ကြိုးစားရပါဦးမည်။

သူမသည် တလျှောက်လုံး နှောင်းကိုငေးကြည့်နေခဲ့လေသည်။

♛♛♛♛♛♛♛♛♛♛

( ၇ )

ထမင်းဟင်းချက်ပြုတ်အပြီးတွင် ဒေါ်လေးရီက ဓာတ်ပုံအယ်လ်ဘန်များကိုထုတ်ကာ နှောင်းကို ဓာတ်ပုံများပြသည်။

ဖေဖေမေမေတို့ပုံကို နှောင်းတွေ့ရသည်။ မိဘများကို နှောင်း ခပ်ရေးရေးသာမှတ်မိပါတော့သည်။

နှောင်းကိုယ်တိုင်၏ငယ်စဉ်ကဓာတ်ပုံများကိုလည်းတွေ့ရသည်။ လက်ရှိမှန်ထဲတွင်မြင်တွေ့နေရသောနှောင်းပုံစံနှင့် ကွဲပြားလှပါသည်။

မမဆောင်းပုံများကိုတော့ နှောင်းက တဝကြည့်ထားလိုက်၏။ မမဆောင်းပုံများက အရွယ်ရောက်မှရိုက်ထားသည့်ပုံများဖြစ်၍ လက်ရှိပုံစံနှင့်ကွာမည်မဟုတ်ပေ။ စက်ဘူရောက်မှရိုက်ပြီးပို့လိုက်သောပုံများကိုလည်းတွေ့ရသည်။

နံနက်ကိုးနာရီလောက်တွင် ကျောင်းသွားသူသွား၊ အလုပ်သွားသူသွားဖြင့် နှောင်းတို့တန်းလျားလေးမှာ တိတ်ဆိတ်သွားပါသည်။

ဒေါ်လေးရီကတော့ နှောင်းခွဲစိတ်ကုသဖို့ ခွင့်ဆယ်ရက်ကြိုယူထား၍ ရုံးဖွင့်ရက်ဖြစ်သော်လည်း ရုံးသွားစရာမလိုပါ။

ဒေါ်လေးရီက တစ်နေ့လုံး နှောင်းကိုသိသင့်သိထိုက်ရာ အခြေခံအချက်လေးများကို သင်ပြပေးနေသည်။

နှောင်းကို နာရီကြည့်ပုံသင်ပေးသည်။ နာရီကြည့်တတ်စေရန် အင်္ဂလိပ်ဂဏန်းများကိုအရင်သိထားဖို့လိုသည်မို့ ဂဏန်းများကို အရင်သင်ပေးသည်။ ဂဏန်းများကို နှောင်းက အစဉ်အတိုင်းရွတ်ဆိုတတ်ပြီးဖြစ်သည်။ ဒေါ်လေးရီက အင်္ဂလိပ်ဂဏန်းများကိုရေးပြရင်း သင်ပေးသည်။ နာရီကြည့်ပုံကို နာရီမှလက်တံတို၊ လက်တံရှည်များအား အမျိုးမျိုးရွှေ့ပြောင်းကာ မှတ်သားစေသည်။ ခဏချင်းမှာပင် နှောင်းသည် နာရီကြည့်ပုံကြည့်နည်းကိုတတ်ကျွမ်းသွားလေ၏။

''ဒီပုံအတိုင်းဆို နှောင်းကိုစာသင်လို့လည်း လွယ်မှာပဲ၊ နှောင်းကိုကလေးတွေသင်သလို အစကနေအဆုံးသင်စရာမလိုဘူးလေ၊ နှောင်းက ကကြီးခခွေးကို အ–အထိရပြီးသားမဟုတ်လား''

''ဟုတ်တယ်လေဒေါ်လေးရီ''

''ဒီတော့… အက္ခရာတွေသိအောင် မှတ်ဖို့ပဲလိုတော့တာပဲ၊ ဒေါ်လေးတို့ကြိုးစားကြတာပေါ့ကွယ်''

နှောင်းကို ဒေါ်လေးရီသင်ပြပေးနေသည့်တလျှောက်လုံး ''သူမ''က ခပ်လှမ်းလှမ်းမှငေးကြည့်နေလေသည်။

နှောင်းသည် ဒေါ်လေးရီစိတ်ရှုပ်သွားမှာစိုး၍ အိမ်ထဲ၌''သူမ'' ရှိနေကြောင်း ပြောမပြတော့ပါ။

♛♛♛♛♛

''နှောင်းရေ… နှောင်း… အပြင်ကိုထွက်ခဲ့ပါဦး၊ ဒီမှာ… လူတစ်ယောက် ရောက်နေတယ်ဟေ့''

နေ့လည်ခင်းတွင် ကြီးကြီးမာလှမ်းအော်လိုက်သောအသံကို ကြားလိုက်ရ၏။

နှောင်းက အိမ်ရှေ့သို့ထွက်လာခဲ့လေသည်။

''ဘယ်သူလဲဆိုတာ လာကြည့်လှည့်နှောင်းရေ''

နှောင်းဝရံတာကိုထွက်လိုက်ချိန်တွင် ထိုသူသည် အငှားကားပေါ်မှဆင်းကာ အိမ်ဆီသို့လျှောက်လာနေပါပြီ။

''အို… မမဆောင်း၊ မမဆောင်းရယ်''

နှောင်းသည် ခင်ဆောင်းဦးရှိရာသို့ ပြေးသွားလိုက်သည်။

ခင်ဆောင်းဦးကလည်း လက်ထဲမှပစ္စည်းများကိုပစ်ချလိုက်ကာ နှောင်းဆီသို့ပြေးလာလေသည်။

''နှောင်း… ညီမလေး''

''မမဆောင်း''

ညီအစ်မနှစ်ဦးဆုံမိကြသည်နှင့်ပွေ့ဖက်လိုက်ကြသည်။

''နှောင်းက မမဆောင်းကိုမှတ်မိနေတယ်နော်''

''ခုမနက်ပဲ မမဆောင်းဓာတ်ပုံတွေကို တဝကြီးကြည့်ထားလို့ပါမမဆောင်း''

''ညီမလေးရယ်''

ဆောင်းက နှောင်းပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန်နမ်းသည်။

''နှောင်းရယ်... ညီမလေးရယ်၊ မျက်စိပြန်မြင်ရပြီနော်၊ ဝမ်းသာလိုက်တာ၊ မမဆောင်းဝမ်းသာလိုက်တာ၊ မမဆောင်း သေပျော်ပြီကွယ်၊ သေပျော်ပြီ''

''အို... မမဆောင်း''

''ညီအစ်မနှစ်ယောက်၊ အထဲကိုဝင်ကြလေ၊ ကြည့်စမ်း... ဆောင်းက လှလာလိုက်တာ၊ အသားအရည်ကို စိုပြေနေတာပဲ''

ကြီးကြီးမာက အနားကိုလာကြိုရင်းပြောလိုက်သည်။ ဒေါ်လေးရီလည်း အိမ်ထဲကထွက်လာကာ ဆောင်းအထုတ်အပိုးများကို သယ်လိုက်၏။

''အခြေအနေသိပ်ကောင်းတယ်ဆောင်း၊ နှောင်းရဲ့ခွဲစိတ်မှုဟာ ရာခိုင်နှုန်းပြည့်အောင်မြင်တယ်''

''နှောင်းအတွက် ကံကောင်းတဲ့အချိန်တွေရောက်လာပြီပေါ့ ဒေါ်လေးရီရယ်''

နှောင်းတို့တွေ အိမ်ထဲဝင်လာကြတော့ သူမက အခန်းတခါးဝတွင်ရပ်လျှက်ကြည့်နေလေသည်။ နှောင်းမှလွဲ၍ ဘယ်သူမှ သူမ ကို မမြင်ကြပါ။

မမဆောင်းကိုတော့ ဒီအကြောင်းကိုပြောပြပြီး နှောင်းတိုင်ပင်ရပါဦးမည်။

''သူမ''ဟာ ဘယ်သူလဲ။

♛♛♛♛♛♛♛♛♛

( ၈ )

''မမဆောင်းက ညီမလေးမျှော်လင့်ထားတဲ့ပုံစံအတိုင်းပဲလားဟင် နှောင်း''

''ဟုတ်ပါတယ်၊ နှောင်းအာရုံထဲမှာ မမဆောင်းဟာ နှောင်းရှေ့မှာမားမားမတ်မတ်ရပ်တည်နေတဲ့ မျှော်စင်ကြီးပါ၊ မမဆောင်း ကိုမြင်ရတော့လည်း မမဆောင်းမျက်လုံးထဲမှာ နှောင်းကို ဂရုဏာထားတဲ့အရိပ်အငွေ့တွေမြင်ရတယ်၊ နှောင်းမျှော်လင့်ထားတဲ့အတိုင်းပါပဲ မမဆောင်းရယ်''

''ညီမလေးမျက်စိပြန်မြင်ရပြီဆိုတော့ မမဆောင်းရည်ရွယ်ချက် တစ်ဝက်တော့အောင်မြင်ပါပြီ၊ နောက်နှစ်နှစ်သုံးနှစ်လောက် စင်္ကာပူမှာအလုပ်လုပ်ပြီးရင်တော့ မမဆောင်း ဒီကိုအပြီးပြန်လာတော့မယ် နှောင်း၊ တိုက်ခန်းလေးတစ်ခန်းကိုယ်ပိုင်ဝယ်ပြီး တို့တူဝရီး သုံးယောက် အတူတူနေကြတာပေါ့ကွယ်''

''နှောင်းလည်းအလုပ်လုပ်မယ်လေ မမဆောင်း''

ခင်ဆောင်းဦးက နှောင်းကို ပြုံးကြည့်နေသည်။

''ညီမလေးက ဘာအလုပ်လုပ်မှာလဲကွယ်''

''နှောင်းသီချင်းရေးမယ်လေ''

''သီချင်းရေးမယ်''

''ဟုတ်တယ်၊ ကိုဆက်ကပြောတယ်၊ သူ့မှာရေးပြီးသားသီချင်းတွေအများကြီးရှိတယ်တဲ့၊ အဆက်အသွယ်ကောင်းလို့ နာမည် ကြီးအဆိုတော်ကို သီချင်းရောင်းနိုင်ရင် ပိုက်ဆံတွေအများကြီးရနိုင်တယ်တဲ့ မမဆောင်း၊ နှောင်းလည်း သီချင်းရေးမှာပေါ့''

''မမဆောင်းညီမလေးက တိုးတက်လှချည်လား၊ သီချင်းရေးဖို့တောင် စိတ်ကူးနေပြီဆိုတော့...''

ခင်ဆောင်းဦးသည် နှောင်းစိတ်ကူးတွေယဉ်နေသည်ဟုသာ ထင်မိလေသည်။

''အခုဆို... နှောင်း ဂစ်တာကောင်းကောင်းတီးတတ်နေပြီ မမဆောင်း''

''ဪ... ဒါ့ကြောင့် ညဉ့်ခန်းမှာ ဂစ်တာကြီးချိတ်ထားတာကိုး''

''ကိုဆက်က နှောင်းကိုဂစ်တာတီးသင်ပေးတာလေ၊ ကိုဆက်ကဂစ်တာတီးလည်းသင်ပေးတယ်၊ သီချင်းလည်းဆိုပြတယ်၊ သူရေးထားတဲ့သီချင်းတွေလည်း ဆိုပြတယ်မမဆောင်း''

''ကိုဆက်ဆိုတာက ဘယ်သူလဲကွယ်''

''ကိုဆက်က ဟိုဖက်အစွန်ဆုံးအခန်းမှာနေတာလေ၊ ကိုငြိမ်းဆက်တဲ့၊ စားသောက်ဆိုင်ကတီးဝိုင်းမှာ ဂစ်တာတီးတာ''

''ဟင်–''

ခင်ဆောင်းဦးက ဒေါ်လေးရီကိုလှမ်းကြည့်လိုက်သည်။

''မောင်ဆက်က ညပိုင်းမှအလုပ်ဆင်းရတာဆိုတော့ နေ့လည်ခင်းအားနေတာလေ၊ နှောင်းနဲ့ခင်မင်နေကြတာပေါ့''

''စားသောက်ဆိုင်တီးဝိုင်းမှာ ဂစ်တာတီးတဲ့လူ၊ လူကောင်းသူကောင်းမှဟုတ်ရဲ့လားဒေါ်လေးရီ၊ နှောင်းက ဘာမှနားလည်တာ မဟုတ်ဘူး''

''ဒေါ်လေးရီလည်း စိုးရိမ်လို့အကဲခတ်ပြီးပါပြီ၊ ကောင်လေးက ရည်ရည်မွန်မွန်လေးပါဆောင်း၊ မမမာကလည်း နှောင်းကို မျက်ခြည်မပြတ်စောင့်ရှောက်ပေးပါတယ်''

''ဂစ်တာတီးသင်ပေးတယ်ဆိုတော့ သိပ်နီးနီးကပ်ကပ်ဖြစ်နေမှာပေါ့၊ ဆောင်းကစိုးရိမ်လို့ပါ၊ နှောင်းက ပကတိအဖြူထည်လေ ဒေါ်လေးရီ''

''သူတို့ဝရံတာမှာပဲ ဆိုကြတီးကြတာပါ''

''မမဆောင်းရယ်... ပြောသာပြောနေတာပါ၊ အခု... ကိုဆက်အိမ်ပြန်မလာတာကြာသွားပြီ၊ နှောင်းခွဲစိတ်မှာကိုလည်း သူမသိဘူး၊ နှောင်းမျက်စိပြန်မြင်တာလည်း သူမသိသေးဘူး၊ နှောင်းလေ... ကိုဆက်ကိုသိပ်မြင်ဖူးချင်တာပဲ၊ မမဆောင်းတို့ ဒေါ်လေးရီတို့ကို မြင်ဖူးချင်သလို မြင်ဖူးချင်တယ်၊ ကိုဆက်ဘယ်သွားနေလဲမသိပါဘူးမမဆောင်းရယ်''

ဆွေးဆွေးမြေ့မြေ့လေးပြောလိုက်သောနှောင်းကို ဆောင်းက အကဲခတ်နေလေသည်။ တစ်ပြည်တစ်ရွာရောက်နေသောဆောင်း သည် နှောင်းအတွက် အမြဲစိတ်ပူနေရပေ၏။ နှောင်းဘေးမှာယောကျာ်းလေးတစ်ယောက်ရှိနေတာကိုကြားလိုက်တော့ စိုးရိမ်မိသည် အမှန်ပင်။

''သူခရီးလွန်နေလို့ထင်ပါတယ်၊ ဆောင်းဒီမှာရှိနေတုံး မောင်ဆက်ပြန်ရောက်လာမှာပါ၊ ပြန်လာမှ ဆောင်းနဲ့မိတ်ဆက်ပေးရဦး မယ်''

''သူက ဘယ်အရွယ်လဲ ဒေါ်လေးရီ''

''ဆောင်းထက်တော့ငယ်မယ်၊ နှစ်ဆယ်–နှစ်ဆယ့်တစ်လောက်ပဲရှိဦးမယ်''

''ကိုဆက်အသက်က နှစ်ဆယ့်တစ်လို့ပြောတယ်ဒေါ်လေးရီ''

♛♛♛♛♛

ညနေပိုင်းတွင် ဒေါ်လေးရီကွယ်ရာ၌ နှောင်းက သူမြင်နေရသောပုံရိပ်အကြောင်း ဆောင်းကိုပြောပြလိုက်သည်။

''နှောင်းမျက်စိပြန်မြင်တဲ့အချိန်ကစပြီး သူ့ကိုမြင်နေရတယ် မမဆောင်း၊ ဆေးရုံကပြန်ဆင်းလာတော့ ဆေးရုံမှာ သူကျန်နေခဲ့ပြီ လို့ ထင်ခဲ့တာ၊ အိမ်ရောက်တော့ သူ့ပုံရိပ်က ပြန်ပေါ်လာတယ်လေ''

နှောင်းအပြောကြောင့် ဆောင်းအလန့်တကြားဖြစ်သွားလေသည်။

''အခုရော... အဲဒီမိန်းကလေးကို မြင်နေရသေးလားဆောင်း''

''သူရှိနေပါတယ်၊ ဒီအခန်းထဲမှာပဲရှိတယ်၊ ဟိုမှာလေ... ဒါပေမယ့် မမဆောင်း သူ့ကိုမမြင်ရဘူးမဟုတ်လား၊ နှောင်းတစ် ယောက်ပဲမြင်ရတာပါ''

နှောင်းက ''သူမ''ရှိနေသည့်နေရာကိုလက်ညှိုးထိုးပြလိုက်သည်။ ဆောင်းသည် ထိုနေရာကိုလှည့်ကြည့်ရင်း ကြက်သီးတဖြန်းဖြန်း ဖြန်းထသွားလေ၏။

''ငါတော့... ငါတော့... ဘာမှမမြင်ရဘူး''

''သူက အင်္ကျီအဝါရောင်လေးဝတ်ထားတယ်မမဆောင်း၊ ထမီကလည်းအဝါရောင်ပဲ၊ သူက သိပ်ချောတယ်၊ သူ့နှုတ်ခမ်းဒေါင့်မှာ မှဲ့ကလေးနဲ့''

''နှောင်း...''

''နှောင်းပြောတာတွေမယုံလို့လားဟင်မမဆောင်း''

''နင် စိတ်ထင်ယောင်ထင်မှားဖြစ်တာနေမှာပါ၊ နင် သိပ်စိတ်ကူးယဉ်နေပြီထင်တယ်''

''မမဆောင်းရယ်... နှောင်းက လူတွေကိုခုမှမြင်ဖူးတာပါ၊ သူ့ကိုမြင်ရတာ နှောင်းစိတ်ကူးထဲမှာမဟုတ်ဘူး၊ ဒေါ်လေးရီမြင်ရဘူးဆိုကတည်းက ထူးဆန်းတယ်လို့တော့ နှောင်းထင်မိသားပဲ၊ အခုတော့... တကယ့်အစစ်အမှန်နဲ့ သူ့ပုံရိပ် ကွဲပြားတာတွေကို နှောင်းသိလာပါပြီ''

''ဘယ်လိုလဲနှောင်း''

''လူတွေရဲ့ကိုယ်ခန္ဓာကို ဖောက်ထွင်းပြီးမှမမြင်ရနိုင်တာပဲလေ၊ သူ့ကိုယ်ကိုတော့ ဖောက်ထွင်းပြီးမြင်နေရတယ်မမဆောင်း၊ သူရှိနေပေမယ့် သူ့ကိုယ်ထဲကို လူတွေက ဖြတ်သွားလို့ရနေတယ်၊ အဲဒါ သူ့ကိုယ်ဟာ အကောင်အထည်မရှိလို့ပေါ့နော် မမဆောင်း''

''ဒါဆို ဝိညာဉ်ပေါ့၊ သူက နင့်ကို ဘယ်လိုတွေချောက်လှန့်နေလဲဟင်''

''ချောက်လှန့်တယ်၊ ချောက်လှန့်တယ်ဆိုတာ ဘယ်လိုလဲ မမဆောင်း၊ သူ နှောင်းကိုဘာမှလုပ်မပြပါဘူး၊ ဘာမှလဲမပြောဘူး၊ ကြောက်အောင်လည်း မလုပ်ဘူး၊ တစ်ခုခုတော့ ပြောချင်ပုံပဲ၊ သူ့ကိုမြင်ရတာ သိပ်သနားဖို့ကောင်းတယ် မမဆောင်းရယ်၊ သူ ငိုချင်နေတာလားမသိဘူး၊ နှောင်း သူ့ကို သိပ်သနားတာပဲမမဆောင်းရယ်''

ဆောင်းက နှောင်းပြောသမျှကို အကဲခတ်နားထောင်နေလေသည်။ နှောင်းမျက်လုံးများကိုစိုက်ကြည့်ရင်းလည်း နှောင်းစိတ်ကို အကဲခတ်နေမိသည်။ နှောင်းကတော့ အဖြစ်မှန်တစ်ခုကိုပြောသလို အတည်ပေါက်ပြောနေခြင်းပင်ဖြစ်ပါ၏။

''ဒါဖြင့် သူဟာ နှောင်းအတွက်မျက်ကြည်လွှာလှူခဲ့တဲ့ မျက်ကြည်လွှာပိုင်ရှင်ဖြစ်လိမ့်မယ်နှောင်း၊ အဲဒါကြောင့်သာ သူ့မျက်လုံးကို စွဲလမ်းပြီး နင့်နောက်လိုက်နေတာပေါ့၊ မျက်ကြည်လွှာလှူတဲ့သူက ဘယ်သူတဲ့လဲ''

''အလှူရှင်ကိုသိခွင့်မရဘူးတဲ့မမဆောင်း၊ နှောင်းတို့မေးကြည့်ပြီးပါပြီ၊ မျက်ကြည်လွှာအစားထိုးကုပေးတဲ့ဆရာဝန်ကြီးကိုယ်တိုင်လည်း မသိဘူးတဲ့''

''တောင်တန်းသာသနာပြုဆရာတော်ဘုရာကြီးရဲ့ ပရိတ်ရေပုလင်း ဘုရားစင်ပေါ်မှာရှိသေးလားမသိဘူး၊ မမဆောင်းထားခဲ့တာ၊ လာ–နှောင်း၊ ဘုရားစင်ရှေ့ကိုသွားရအောင်''

ဆောင်းက နှောင်းကို ဘုရားစင်ရှေ့ခေါ်သွားသည်။ ဘုရားစင်ပေါ်တွင် ပရိတ်ရေပုလင်းရှိနေပါသေးသည်။ ပရိတ်ရေတစ်ဝက်ကျော် ကျန်သေး၏။

ဆောင်းက နှောင်းဦးခေါင်းကို ပရိတ်ရေနှင့်တောက်ပေးသည်။ နှောင်းဦးခေါင်းကိုကိုင်၍ ဂါထာများရွတ်ပေးသည်။

''၂၄ပစ္စည်းရတယ်မဟုတ်လားနှောင်း''

''ရပါတယ်မမဆောင်း''

''မြင်နေရတဲ့မကောင်းဆိုးဝါးတွေပပျောက်သွားအောင် နှောင်းကိုယ်တိုင်လည်း ပုတီးစိတ်ပြီး ၂၄ပစ္စည်းရွတ်နော်''

မကောင်းဆိုးဝါး။ ''သူမ''ဟာ မကောင်းဆိုးဝါးလား။ သနားစရာကောင်းသောသူမသွင်ပြင်ကို မကောင်းဆိုးဝါးလို့ နှောင်းမထင်မိပါ။

''တို့တွေ ဘုန်းကြီးသုံးပါးလောက်ပင့်ပြီး အိမ်မှာ အန္တရာယ်ကင်းဆွမ်းကျွေးရအောင်၊ မျက်ကြည်လွှာပိုင်ရှင်ကိုလည်း အမျှအတန်းဝေပြီးဖြစ်သွားတာပေါ့''

''မနက်ဖြန် ဆေးရုံကိုပြန်ပြဖို့ ရက်ချိန်းနော်မမဆောင်း''

''ဟုတ်လား၊ မမဆောင်းလည်း လိုက်ခဲ့မယ်၊ ဆွမ်းကျွေးဖို့ တော့ သဘက်ခါအတွက် ဒေါ်လေးရီကိုစီစဉ်ခိုင်းလိုက်တာပေါ့''

''မမဆောင်း၊ ဒေါ်လေးရီကြောက်မှာစိုးလို့ သူ့ကိုမြင်နေရတဲ့အကြောင်း ဒေါ်လေးရီကိုပြောမထားဘူး၊ ဒေါ်လေးရီက သူဆေးရုံမှာပဲ ကျန်နေခဲ့ပြီလို့ထင်နေတာ''

''မမဆောင်းလည်း မပြောပါဘူးကွယ်၊ သူ့အတွက်ကောင်းမှုကုသိုလ်လုပ်လိုက်ရင်တော့ နှောင်းမြင်နေတာတွေပျောက်သွားလိမ့်မယ် ထင်ပါတယ်''

♛♛♛♛♛♛♛♛♛♛

( ၉ )

နောက်တစ်နေ့တွင် ခင်ဆောင်းဦးကိုယ်တိုင် ဆေးရုံကိုလိုက်လာခဲ့သည်။

ဆရာဝန်ကြီးက နှောင်းကိုစမ်းသပ်စစ်ဆေးကာ အခြေအနေကောင်းမွန်ကြောင်းပြောသည်။ သောက်လက်စဆေးများကိုပင် ဆက်သောက်ရန်ညွှန်ကြား၏။ နောက်တစ်ပတ်ခြားတွင် ပြန်ပြရန် ရက်ချိန်းထပ်ပေးလိုက်လေသည်။

ခင်ဆောင်းဦးက ဆရာဝန်ကြီးကို နှောင်းမြင်တွေ့နေရသည့် အတွေ့အကြုံအားပြောပြလိုက်သည်။

''အမြင်လွှာမတည်ငြိမ်သေးလို့ဖြစ်မှာပါမိန်းကလေး၊ နောက်ပြီးတော့ နဂိုမူရင်းမျက်ကြည်လွှာပိုင်ရှင်ရဲ့စွဲလမ်းမှုကြောင့်လည်း ဖြစ်နိုင်တယ်''

''မျက်ကြည်လွှာပိုင်ရှင်ဟာကွယ်လွန်သွားပြီမဟုတ်လား၊ ကျွန်မက မျက်ကြည်လွှာပိုင်ရှင်ရဲ့ဝိညာဉ်လိုက်နှောက်ယှက်နေတာမျိုးဖြစ်မှာ စိုးလို့ပါ''

ခင်ဆောင်းဦးစကားကြောင့် ဆရာဝန်ကြီးက ပြုံးလေသည်။

''ဖြစ်ကောင်းဖြစ်နိုင်ပါတယ်လေ၊ အဲဒီလိုဖြစ်တော့ကော ဘာဖြစ်လို့လဲ၊ ကြောက်စရာမလိုပါဘူးကွယ်''

''ကျွန်မတို့လည်း သူ့ကိုရည်ရွယ်ပြီး ကုသိုလ်ကောင်းမှုလုပ် အမျှအတန်းဝေဖို့စီစဉ်ထားပါတယ်ဆရာကြီး''

''ဒါဆိုပြီးပြီပေါ့၊ သိပ်ကောင်းတဲ့အစီအစဉ်ပဲ၊ ဖစ်ဆစ်ကယ်ပိုင်းအနေနဲ့တော့ အားလုံးကောင်းတယ်၊ မျက်ကြည်လွှာဟာ ခင်နှောင်းထွေးမျက်လုံးအိမ်နဲ့တစ်ထပ်တည်းအံဝင်ဂွင်ကျဖြစ်နေပြီ၊ အမြင်အာရုံလည်းပြောစရာမရှိဘူး၊ ခင်နှောင်းထွေးလည်း သိပ်အစွဲအလမ်း မထားပါနဲ့လေ''

''ဟုတ်ကဲ့ပါဆရာကြီး''

''လူတစ်ယောက်ရဲ့ခန္ဓာကိုယ်က အစိတ်အပိုင်းတစ်ခုကို တခြားလူတစ်ယောက်ဆီမှာအစားထိုးထည့်ပေးရတာဆိုတော့ နဂိုမူရင်းပိုင်ရှင်ရဲ့ဆဲလ်တွေက ရိုက်ခတ်မှုရှိနိုင်တာပဲ၊ မျက်ကြည်လွှာဟာပိုင်ရှင်နဲ့ မွေးကတည်းက သေတဲ့အထိနေခဲ့တာကိုး၊ အသည်းအစားထိုး ကုသခံခဲ့တဲ့လူတစ်ယောက်ဟာ ကုသခံပြီးမှ ဆေးလိပ်သိပ်သောက်ချင်တဲ့စိတ်ပေါ်လာတာ ဆေးမှတ်တမ်းမှာရှိဖူးတယ်''

''သူက အရင်ဆေးလိပ်မသောက်တတ်ဖူးပေါ့နော်''

''ဟုတ်တယ်၊ အဲဒါဟာ မူလပိုင်ရှင်ရဲ့ဆဲလ်တွေက နှိုးဆော်မှုပေါ့၊ ကဲ– ဆရာကြီးတို့နောက်တစ်ပတ်ပြန်ဆုံကြတာပေါ့''

ဆရာဝန်ကြီးနှင့် သည်မျှလောက်ပဲ ဆွေးနွေးနိုင်ခဲ့ပါသည်။ နောက်ထပ်လူနာများလည်းရှိသေးသည်မို့ ဆရာဝန်ကြီးအနေဖြင့် အချိန်သိပ်မပေးနိုင်ပေ။

ဘာပဲဖြစ်ဖြစ် မျက်မြင်အခြေအနေကောင်းမွန်သည်ဆိုသော မှတ်ချက်ကြောင့် ကြေနပ်ရပေသည်။

♛♛♛♛♛

အိမ်ပြန်အရောက်တွင် ဆောင်းက သူ့ထင်မြင်ယူဆချက် တစ်ခုကိုပြောလိုက်သည်။

''နှောင်း... ဟိုကောင်မလေးကို မျက်ကြည်လွှာပိုင်ရှင်ဖြစ်မယ်လို့ နင်ထင်သလား''

''မသိဘူးလေ၊ မျက်ကြည်လွှာပိုင်ရှင်ဖြစ်နိုင်တယ်ဆိုတာ မမဆောင်းရဲ့အထင်အမြင်ပဲမဟုတ်လား''

''ဒါပေမယ့်... ငါတစ်ခုစဉ်းစားမိတယ်၊ လူတွေဟာ ကိုယ့်ကိုကိုယ် ပြန်မမြင်နိုင်ဘူးလေ နှောင်း''

''ရှင်...''

''မမဆောင်းရဲ့မျက်လုံးနဲ့ မမဆောင်းကိုယ်ကို ပြန်မမြင်နိုင်ဘူး၊ ကိုယ့်ပုံကိုယ်မြင်ရချင်ရင် မှန်ထဲမှာကြည့်မှဖြစ်မယ်''

''အင်းနော်...''

''နင့်ကိုတပ်ပေးလိုက်တဲ့မျက်ကြည်လွှာဟာ ဟိုကောင်မလေးဥစ္စာပဲဆိုပါတော့၊ အဲဒါဟာ သူ့မျက်လုံးလေ၊ သူ့မျက်လုံးနဲ့သူ့ကိုယ်သူ ပြန်မြင်ဖို့ဆိုတာမဖြစ်နိုင်ဘူး''

''မျက်ကြည်လွှာပိုင်ရှင်က တခြားတစ်ယောက်ဆိုပါတော့၊ ဒါဖြင့်… သူ့ကိုမြင်နေတာကျတော့ရော''

''ဆရာကြီးပြောသလို မူရင်းပိုင်ရှင်ရဲ့စွဲလမ်းမှုပဲလားမသိဘူး၊ ဒါမှမဟုတ် မျက်ကြည်လွှာပိုင်ရှင်သေခါနီးမှာ သူနောက်ဆုံးမြင်ခဲ့ရတဲ့ပုံရိပ်ဖြစ်ချင်ဖြစ်မယ်၊ နောက်ဆုံးပုံရိပ်က သူ့မျက်ကြည်လွှာမှာ စွဲနေတာလေ''

''ဟုတ်ချင်လည်း ဟုတ်မှာပေါ့မမဆောင်း''

''နင်မြင်ရတဲ့ကောင်မလေးမှာ မျက်လုံးပါသလား''

''ပါတာပေါ့မမဆောင်း၊ သူကသိပ်လှတာ''

''ဟုတ်ပါပြီ၊ သူသာမျက်ကြည်လွှာပိုင်ရှင်ဖြစ်ရင် သူ့ပုံရိပ်မှာ မျက်ကြည်လွှာမပါရဘူးလေ၊ သူက တခြားတစ်ယောက် သပ်သပ်ဖြစ်မယ်''

တခြားတစ်ယောက်ဆိုလျှင် မည်သူဖြစ်မည်လဲ။ မျက်ကြည်လွှာပိုင်ရှင်နှင့် ဘယ်လိုဆက်စပ်မှုရှိသလဲ။ နှောင်းက မမဆောင်း ပြောခဲ့တာတွေကိုပြန်တွေးကြည့်နေမိသည်။

လူတွေဟာ ကိုယ့်မျက်လုံးနဲ့ ကိုယ့်ကိုကိုယ်ပြန်မမြင်နိုင်ဘူးတဲ့။ ကိုယ့်ပုံကိုမြင်ချင်ရင် မှန်ထဲမှာကြည့်မှမြင်ရတာတဲ့။

နှောင်းသည် မှန်ရှေ့သို့ထလာခဲ့လေသည်။ မှန်တင်ခုံမှ တစ်ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် မတ်တပ်ရပ်လိုက်သည်။ မှန်ထဲမှာပေါ်လာတဲ့ကိုယ့်ပုံကို နှောင်းစိုက်ကြည့်နေမိသည်။

နှောင်းစိုက်ကြည့်နေစဉ်မှာပင် မှန်ထဲမှနှောင်းတစ်ကိုယ်လုံးမှာ တဖြည်းဖြည်းမှုန်ဝါးသွားလေသည်။ မှုန်ဝါးရာမှ မှန်ထဲတွင် နှောင်းတစ်ကိုယ်လုံးပျောက်သွားလေသည်။ မျက်လုံးနှစ်လုံးနေရာကွက်ကွက်ကလေးသာကျန်ရစ်တော့သည်။

မှန်ထဲတွင် မျက်လုံးနှစ်လုံး။

ကြည့်နေရင်းမှာပင် မျက်လုံးနှစ်လုံးကိုဝန်းပတ်၍ လူတစ်ယောက်၏ပုံရိပ်က တဖြည်းဖြည်းပေါ်လာလေသည်။ ဆံပင်၊ နဖူး၊ နှာတံ၊ ပါးစပ်များ တစ်ခုပြီးတစ်ခုပေါ်လာကာ လူစိမ်းတစ်ယောက်၏မျက်နှာသည် မှန်ထဲတွင်ထင်ရှားလာလေ၏။ မျက်လုံးကတော့ နှောင်း၏မျက်လုံးများသာ။

အလို…။ ထိုသူသည် ယောကျ်ားတစ်ယောက်ပါလား။ ချောမောခန့်ညားသောယောကျ်ားတစ်ယောက်က မှန်ထဲမှတစ်ဆင့် နှောင်းကို ငေးကြည့်နေသည်။

မျက်နှာတစ်ခုတည်းသာမကပါ။ ကိုယ်လုံးကိုယ်ထည်အပြည့်အစုံပါ မှန်ထဲတွင်ပေါ်လာသည်။ ဂျင်းဘောင်းဘီနှင့်တီရှပ်ကို ဝတ်ဆင်ထားသောယောကျ်ားပျိုတစ်ယောက်။

နှောင်းသည် မိမိပုံရိပ်မှတစ်ဆင့်ပြောင်းလဲသွားသောယောကျ်ားပုံသဏ္ဌာန်ကို မလှုပ်မယှက်အံ့သြစွာစိုက်ကြည့်နေမိသည်။ မှန်ထဲမှပုံရိပ်ထဲတွင် နှောင်းနှင့်သက်ဆိုင်တာဆိုလို့ မျက်လုံးနှစ်လုံးသာရှိတော့သည်။

နှောင်းက မျက်တောင်ခတ်ကြည့်လိုက်၏။

မှန်ထဲမှလူကလည်း မျက်တောင်လိုက်ခတ်သည်။

နှောင်းက လက်တစ်ဖက်ကိုမြှောက်လိုက်သည်။

အလို… မှန်ထဲကလူကလည်း လက်တစ်ဖက်လိုက်မြှောက်နေပါကလား။

နှောင်းက ပါးစပ်ကိုဟကာ လျှာကိုထုတ်လိုက်သည်။

မှန်ထဲမှလူသည်လည်း နှောင်းနည်းတူ ပါးစပ်ကိုဟ၍လျှာကို ထုတ်ကာပြောင်ပြနေလေသည်။

နှောင်းမျက်စိတစ်ဖက်ထဲမှိတ်ကြည့်သည်။

မှန်ထဲကလူသည်လည်း မျက်စိတစ်ဖက်မှိတ်သွားသည်။

နှောင်းလက်ပိုက်လိုက်တော့လည်း သူကလိုက်ပြီး လက်ပိုက်၏။

အို… သူဟာ နှောင်းလား။ နှောင်းဟာ သူလား။

နှောင်းနားမလည်နိုင်တော့ပေ။

ထိုစဉ်… ''သူမ''၏ပုံရိပ်က မှန်ထဲတွင် ရုတ်တရက်ပေါ်လာလေသည်။

နှောင်းက နောက်ကိုလှည့်ကြည့်လိုက်သည်။ မရှိ။ ဘယ်သူမှ မရှိ။ နှောင်းနောက်တွင် ''သူမ''ရှိမနေပါ။ မှန်ထဲတွင်သာပေါ်နေခြင်းဖြစ်ပါသည်။

နှောင်းက မှန်ထဲကိုပြန်ကြည့်လိုက်သည်။

သူမသည် မှန်ထဲတွင် ထိုသူ၏နောက်မှတဖြည်းဖြည်းလျှောက်လာနေလျှက်ရှိသည်။ ထိုသူ့နောက်အရောက်တွင် သူမက ထိုသူကို နောက်မှသိုင်းဖက်လိုက်သည်။

ပြီးတော့… သူမသည် မျက်ရည်များကျကာ ရှိုက်ကြီးတငင် ငိုနေပါတော့သည်။ သူမငိုနေပုံမှာ ဆွေးဆွေးမြေ့မြေ့ရှိလှသည်။ သူမ ငိုနေပုံကိုကြည့်၍ နှောင်းရင်မှာ ကြေကွဲလာမိသည်။ သူမနှင့်မှန်ထဲကလူသည် ဘယ်လိုပတ်သက်ပါလိမ့်။

ကြည့်နေရင်းမှာပင် ပုံရိပ်တို့က တဖြည်းဖြည်းဝေဝါးသွား သည်။ ပျောက်ကွယ်သွားသည်။

နောက်ဆုံးတွင် မျက်လုံးလေးနှစ်လုံးသာကျန်ရစ်တော့သည်။

ထိုမျက်လုံးကိုဝန်းပတ်၍ နှောင်း၏မျက်နှာပြန်ပေါ်လာသည်။ နှောင်း၏တစ်ကိုယ်လုံးပြန်ပေါ်လာသည်။ မှန်ထဲမှပုံရိပ်ရှင်သည် နှောင်း ကိုယ်တိုင်ပြန်လည်ဖြစ်တည်သွားပါပြီ။

''မမဆောင်း၊ မမဆောင်း၊ လာပါဦး''

နှောင်းက မမဆောင်းကို အသံကုန်ဟစ်ခေါ်လိုက်မိလေသည်။

♛♛♛♛♛

''ဘာဖြစ်လို့လဲနှောင်း၊ ဘာဖြစ်လို့လဲ''

ဆောင်းအပြေးအလွှားရောက်လာသည်။

နှောင်းက မှန်ထဲတွင်မြင်ခဲ့ရသောအတွေ့အကြုံကိုပြန်ပြောပြလိုက်သည်။

''ဟင်– ဒါဆို မမဆောင်းထင်တာ မှန်နေပြီပေါ့၊ နှောင်းမြင်နေရတဲ့ကောင်မလေးဟာ မျက်ကြည်လွှာပိုင်ရှင်မဟုတ်ဘူးဆိုတာ သေချာနေပြီ၊ မျက်ကြည်လွှာပိုင်ရှင်ဟာ ယောကျာ်းတစ်ယောက်ပေါ့''

''သူက… သူက… အဲဒီလူကိုစွဲလမ်းပြီး နောက်ကလိုက်နေတာပေါ့နော်''

''ဟုတ်လိမ့်မယ်၊ ဒါပေမယ့် သူကိုယ်တိုင်လည်း ဝိညာဉ်ဘဝရောက်နေပြီနှောင်း''

''ဘာလို့ အဲ့လိုပြောနိုင်တာလဲဟင်''

''နှောင်းရယ်၊ နင့်ကိုကပ်နေတဲ့မိန်းကလေးဟာ ဝိညာဉ်မို့လို့သာ ဘေးကလူတွေမမြင်ရတာပေါ့၊ အေးလေ… မနက်ဖြန် ဘုန်းကြီးဆွမ်းကျွေးပြီးပရိတ်ရွတ်မှာပဲ၊ ဒါတွေပျောက်သွားမှာပါ၊ မကြောက်နဲ့နော် နှောင်း''

''မကြောက်ပါဘူးမမဆောင်းရယ်၊ ကြောက်စရာမှမရှိတာ၊ နှောင်းသူ့ကိုသနားတယ်၊ သိပ်သနားတာပဲ၊ ပြီးတော့ မှန်ထဲမှာမြင်လိုက်ရတဲ့ယောကျာ်းဟာဘယ်သူလဲ၊ သူနဲ့ဘယ်လိုပတ်သက်သလဲ၊ နှောင်းသိချင်လိုက်တာ၊ ဒါတွေ သိခွင့်မှရပါတော့မလားမသိဘူး မမဆောင်းရယ်''

♛♛♛♛♛

( ၁၀ )

မှန်ထဲမှာပေါ်လာတဲ့ ယောကျာ်းပုံရိပ်ဟာဘယ်သူလဲ။

မဆီမဆိုင် နှောင်းက ကိုဆက်ကိုသတိရလိုက်မိလေသည်။

ကိုဆက်၊ ကိုဆက်များဖြစ်နေမလား။

နှောင်းသည် ကိုဆက်ကို ယခုအချိန်အထိ မမြင်ဖူးသေးပါ။ ကိုဆက်ပျောက်ဆုံးနေသည်။ ဘယ်ကိုသွားမယ်လို့ ဘယ်သူ့ကို မှပြောမသွားခဲ့သည့်ကိုဆက်သည် ယခုအချိန်ထိပြန်မလာသေး။ ပျောက်ဆုံးနေသည်။

ကိုဆက်။ နှောင်းကိုမျက်စိပြန်မြင်စေချင်သည့်ကိုဆက်။

ကိုဆက်ပြောခဲ့သည့်စကားများကို နှောင်းပြန်ကြားယောင်လာသည်။

*''ကိုယ်ဒီနေ့ ဘာလုပ်လာသလဲ သိလား နှောင်း''*

*''ရှင်…ကိုဆက်ဘာလုပ်ခဲ့တယ်ဆိုတာ ကိုဆက် မပြောပဲနဲ့ နှောင်းဘယ်သိမှာလဲ ကိုဆက်ရယ်''*

*''ဒါဆို… ပြောပြမယ်၊ ဒီနေ့ ကိုယ် ကိုယ့်ရဲ့ မျက်ကြည်လွှာကို လှူခဲ့တယ်နှောင်း''*

*''ရှင်…''*

*''မျက်ကြည်လွှာ လှူတာလေ…၊ နှောင်းလို မျက်စိအာရုံစွန့်လွှတ်ထားရတဲ့လူတွေကို စာနာလို့ လှူခဲ့တာပါ နှောင်း၊ အထူးသဖြင့်… နှောင်းကို စာနာ မိလို့ ဒီအလှူကို ကိုယ်လုပ်ခဲ့တာပါနှောင်းရယ်''*

*''ကိုဆက်ရယ်…''*

*''ကိုယ့်ရဲ့မျက်ကြည်လွှာဟာ… ကိုယ်သေရင် အမြင်အာရုံချို့တဲ့ သူတစ်ယောက်ယောက်အတွက် အလှူဒါနဖြစ် မှာပေါ့နှောင်း၊ တကယ်တော့… ကိုယ်လေ… ကိုယ့်ရဲ့ ဟောဒီမျက်လုံးနှစ်လုံးထဲက တစ်လုံးကို နှောင်းမြင်ရအောင် မသေခင်အခုအချိန်ကတည်းက ဖောက်ထုတ်ပေးချင်တာပါ နှောင်းရယ်''*

*''ကိုဆက်ရယ်… မဖြစ်နိုင်တာ''*

*''မဖြစ်နိုင်လို့ပေါ့၊ လူမသေပဲမျက်လုံးကိုဖောက်ထုတ်ပေးတဲ့အလုပ်မျိုးကို တားမြစ်ထားလို့သာပေါ့၊ ပေးလို့များရရင် နှောင်းအတွက် ကိုယ့်မျက်လုံးကို ဖောက်ထုတ်ပေးချင်ပါတယ်ကွယ်''*

ကိုဆက်များ တစ်နေရာရာမှာ အကြောင်းတစ်စုံတစ်ခုနဲ့ကွယ်လွန်ပြီး… ကိုဆက်မျက်ကြည်လွှာဟာ နှောင်းဆီကို တိုက်တိုက် ဆိုင်ဆိုင်ရောက်လာတာလား။

ဒီလိုဆိုရင်… ''သူမ''ဟာ ကိုဆက်နဲ့ဘယ်လိုပတ်သက်သလဲ။

အို… ကိုဆက်မဟုတ်ပါစေနဲ့။ ကိုဆက်ကရော အခုလိုအချိန်ကျမှ ဘာလို့ပျောက်နေရတာလဲ ကိုဆက်ရယ်။ ကိုဆက်မျက်စိပြန် မြင်စေချင်တဲ့နှောင်း… မျက်စိပြန်မြင်နေပြီဆိုတာ ကိုဆက်သိစေချင်လိုက်တာ။

♛♛♛♛♛♛♛♛♛

( ၁၁ )

ဘုန်းကြီးသုံးပါးပင့်၍ အာရုံဆွမ်းကပ်လှူလိုက်သည်။

အခန်းနီးချင်းများကိုဖိတ်၍ ဒန်ပေါက်ထမင်းကျွေးပါသည်။

ဆရာတော်များက ပရိတ်ရွတ်ပေးသည်။

အားလုံးက နှောင်းကိုမျက်ကြည်လွှာလှူဒါန်းသူအား ရည်စူးကာအမျှအတန်းပေးဝေလိုက်သည်။

ဘုန်းကြီးများပြန်ကြွအသွားတွင် နှောင်းကိုယ်တိုင် ငါးခန်းတွဲတန်းလျားအနှံ့ ပရိတ်ရေများဖြန်းခြင်း၊ ပရိတ်ကြိုးချည်ခြင်းများကို လိုက်လုပ်လိုက်သည်။

စိတ်ထဲမှာလည်း ကြည်နူးပေါ့ပါးနေ၏။

''ဘယ်လိုလဲနှောင်း၊ နင့်ကောင်မလေးကို မြင်ရသေးလား''

ဆောင်းက မေးသည်။

''မမြင်ရတော့ဘူးမမဆောင်း''

တကယ်တော့... ''သူမ''ကို အချိန်ပြည့်မြင်တွေ့နေရခြင်း မဟုတ်ပါ။ တစ်ခါတစ်ရံပျောက်နေတတ်ပြီး တစ်ခါတစ်ရံ နှောင်းမျက်စိရှေ့တွင် ပေါ်လာတတ်ခြင်းဖြစ်သည်။ နှောင်း သတိထားမိသလောက် ''သူမ''သည် လူများများရှိသည့်အချိန်မျိုးတွင် ပျောက်ကွယ်နေတတ်သည်။ အများအားဖြင့်... နှောင်းတစ်ယောက်တည်းရှိသည့်အချိန်များတွင်သာ နှောင်းမျက်စိရှေ့၌ပေါ်လာတတ်သည်။

ယခုပျောက်ကွယ်နေခြင်းမှာ ပရိတ်ရွတ်အမျှအတန်းဝေလိုက်ခြင်းကြောင့်ဖြစ်ချင်ဖြစ်မည်။ မြင်တော့မမြင်ရတော့ပေ။

နှောင်းသည် သူမတကယ်တန်းပျောက်ကွယ်သွားမည်ဆိုတော့လည်း သူမအကြောင်းကိုတွေးနေမိပြန်သည်။ သူမဟာ''ဘာ'' ဆိုတာပင် နှောင်းမသိလိုက်ရပါလား။ သူမ၏ညိုးနွမ်းသောသွင်ပြင်က နှောင်းအာရုံထဲမှာ ဝဲလှည့်ထင်ပေါ်နေခဲ့သည်။

တကယ်သာ သူမဟာ မကျွတ်မလွတ်တဲ့နာနာဘာဝဝိညာဉ်တစ်ကောင်ဖြစ်ရင် ကောင်းမွန်ရာကိုရောက်ပါစေတော့ဟု နှောင်း ဆုတောင်းမိပါသည်။

♛♛♛♛♛

သို့သော်... နှောင်းဆုတောင်းမပြည့်ခဲ့ချေ။

မနက်ပိုင်းတစ်ပိုင်းလုံး ကွယ်ပျောက်နေသော''သူမ''ကို နေ့လည်ခင်းတွင် ပြန်တွေ့လိုက်ရသောကြောင့်ဖြစ်ပါသည်။

နှောင်း အိမ်ရှေ့ဝရံတာကိုထွက်လာချိန်တွင် သူမသည် နှောင်းရှေ့၌ ဖြတ်ကနဲပေါ်လာလေ၏။ အို... ''သူမ''မသွားသေးပါလား။

''သူမ''က နှောင်းရှေ့မှဦးဆောင်ကာ ဝရံတာအပြင်သို့ထွက်လိုက်သည်။ နှောင်းကိုနောက်ပြန်လှည့်ကြည့်လိုက်သည်။ ပြီးတော့ ... လက်ပြ၍ခေါ်နေလေသည်။

လွန်ခဲ့သောနှစ်ရက်ကအတိုင်းပင် သူမနောက်ကိုလိုက်စေလိုသည့်သဘောဖြင့် ခေါ်ယူနေခြင်းဖြစ်ပါ၏။

နှောင်းက ဝရံတာမှကုလားထိုင်တွင် ဝင်ထိုင်ရင်း သူမကို အကဲခတ်ကြည့်နေလိုက်သည်။

သူမခေါ်ရာနောက်သို့ နှောင်းလိုက်မလာသည့်အခါ သူမသည် စိတ်ကိုလျှော့ရင်း အိမ်ထဲသို့ပြန်ဝင်လာလေသည်။ နှောင်း ဘေးတွင်ရပ်ကာ နှောင်းကိုငေးကြည့်နေပြန်လေသည်။

ပရိတ်ရွတ်အမျှအတန်းပေးဝေတာတောင် ပျောက်ကွယ်မသွားတဲ့သူမဟာ ဘယ်သူများလဲကွယ်။

နှောင်းသည် ထိုအကြောင်းအား မမဆောင်းကို ပြန်ပြောမပြတော့ပါ။ မမဆောင်းတစ်ယောက် နောက်နှစ်ရက်နေပြီးလျှင် စင်္ကာပူကိုပြန်တော့မည်။ မမဆောင်း နောက်ဆံငင်နေမှာစိုး၍ ဒီအကြောင်းကို မပြောတော့ဘူးလို့ နှောင်းဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

သူမ ''ဘာ''ဆိုတာ အဖြေရတဲ့အထိ နှောင်းလေ့လာပါဦးမည်။

နှောင်းသည် ဘုရားစင်ရှေ့သို့သွားကာ ၂၄ပစ္စည်းပဋ္ဌာန်းကိုရွတ်ရင်း ပုတီးစိတ်နေမိတော့သည်။

♛♛♛♛♛♛♛♛♛

( ၁၂ )

နှောင်းပုတီးစိတ်လို့မှတစ်ပတ်မပြည့်မီ တစ်ဖက်ခန်းမှ ကြီးကြီးမာ၏အော်သံကိုကြားလိုက်ရလေသည်။

''နှောင်းရေ... နှောင်း... ထွက်ခဲ့ပါဦးဟေ့''

နှောင်းက ဘုရားကိုဦးချကာ အပြင်ဖက်သို့ထွက်ခဲ့လေသည်။

အပြင်ဖက်ဝရံတာတွင် ကြီးကြီးမာနှင့်လူငယ်တစ်ယောက်။

''နှောင်းရေ... ကြည့်လိုက်စမ်း၊ သူဘယ်သူလဲလို့''

ကြီးကြီးမာက လူငယ်ကိုညွှန်ပြရင်းပြောလိုက်၏။

''ဟင်... နှောင်း၊ နှောင်းက ကြည့်လို့ရတယ်၊ နှောင်းမြင်လို့ရနေပြီ၊ ဟုတ်လား''

လူငယ်ထံမှ တအံ့တသြအသံထွက်ပေါ်လာလေသည်။

အသံကြားသည်နှင့် နှောင်းသိလိုက်ပါပြီ။ ကိုဆက်။

''ကိုဆက်၊ ကိုဆက်ဘယ်ပျောက်နေတာလဲဟင်၊ အို… တော်ပါသေးရဲ့၊ ကိုဆက်… ကိုဆက်ရယ်''

ကိုငြိမ်းဆက်ကို မျက်မြင်ကိုယ်တွေ့တွေ့လိုက်ရ၍ ဝမ်းသာသွားခြင်းနှင့်အတူ နှောင်းမျက်ရည်များကျလာလေသည်။

''အို… ဘာလို့ငိုရတာလဲနှောင်းရယ်''

''နှောင်း… နှောင်းဘယ်လိုမျက်စိပြန်မြင်သွားတာလဲဟင်၊ ကိုယ်သွားနေတဲ့ တစ်ပတ်အတွင်းမှာ''

ကြီးကြီးမာနှင့်ကိုဆက်အသံက တစ်ပြိုင်တည်းထွက်လာသည်။

နှောင်းငိုမိခြင်းမှာ မှန်ထဲတွင်မြင်ခဲ့ရသောလူကို ကိုဆက်မဟုတ်မှန်းသိလိုက်၍ ဝမ်းသာပြီးမျက်ရည်ကျခြင်းဖြစ်ပါသည်။

''မင်းက ဘာမပြောညာမပြောထွက်သွားတာကိုး၊ မင်းပြန်မလာတဲ့နောက်တစ်နေ့ပဲ နှောင်းကိုဆေးရုံက လာခေါ်တာလေ''

''ဟုတ်တယ်ကိုဆက်၊ နှောင်းအတွက်မျက်ကြည်လွှာရလို့ ဆေးရုံကအရေးပေါ်ခေါ်ပြီး ခွဲစိတ်ပေးလိုက်တာ၊ နှောင်းမျက်စိမြင်တာ ငါးရက်တောင်ရှိပါပြီ''

''ဟာ… ဝမ်းသာလိုက်တာနှောင်းရယ်၊ မျက်လုံးပြူးလိုပါလားနော်၊ ကျွန်တော်အရမ်းဝမ်းသာတာပဲကြီးကြီးမာ''

''အေး… အဲဒီလိုဝမ်းသာရအောင် ငါက မင်းကိုကြိုမပြောပဲ နှောင်းကိုခေါ်ပြတာ''

အိမ်ရှေ့မှအသံများကြောင့် ဒေါ်လေးရီနှင့်ဆောင်းတို့ အပြင်ထွက်လာကြသည်။

''ဟော… မောင်ငြိမ်းဆက်၊ မင်းဘယ်ပျောက်နေတာလဲကွယ်၊ မင်းညီမက မျက်စိပြန်မြင်တော့ မင်းကိုတမေးမေးနဲ့''

''ကျွန်တော့်ဆိုင်ရှင်ကခိုင်းလိုက်လို့ အောင်လံကိုပြန်နေတာပါ ဒေါ်လေးရီ၊ အရေးတကြီးခိုင်းလိုက်လို့ အိမ်ပြန်မလာဖြစ်ဘူး၊ ဆိုင်ကနေတန်းသွားလိုက်တာ''

''ကိုဆက်၊ ဒါ နှောင်းရဲ့အစ်မ မခင်ဆောင်းဦးပါ၊ မမဆောင်း၊ နှောင်းကိုဂစ်တာတီးသင်ပေးတဲ့ကိုငြိမ်းဆက်လေ''

နှောင်းက ဆောင်းနှင့်ကိုဆက်ကို မိတ်ဆက်ပေးလိုက်သည်။

''စက်ရုံမှာအလုပ်သွားလုပ်နေတယ်ဆိုတဲ့ မမဆောင်းလားခင်ဗျာ''

''ဟုတ်ပါတယ်မောင်ငြိမ်းဆက်၊ မောင်ငြိမ်းဆက်က မမဆောင်းညီမလေးကို စောင့်ရှောက်ပေးတယ်ဆိုလို့ ကျေးဇူးတင်ပါတယ်ကွယ်''

''ဟုတ်ကဲ့၊ ကျွန်တော်က နှောင်းကိုသိပ်မျက်စိပြန်မြင်စေချင်တာပါ၊ နှောင်းခုလိုပြန်မြင်ရတော့ ကျွန်တော်အရမ်းဝမ်းသာတာပဲဗျာ''

ကိုငြိမ်းဆက်က လှိုက်လှိုက်လှဲလှဲပြောလိုက်လေသည်။

♛♛♛♛♛

''နှောင်းရယ် အိပ်မက်လိုပါလားကွာ၊ ကိုယ်လုံးဝမမျှော်လင့်ဘူး''

''မျက်ကြည်လွှာအစားထိုးဖို့ စာရင်းပေးထားတော့ နှောင်းနဲ့ကိုက်ညီတဲ့မျက်ကြည်လွှာရလို့ ဆေးရုံကခေါ်ပြီး အစားထိုးပေးလိုက်တာလေကိုဆက်၊ အမြင်ကွယ်နေတော့လည်း ၁၂နှစ်လုံး၊ ပြန်မြင်ရတော့လည်း ခွဲစိတ်ပြီးတစ်ရက်နေတာနဲ့ ပတ်တီးဖြည်ပြီး ပြန်မြင်ရတော့တာပဲကိုဆက်ရယ်''

''ဆေးသိပ္ပံပညာက သိပ်အံ့သြဖို့ကောင်းတယ်နော်''

''ကိုဆက်… နှောင်းကို ဘယ်လိုသီချင်းမျိုးဖြစ်ဖြစ် ဆိုပြလို့ရပြီနော်၊ အခု နှောင်းလေ အစိမ်းတို့ အနီတို့ အဝါတို့ အရောင်တွေကို သိနေပြီ၊ မဆစ်တိုက သူရောင်းတဲ့ပန်းဖောင်းလေးတွေပြပြီး နှောင်းကို သင်ပေးထားတာ''

''ဟုတ်လား''

''နှောင်းဆေးရုံကပြန်လာတဲ့နေ့ကလေ၊ အိမ်တန်းလျားတစ်ခုလုံးက နှောင်းကို အခမ်းအနားနဲ့ အကျွေးအမွေးတွေနဲ့ကြိုကြတာ၊ သိပ်ပျော်ဖို့ကောင်းတာပဲ၊ ကိုဆက်ကိုသတိရလိုက်တာ''

''ဒီလိုဖြစ်မယ်ဆိုတာ ကြိုမသိလို့ပေါ့နှောင်းရယ်၊ အဲဒီပွဲကို ကိုယ်လွတ်သွားတာ နာလိုက်တာဗျာ''

''ဒါနဲ့ ကိုဆက်သွားတာ ကြာလှချည်လား၊ တစ်ပတ်တောင်ကြာသွားတယ်နော်''

''ဟုတ်တယ်နှောင်း၊ စားသောက်ဆိုင်မှာ ကိုယ်တို့မြို့က မိန်းကလေးတစ်ယောက်ရှိတယ်လေ၊ သီသီနိုင်တဲ့၊ သူက ကိုယ်တို့တီးဝိုင်းနဲ့သီချင်းဆိုတာ၊ သီသီနိုင်ပျောက်သွားလို့ ကိုယ့်ကို ဆိုင်ရှင်က လိုက်ခိုင်းတာ၊ အောင်လံကိုပြန်ပြီး သီသီနိုင့်သတင်းကိုစုံစမ်းနေလို့ ကြာသွားတာပါနှောင်း''

''သီသီနိုင်က ဘာဖြစ်လို့ပျောက်သွားတာလဲ၊ ကိုဆက်လိုက်သွားတော့ သီသီနိုင့်ကိုတွေ့ခဲ့လားကိုဆက်''

''မပြောမဆိုနဲ့ပျောက်သွားတာနှောင်း၊ ခွင့်လည်းမတိုင်ဘူး၊ သူ့မှာရည်းစားရှိတယ်လေ၊ ယောကျ်ားနောက်လိုက်သွားတယ်လို့ပြောရအောင်ကလည်း သူ့ရည်းစားက မြို့ထဲမှာပဲရှိနေတယ်၊ အောင်လံကိုပြန်ပြီးရှာတော့လည်း မတွေ့ပါဘူး၊ သူအောင်လံကိုလည်း ပြန်ရောက်မလာဘူးလေ၊ အောင်လံကဆိုပေမယ့် သူက ရွှေပန်းတောဆိုတဲ့ရွာမှာနေတာ၊ ရွှေပန်းတောက ရိုးမတောင်ခြေအထိဝင်ရတဲ့ ရွာကြီးပေါ့၊ ရွှေပန်းတောရောက်အောင်လိုက်နေရလို့ တစ်ပတ်ကြာသွားတာနှောင်းရေ''

''ဒါဖြင့်... ပျောက်နေတဲ့သီသီနိုင်ကို ပြန်မတွေ့သေးဘူးပေါ့ ကိုဆက်''

''ဟုတ်တယ်၊ မတွေ့ခဲ့ပါဘူးနှောင်းရယ်''

နှောင်းနှင့်ကိုဆက်စကားပြောနေစဉ်တွင် ''သူမ''ရုပ်ပုံလွှာက နှောင်းတို့အနီးတွင်ပေါ်လာလေသည်။ သူမက နှောင်းကိုတစ်လှည့်၊ ကိုဆက်ကိုတစ်လှည့် ကြည့်လျှက်ရှိသည်။

သူမသည် ယခင်က နှောင်းတစ်ယောက်တည်းကိုသာ စိုက်ကြည့်နေတတ်မြဲဖြစ်သည်။ ဘေးမှာလူရှိသော်လည်း ထိုလူများကို မကြည့်ပေ။ မြင်ပုံလည်းမရပေ။ ကိုဆက်ကိုကျမှ သူမကြည့်နေသည်ကို နှောင်းသတိထားမိသည်။

တစ်နေ့တော့ ကိုဆက်ကို သူမအကြောင်းပြောပြရဦးမည်။

ကိုဆက်ယုံပါ့မလားတော့မသိ။

♛♛♛♛♛♛♛♛♛

( ၁၃ )

ဖွန်လ(၁၀)ရက်နေ့၊ သောကြာနေ့တွင် ခင်ဆောင်းဦး မြန်မာပြည်ပြန်လာတာ ငါးရက်ပြည့်ပါသည်။ ခွင့်က တစ်ပတ်သာရသည်မို့ ထိုနေ့မှာပင် စက်ာပူကိုပြန်ရတော့မည်။

လေယာဉ်ကွင်းဆင်းခါနီးအချိန်တွင် နှောင်းက ခင်ဆောင်းဦးကိုကန်တော့၍နှုတ်ဆက်သည်။

''မမဆောင်းရဲ့ကျေးဇူးကြောင့် နှောင်းဘဝအသစ်တစ်ခုကိုရလိုက်ပါပြီ၊ မမဆောင်းကိုရော ဒေါ်လေးရီကိုပါ ကျေးဇူးတင်ပါတယ်၊ ဒေါ်လေးရီကိုပါ နှောင်းကန်တော့ပါရစေ''

နှောင်းက အဒေါ်နှင့်အစ်မကို ကန်တော့လိုက်သည်။

''ငါ့ညီမလေး ဘဝအသစ်မှာ အစစအရာရာအောင်မြင်ပါစေကွယ်''

''နှောင်း စာတတ်အောင်ကြိုးစားသင်ပါ့မယ်မမဆောင်း၊ သက်တူရွယ်တူတွေနဲ့ တန်းတူဖြစ်အောင် နှောင်းကြိုးစားပါ့မယ်''

''ညီမလေးနဲ့သက်တူရွယ်တူတွေက ညီမလေးထက် ၁၂နှစ်စောပြီး ရှေ့ကိုကျောနေတယ်၊ ဒါပေမယ့် အားငယ်စရာမရှိပါဘူးလေ၊ ဘဝမှာ ခြေလက်အင်္ဂါမရှိတဲ့လူတွေတောင် ကြိုးစားရင် အောင်မြင်နေတာပဲ၊ ဟယ်လင်ကဲလားဆိုတဲ့အမျိုးသမီးကြီးဟာ မျက်မမြင်တစ်ယောက်ပဲ၊ သူဟာ အောင်မြင်မှုတွေရအောင်နဲ့သူ့ဘဝမှာကြိုးစားသွားခဲ့တယ်၊ သူ့နာမည်ဟာ လူ့သမိုင်းမှာတွင်ကျန်ရစ်ခဲ့ပြီ၊ ငါ့ညီမလေးက မျက်မမြင်ဘဝကလွတ်ပြီး အလင်းပြန်ရပြီပဲလေ၊ ကြိုးစားရင် သက်တူရွယ်တူတွေနဲ့တန်းတူဖြစ်မှာပါ၊ ညီမလေးကိုယ်တိုင်ရေးလိုက်တဲ့စာကို မမဆောင်း မျှော်နေမယ်နော်''

''ဟုတ်ကဲ့ပါမမဆောင်း''

''ပြီးတော့... ညီမလေးကို သတိပေးခဲ့ရဦးမယ်၊ ညီမလေးဟာ မျက်စိအလင်းပြန်ရတာ ရက်ပိုင်းပဲရှိသေးတယ်၊ တစ်သက်လုံးလည်း အိမ်ထဲမှာပဲနေခဲ့ရတာ၊ လူတွေအကြောင်း လောကအကြောင်းကို ညီမလေးမသိသေးဘူး၊ ညီမလေးအများကြီးလေ့လာရဦးမယ်၊ ဒီတော့ လူမှုဆက်ဆံရေးမှာ သတိရှိပါညီမလေး၊ လူတွေဟာ ပရိယာယ်မာယာများတတ်တယ်ကွဲ့''

''ဟုတ်ကဲ့''

''အထူးသဖြင့် ယောကျာ်းတွေကိုသတိထားရမယ်၊ ဘယ်ယောကျာ်းနဲ့မှ ရောရောယှက်ယှက်မနေသင့်ဘူး၊ မောင်ငြိမ်းဆက်ကို မမဆောင်း နှစ်ရက်လုံးအကဲခတ်ပြီးပါပြီ၊ လူကောင်းလေးတစ်ယောက်ပါ၊ ဒါပေမယ့်... တစ်မိန်းယောကျာ်းဆိုတာ အခါခပ်သိမ်းမယုံရဘူး ညီမလေး၊ သိပ်အရောမဝင်ပါနဲ့ကွယ်''

''နှောင်းနဲ့ကိုဆက် ဆက်ဆံရေးက သိပ်များလွန်ကဲနေလို့လား မမဆောင်းရယ်''

''အဲဒီလိုမဟုတ်ပါဘူး၊ မမဆောင်းက မောင်ငြိမ်းဆက်ကိုချည်း ရည်ရွယ်ပြောတာမဟုတ်ဘူး၊ လူအားလုံးကိုရည်ရွယ်တာပါ၊ ညီမလေးကအမှောင်ထဲမှာတစ်သက်လုံးနေခဲ့ရတာဆိုတော့ လူတွေရဲ့ပရိယာယ်မာယာကို အကဲခတ်နိုင်မှာမဟုတ်သေးဘူးလေ၊ ပေါင်းသင်းဆက်ဆံရေး သတိရှိဖို့ပြောတာပါကွယ်''

''မမဆောင်းစကားတွေကို နှောင်းအမြဲသတိရနေပါ့မယ် မမဆောင်း''

''ဒေါ်လေးရီကလည်း နှောင်းကိုဆုံးမပဲ့ပြင်ပါလိမ့်မယ်ကွယ်''

''အစစအရာရာ စိတ်ချပြီးသွားပါဆောင်း၊ ဒေါ်လေးရီတစ်ယောက်လုံးရှိပါတယ်''

''ဟုတ်ကဲ့ဒေါ်လေးရီ၊ မကြာပါဘူးလေ၊ နောက်နှစ်နှစ် သုံးနှစ်ဆိုရင် ဆောင်းတို့တူဝရီးတွေ အတူတူပြန်နေကြရတော့မှာပါ''

''ကဲ–နှောင်းရေ၊ လေယာဉ်ချိန်လည်းနီးနေပြီ၊ မှာထားတဲ့ကားလည်းရောက်လာပြီ၊ လေဆိပ်ဆင်းကြစို့ရဲ့''

မမဆောင်းက ကားပေါ်တက်ခါနီးတွင် ကြီးကြီးမာကိုနှုတ်ဆက်ကာ နှောင်းကိုကြည့်ရှုစောင့်ရှောက်ဖို့ မှာခဲ့ပါသေး၏။

♛♛♛♛♛♛♛♛♛

( ၁၄ )

မမဆောင်းပြန်သွားပြီး နောက်တစ်နေ့မှာ စနေနေ့ဖြစ်ပါသည်။

ဒေါ်လေးရီဈေးသွားနေစဉ်တွင် ဆောင်းသည် ကြက်မွေးတစ်ချောင်းဖြင့် ည့်ခန်းထဲတွင် သန့်ရှင်းရေးလုပ်နေခဲ့သည်။

နှောင်းကိုကြိုဆိုသည့်နေ့က မဆစ်တိုချိတ်ဆွဲပေးခဲ့သောပူဖောင်းလေးများမှာ လေလျော့ပြီး ပိန်ညှိုးသွားပေပြီ။

နှောင်းက ကြိုးတန်းတလျှောက်ချည်ထားသောပူဖောင်းများကိုဖြုတ်ပစ်လိုက်သည်။ ပလတ်စတစ်ကြိုးတန်းကိုလည်း ဖြုတ်ပစ်လိုက်၏။

ည့်ခန်းဆက်တီများကိုဖုန်သုတ်ပြီး ဒေါ်လေးရီ၏စာအုပ်စင်ကိုဆက်ပြီးလှဲကျင်းနေခဲ့သည်။ စာအုပ်စင်ပေါ်မှာတော့ အမျိုးအစားစုံ စာအုပ်များရှိနေ၏။ လုံးချင်းစာအုပ်တွေရော၊ မဂ္ဂဇင်းစာအုပ်တွေရော စုံလှပေသည်။ နှောင်းကတော့ စာအုပ်တွေထဲက စာတွေကို မဖတ်နိုင်သေးပါ။ စာအုပ်အဖုံးကအရုပ်များကိုကြည့်ရင်းဖြင့်သာ နှစ်သိမ့်နေရပေသည်။ တစ်နေ့တော့ နှောင်းသည် ဒီစာအုပ်တွေအားလုံးကို ကုန်စင်အောင်ဖတ်ဦးမည်။ နှောင်းက စာအုပ်အဖုံးပေါ်မှ ပုံလှလှလေးများကိုကြည့်၍ စိတ်ထဲက တေးထားလိုက်၏။

စာအုပ်စင်ကိုလှဲကျင်းနေစဉ် သူမ၏ရုပ်ပုံလွှာက ပေါ်လာပြန်သည်။ သည်တစ်ခါတော့ နှောင်းနှင့်အတော်နီးနီးကပ်ကပ်ပေါ်လာခြင်းဖြစ်၏။ သူမနှုတ်ခမ်းဒေါင့်စွန်းမှ မှဲ့နက်ကလေးကိုပင် နှောင်းထင်ထင်ရှားရှားမြင်နေရပေသည်။

သူမက စာအုပ်စင်ဘေးသို့တိုးကပ်လာ၏။

သူမ၏ညာဖက်လက်က စင်ပေါ်မှစာအုပ်တစ်အုပ်ကို လက်ညှိုး ဖြင့်ထိုးပြလိုက်၏။

နှောင်းက သူမလက်ညှိုးထိုးပြသောစာအုပ်ကို ငုံ့ကြည့်လိုက်လေသည်။ မိန်းကလေးပုံလှလှလေးပါသော မဂ္ဂဇင်းစာအုပ်ဖြစ်နေသည်။ သူမအပြုအမူကိုနှောင်းနားမလည်ပါ။ သူမညွှန်ပြသောမဂ္ဂဇင်းစာအုပ်ကိုကိုင်၍ နှောင်းငိုင်နေမိသည်။

ထိုစဉ်... ကိုငြိမ်းဆက် အိမ်ထဲဝင်လာလေ၏။

နှောင်းသည် သူမနှင့်ပတ်သက်သောအကြောင်းများကို ကိုဆက်အားပြောပြလိုက်လေသည်။

မျက်စိပြန်မြင်စ ဆေးရုံမှာကတည်းက မြင်ခဲ့ရသော သူမ၏ပုံရိပ်။ အိမ်အထိပါလာရုံမက နှောင်းကို အပြင်လိုက်ခဲ့ဖို့ခေါ်ပုံ၊ ပရိတ်ရွတ်အမျှအတန်းဝေသော်လည်း သူမပုံရိပ်ပျောက်မသွားပုံများကို အသေးစိတ်ပြောပြလိုက်ခြင်းဖြစ်သည်။

ကိုဆက်သည် နှောင်းပြောသမျှကို တအံ့တသြနားထောင်နေလေ၏။

''မှန်ထဲမှာနှောင်းပုံရိပ်ပျောက်ပြီး ယောကျာ်းတစ်ယောက်ပုံရိပ်ပေါ်လာတုံးက အဲဒီလူဟာ ကိုဆက်များဖြစ်နေမလားလို့ နှောင်းမှာ စိတ်ပူလိုက်ရတာ''

''ဘာဖြစ်လို့လဲနှောင်း''

''ကိုဆက်က မပြောမဆိုနဲ့အကြာကြီးပျောက်သွားတော့ ကိုဆက်များသေပြီး ကိုဆက်မျက်ကြည်လွှာကို နှောင်းမျက်လုံးထဲထည့်မိသလားလို့ တွေးမိလို့ပေါ့၊ ကိုဆက်ကလည်း မျက်ကြည်လွှာလှူထားတာမဟုတ်လား''

''ဩော်… နှောင်းရယ်၊ နှောင်းအတွေ့အကြုံတွေက ထူးဆန်းလိုက်တာကွာ၊ ဒါဆို အဲဒီမိန်းကလေးဟာ အခုရှိနေတယ်ပေါ့''

''ဟောဒီစာအုပ်စင်ဘေးမှာ ခုထိရပ်နေတုံးပါကိုဆက်''

''ဟင်–''

စာအုပ်စင်ဘေးကိုလှမ်းကြည့်ရင်း ကိုငြိမ်းဆက် ကြက်သီးတဖြန်းဖြန်းထသွားလေသည်။

''သူက ကိုဆက်ကိုကြည့်နေတယ်ကိုဆက်''

''ဟာ… ဒုက္ခပါပဲ''

''တကယ်ပါကိုဆက်ရယ်၊ နှောင်းပြောတာမယုံဘူးလား''

''ယုံပါတယ်နှောင်း၊ ကိုယ်အံ့ဩနေလို့ပါ၊ သူက လှသလားဟင်''

''လှတယ်၊ သိပ်လှတာပဲ၊ အဝါရောင်ဝတ်စုံလေးဝတ်ထားတယ်၊ သူ့နှုတ်ခမ်းဒေါင့်စွန်းမှာ မှဲ့လေးတစ်လုံးနဲ့''

''ဟင်… နှုတ်ခမ်းဒေါင့်မှာမှဲ့နဲ့''

ကိုဆက်မျက်ခုံးများတွန့်ကွေးသွားလေသည်။

''ဆရာဝန်ကြီးပြောလိုက်သလို မျက်ကြည်လွှာပိုင်ရှင်ရဲ့ အစွဲအလမ်းမပျောက်သေးလို့ ပုံရိပ်ထင်နေတာထင်ပါရဲ့နှောင်း''

''အဲဒီလိုပုံရိပ်ထင်တာမျိုးဆိုရင် သူ့ကို တစ်ပုံစံထဲတွေ့နေရမှာပေါ့ကိုဆက်၊ သူ့အမူအရာကြည့်ရတာ နှောင်းကိုစကားပြောချင်သလိုမျိုးပဲ၊ နှောင်းကိုအပြင်လိုက်ခဲ့ဖို့အမူအရာပြတာလည်း နှစ်ခါရှိပြီ''

''နှောင်းဆေးရုံကိုပြန်ပြရဦးမှာမဟုတ်လား၊ ဒီတစ်ခါ ဆေးရုံကို ကိုယ်လိုက်ခဲ့မယ်လေ''

''ဇွန်လ၁၄ရက်၊ အင်္ဂါနေ့ချိန်းထားတယ်ကိုဆက်၊ ကိုဆက်လိုက်ပို့နိုင်ရင်ကောင်းတာပေါ့၊ ဒေါ်လေးရီက ခွင့်စေ့လို့ တနင်္လာနေ့ဆို ရုံးပြန်တက်ရတော့မှာလေ၊ အင်္ဂါနေ့မှာ ခွင့်တစ်ခါထပ်တင်ရင် ခွင့်မရမှာကို ဒေါ်လေးရီကစိုးရိမ်နေတာ၊ ကိုဆက်လိုက်ပို့နိုင်တော့ ဒေါ်လေးရီ ခွင့်ယူစရာမလိုတော့ဘူးပေါ့''

''ကိုယ်လိုက်ပို့ပါ့မယ်နှောင်း''

♛♛♛♛♛♛♛♛♛♛

## ( ၁၅ )

ဇွန်လ(၁၂)ရက်၊ တနင်္ဂနွေနေ့။

''သူမ''၏ပုံရိပ်သည် ယခင်နေ့များကထက်ပို၍ မကြာမကြာ ပေါ်လာတတ်လေသည်။ နှောင်းသွားလေရာကိုလိုက်နေတတ်သည်။

နှောင်း ဘုရားသောက်တော်ရေချမ်းလဲပြီး ထွက်လာတော့ သူမက စာအုပ်စင်ဘေးတွင် ရပ်နေသည်။ မနေ့ကလိုပင် စာအုပ်စင်ပေါ်မှ စာအုပ်တစ်အုပ်ကို လက်ညှိုးထိုးပြနေပြန်သည်။

ဒေါ်လေးရီထမင်းချက်ရာတွင် နှောင်းကူညီနေတော့ ဘေးနားမှာ သူပေါ်လာသည်။ မီးဖိုခန်းထဲမှထွက်သွားကာ စာအုပ်စင်ဘေးတွင် သွားရပ်ပြန်သည်။ စာအုပ်တစ်အုပ်ကို လက်ဖြင့်ပုတ်ပြီးပြနေပြန်၏။

နှောင်းမနေနိုင်တော့။ တစ်ခုခုထူးခြားနေပြီဟုထင်လာသည်။

စာအုပ်စင်ကိုသွားကာ ''သူမ''ပြသည့်စာအုပ်ကိုယူကြည့်လိုက်တော့ မနေ့ကပြသည့်စာအုပ်ပင် ဖြစ်နေသည်။ ဒီစာအုပ်ဟာ သူမအတွက် ဘာများထူးခြားလို့ပါလိမ့်။ အတွင်းထဲမှစာများကိုတော့ နှောင်းမဖတ်တတ်လို့ မသိပါချေ။

စာအုပ်ကိုကိုင်ကြည့်နေသော နှောင်းအနီးသို့ သူမပုံရိပ်ကရောက်လာသည်။ သူမက နှောင်းကို ညှိုးငယ်နွမ်းလျသော အကြည့်ဖြင့် ကြည့်နေပြန်သည်။ သူမမျက်လုံးထဲမှာ မျက်ရည်တွေပင်ဝဲနေသည်ဟု ထင်မိ၏။ သူမ နှောင်းကို တစ်ခုခုပြောချင်နေပုံ ရပါသည်။ တစ်စုံတစ်ခုကို အသိပေးချင်နေတာများလား။ သူမသွင်ပြင်က သနားစရာကောင်းလှပေသည်။

သူမသည် နှောင်းမျက်နှာကိုတစ်လှည့်၊ နှောင်းကိုင်ထားသော စာအုပ်ကိုတစ်လှည့်ကြည့်နေလေ၏။ စာအုပ်ဟာ သူမနဲ့ဘယ်လို ပတ်သက်ပါလိမ့်။

နှောင်းသည် ကိုဆက်ကိုအကူအညီတောင်းကြည့်ရန်ဆုံးဖြတ်လိုက်၏။

စာအုပ်ကိုယူခဲ့ကာ ကိုဆက်အခန်းသို့လာခဲ့လေသည်။

''ကိုဆက်၊ ဟောဒီစာအုပ်ကလေးကို ကြည့်စမ်းပါ၊ ဘာများထူးခြားသလဲဟင်''

''မဂ္ဂဇင်းစာအုပ်ပဲနှောင်း၊ ဘာဖြစ်လို့လဲ''

နှောင်းက သူမပုံရိပ်က မနေ့ကရော ဒီနေ့ပါ… ဤစာအုပ်ကို အကြိမ်ကြိမ်လက်ညှိုးထိုးပြနေပုံအကြောင်းပြောပြလိုက်သည်။

''ဒီမဂ္ဂဇင်းစာအုပ်က ဘာမို့လို့လဲ''

ကိုဆက်သည်လည်း မဂ္ဂဇင်းစာအုပ်ကို လှန်လှောကြည့်ကာ စဉ်းစားမရဖြစ်နေလေ၏။

''စာအုပ်က မဟေသီမဂ္ဂဇင်းစာအုပ် အဟောင်းတစ်အုပ်ပဲ နှောင်း၊ မဟေသီ၊ မဟေသီ… ဟင်…''

ကိုဆက်မျက်ခုံးများက တွန့်ကွေးသွားလေသည်။

''နှောင်း… ကိုယ့်ကို အဲဒီမိန်းကလေးပုံစံ ပြန်ပြောပြစမ်းပါ''

''ဝတ်စုံအဝါလေးဝတ်ထားတယ်ကိုဆက်၊ နှုတ်ခမ်းဒေါင့်မှာ မှဲ့လေးနဲ့ သိပ်ချောတယ်''

''နှုတ်ခမ်းဒေါင့်မှာမှဲ့နဲ့ မဟေသီ… မဟေသီ၊ ဘုရား… ဘုရား… ကိုယ်ထင်သလိုများဖြစ်နေမလားနှောင်းရယ်''

''ဘာဖြစ်လို့လဲကိုဆက်''

''တစ်ခုတွေးမိလို့ပါ၊ သေတော့မသေချာပါဘူး၊ သူ့မှဲ့က နှုတ်ခမ်းရဲ့ဘယ်ဖက်မှာလဲနှောင်း''

''ဟောဒီလိုဖက်မှာကိုဆက်''

''နှုတ်ခမ်းညာဖက်မှာပေါ့၊ ကိုယ်တွေးမိတာတစ်ခုရှိလို့ပါ၊ ကိုယ် နှောင်းကို ဓာတ်ပုံတစ်ပုံပြမယ်နော်၊ နှောင်းအိမ်ကပဲ စောင့်နေ၊ ကိုယ်မကြာဘူး၊ ပြန်လာခဲ့မယ်''

ကိုဆက်က မဟေသီမဂ္ဂဇင်းကို နှောင်းလက်ထဲပြန်ထည့်ကာ အိမ်ခန်းတခါးကိုသော့ခတ်ပြီး တစ်နေရာသို့ထွက်သွားလေသည်။

ဘာဖြစ်တာလဲ။ နှောင်းရင်ထဲတွင် ပဟေဠိတစ်ထွေးကြီးဖြင့် ကျန်ခဲ့ရလေ၏။

♛♛♛♛♛

ကိုဆက်ပြန်အလာကို ဝရံတာမှာထိုင်ရင်းမျှော်နေမိသည်။

တစ်နာရီလောက်ကြာမှပင် ကိုဆက်ပြန်ရောက်လာလေ၏။

ကိုဆက်က အိတ်ထဲမှဓာတ်ပုံတစ်ပုံကိုထုတ်ပေးသည်။

''ဟောဒီ ဓာတ်ပုံကိုကြည့်ပါဦးနှောင်း''

''ဟင်…''

ဓာတ်ပုံကိုမြင်လိုက်သည်နှင့် နှောင်းတုန်လှုပ်သွားရလေသည်။

''သူမ''ပါလား။

''သူ–သူ– နှောင်းမြင်နေရတာ သူမှသူအစစ်ပဲကိုဆက်''

''သေချာသလားနှောင်း၊ သေချာကြည့်ပါဦး''

''သေချာပါတယ်၊ ဟောဒီမှာလေ နှုတ်ခမ်းဒေါင့်ကမှဲ့လေး၊ အို… သူဘယ်သူလဲဟင်ကိုဆက်၊ ဒီဓာတ်ပုံဘယ်ကယူလာတာလဲ''

''သူ့အဆောင်ကနေ သွားတောင်းလာတာပါနှောင်း၊ မဟေသီရယ်၊ နှုတ်ခမ်းဒေါင့်ကမှဲ့ရယ် ပေါင်းပြီး ကိုဆက်တွေးမိတာ မှန်နေတာပေါ့၊ ဒီပုံအတိုင်းဆိုရင် သီသီဟာ…''

''နှောင်းအနားမှာရှိနေတဲ့မိန်းကလေးဟာ ဓာတ်ပုံထဲကမိန်းကလေးအသေအချာပဲ၊ သူ ဘယ်သူလဲကိုဆက်ရယ်''

''သီသီနိုင်ဆိုတာ သူပဲနှောင်း၊ ပျောက်နေလို့ အောင်လံအထိ လိုက်စုံစမ်းရတယ်ဆိုတာ သူ့အတွက်လေ''

''အို...''

''သူက ကိုယ်တို့ဆိုင်မှာ သီချင်းဆိုတဲ့အဆိုတော်တစ်ယောက်ပါ၊ ကိုယ်နဲ့တစ်မြို့တည်းသားတွေပဲ၊ နာမည်ရင်းက သီသီနိုင်၊ သီချင်းဆိုတော့ မဟေသီဆိုတဲ့နာမည်နဲ့ဆိုတယ်၊ မဟေသီဆိုတာ သူ့သဘောနဲ့သူ မှည့်ထားတဲ့နာမည်ပေါ့နှောင်းရယ်''

''ဩော်... ဒါဖြင့် သူဘယ်သူဆိုတာသိစေချင်လို့ နှောင်းကို မဟေသီမဂ္ဂဇင်းကို လက်ညှိုးထိုးပြနေတာပေါ့နော်''

''ဟုတ်ပါတယ်၊ သူတတ်နိုင်တဲ့နည်းနဲ့အသိပေးတာပါ၊ ကိုယ့်စိတ်ထင်တော့ သီသီနိုင်ဟာ သေပြီထင်ပါရဲ့နှောင်းရယ်''

''ကိုဆက်၊ ဒါဖြင့် နှောင်းမျက်လုံးထဲကမျက်ကြည်လွှာပိုင်ရှင်ဟာ မဟေသီပေါ့... သီသီနိုင်ပေါ့''

''ဒီလိုလည်း မဟုတ်နိုင်ဘူးနှောင်း၊ သီသီဟာမျက်ကြည်လွှာ လှူထားတဲ့သူမဟုတ်ဘူး၊ ပြီးတော့... သူက ပျောက်နေတာလေ၊ မျက်ကြည်လွှာလှူထားတယ်ဆိုရင်တောင် သေပြီဆိုတာ သက်ဆိုင်ရာကိုအကြောင်းကြားနိုင်မှ သူ့မျက်ကြည်လွှာကိုထုတ်ယူနိုင်တာ မဟုတ်လား၊ သီသီက သေသလား၊ရှင်သလားမသိပဲ ပျောက်ဆုံးနေတဲ့သူပဲ၊ ဖြစ်နိုင်တာက နှောင်းဘေးမှာ သူ့ပုံရိပ်ကိုမြင်နေရတယ်ဆိုတော့ သူဟာ သေပြီလို့မှတ်ရမှာပဲနှောင်း၊ နှောင်းဘေးမှာရှိနေတာ သူ့ဝိညာဉ်ပဲ''

''မဟေသီရဲ့ဝိညာဉ်က နှောင်းနားကိုဘာလို့ရောက်နေရတာလဲ''

''အဲဒါ စဉ်းစားစရာပဲပေါ့နှောင်း၊ အဖြေပေါ်အောင်လိုက်ရတော့မယ်''

♛♛♛♛♛♛♛♛♛

## ( ၁၆ )

ထိုညက... နှောင်း မဟေသီကို အိပ်မက်မက်ပါသည်။

အိပ်မက်က ကြောက်စရာကောင်းလှသည်။

နှောင်းသည် မဟေသီရှေ့မှဦးဆောင်သွားသည့်အတိုင်း လိုက်ပါလျှက်ရှိသည်။ မဟေသီက နှောင်းကို အိမ်အိုကြီးတစ်ခု အတွင်းသို့ ခေါ်ဆောင်သွားလေသည်။ အိမ်ကြီးမှာအိုမင်းလှပြီး အတွင်း၌မဲမှောင်နေပေသည်။

မဟေသီသည် နှောင်းကို အိမ်ကြီး၏အပေါ်ထပ်သို့ အိုမင်းနေသောလှေကားကြီးမှတစ်ဆင့်ခေါ်ဆောင်သွားခဲ့သည်။ အခန်းတစ်ခန်းရှေ့အရောက်တွင် မဟေသီက တခါးကိုလှပ်ကာ အခန်းထဲသို့ဝင်လိုက်လေသည်။

အခန်းမှာပိန်းပိတ်အောင်မှောင်နေသော်လည်း အခန်းထဲကပစ္စည်းများကိုမူ မြင်နေရလေသည်။ အခန်းထဲတွင် ပစ္စည်းအဟောင်းများစုပုံနေသည်။

ထိုပစ္စည်းဟောင်းများထဲတွင် ကျွန်းသေတ္တာကြီးတစ်လုံးလည်း ရှိနေလေသည်။

မဟေသီက သေတ္တာကြီးရှိရာသို့လျှောက်သွားကာ သေတ္တာကို လက်ညှိုးထိုးပြလေသည်။ နှောင်းကို သေတ္တာအားဖွင့်ရန် အမူအရာပြနေသည်။

နှောင်းသည်ကြောက်စိတ်ဖြင့် တစ်ကိုယ်လုံးတဆတ်ဆတ်တုန်နေသည်။ ဘာကိုကြောက်မှန်းမသိပဲ အိပ်မက်ထဲတွင် အလိုလို ကြောက် နေမိခြင်းဖြစ်ပါ၏။

မဟေသီကဖွင့်ခိုင်းသောကြောင့် နှောင်းက သေတ္တာအဖုံးကို လှပ်၍ဖွင့်လိုက်လေသည်။

ထိုအခါ... သေတ္တာထဲတွင် ပက်လက်ကြီးသေဆုံးနေသော အလောင်းကောင်ကြီးတစ်ခုကိုတွေ့လိုက်ရပါ၏။

အလောင်းကား အခြားမဟုတ်။ မဟေသီ၏အလောင်းပင် ဖြစ်နေလေသည်။ အဝါရောင်ဝတ်စုံကိုပင်ဝတ်ဆင်ထားသောမဟေသီ၏အလောင်း။

နှောင်းက အပြင်မှသက်ရှိမဟေသီကိုတစ်လှည့်၊ သေတ္တာထဲမှအလောင်းကြီးမဟေသီကိုတစ်လှည့်ကြည့်ရင်းမှ ကြောက်လန့်လာကာ အသံကုန်ခြစ်၍အော်လိုက်မိလေသည်။

အိပ်မက်မှလန့်နိုးတော့ နှောင်းတစ်ကိုယ်လုံးဇောချွေးတွေ ပြန်နေသည်။ အာခေါင်တစ်ခုလုံးခြောက်ကပ်နေသည်။

အိပ်မက်ဆိုတာသိလိုက်ရ၍ စိတ်သက်သာရာရသွားလေ၏။

သို့သော်... မျက်လုံးဖွင့်၍ ကုတင်ဘေးသို့ကြည့်လိုက်သည့်အခါ ကုတင်ဘေးတွင်ရပ်နေသော ''သူမ''ကိုတွေ့လိုက်ရလေ၏။ သူမသည် သူမပြောချင်သောအကြောင်းကို အိပ်မက်ပေး၍ ပြောခဲ့လေသလား။

♛♛♛♛♛♛♛♛♛

## ( ၁၇ )

ညကအိပ်မက်အကြောင်း ကိုဆက်ကိုပြန်ပြောပြလိုက်သည်။

''ဒီလိုဆိုရင်... နှောင်းကိုအပြင်လိုက်ခဲ့ဖို့အမူအရာပြခေါ်တာ အိပ်မက်ထဲကနေရာကိုပြချင်လို့ခေါ်တာဖြစ်မယ်ထင်တယ်နှောင်း''

''အိပ်မက်ထဲကနေရာဟာ ဘယ်နေရာမှန်း နှောင်းမသိဘူး၊ တကယ်ရှိတဲ့နေရာတစ်ခုဖြစ်ရင်လည်းဖြစ်နိုင်တာပေါ့နော်၊ အိပ်မက်ထဲမှာမြင်ရတာဆိုတော့ နှောင်းလည်း ကိုဆက်ကိုသေချာပ်ဖော်မပြတတ်တော့ဘူးကိုဆက်ရယ်''

''ဒါဖြင့်... ဒီလိုလုပ်ပါလားနှောင်း၊ တကယ်လို့ ဒီတစ်ခါသူပေါ်လာပြီး နှောင်းကိုအပြင်လိုက်ခဲ့ဖို့ခေါ်ရင် လိုက်သွားလိုက်တာပေါ့''

''ဟင်– နှောင်းကလိုက်သွားရမယ်''

''နှောင်းတစ်ယောက်တည်းမဟုတ်ပါဘူး၊ ကိုယ်လည်းလိုက်ခဲ့မယ်လေ''

''သူက ဘယ်အထိခေါ်သွားမှာပါလိမ့်နော်၊ ကိုဆက်က သူခေါ်တဲ့နောက်ကိုလိုက်ရင် အဖြေပေါ်မယ်လို့ ထင်လို့လားဟင်''

''ကိုယ့်စိတ်ထဲမှာ နှောင်းမြင်နေရတဲ့မိန်းကလေးဟာ သီသီနိုင်လို့ပဲထင်နေတယ်၊ သီသီနိုင်မို့လို့သာ သူသီချင်းဆိုတဲ့နာမည်ကို သူ့နည်းသူ့ဟန်နဲ့အသိပေးတာပေါ့၊ သီသီနိုင့်ဓာတ်ပုံကိုလည်း နှောင်းမြင်ပြီးပြီပဲလေ၊ အိပ်မက်အရဆိုရင် သီသီဟာ ဒုက္ခရောက်နေပြီ၊ အိပ်မက်ထဲကအတိုင်း သေရင်တောင်သေနေလောက်ပြီထင်တယ် နှောင်းရယ်၊ ကိုယ်တို့ အဲဒီလိုမှမဖြေရှင်းရင် ရနိုင်တော့မှာမဟုတ်ဘူးလေ''

မဟေသီမှာ အရိပ်အယောင်တစ်ခုသာမို့ ကိုဆက်ပြောသလို ဖြေရှင်းမှသာ ဖြစ်နိုင်ပေတော့မည်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ရသမျှသဲလွန်စနှင့်ပင် အဖြေပေါ်အောင် လိုက်ကြည့်ရတော့မည် မဟုတ်ပါလား။

''ကိုဆက်၊ ဒီအကြောင်းတွေ ဒေါ်လေးရီကို နှောင်းပြောပြမထားဘူးနော်၊ ဒေါ်လေးရီသိလို့မဖြစ်ဘူး''

''အင်းပါ...''

''ဒီနေ့ ဒေါ်လေးရီရုံးတက်လိမ့်မယ်၊ ခွင့်စေ့သွားပြီလေ၊ ဒေါ်လေးရီသွားမှကြည့်စီစဉ်ကြတာပေါ့နော်''

''အလိုက်သင့်ကြည့်လုပ်တာပေါ့နှောင်းရယ်''

♛♛♛♛♛

မနက်ကိုးနာရီလောက်တွင် ဒေါ်လေးရီရုံးတက်ရန်ထွက်သွားသည်။ တနင်္လာနေ့မို့ အလုပ်သွားကြ၊ ကျောင်းသွားကြဖြင့် တန်းလျားတစ်ခုလုံးတိတ်ဆိတ်သွားလေသည်။

မနက်စာစားပြီးချိန်တွင် ကိုဆက်က နှောင်းအခန်းကိုလာ၍ စောင့်နေသည်။

နေ့လည်၁၂နာရီထိုးလောက်တွင် မဟေသီ၏အရိပ်အယောင် ပေါ်လာလေ၏။

မဟေသီက နှောင်းနှင့်ကိုဆက်ကိုကြည့်ကာ အိမ်ရှေ့သို့ထွက်သွားလေသည်။ ဝရံတာမှအပြင်သို့ထွက်လိုက်ကာ နှောင်းကို နောက်ပြန်လှည့်ကြည့်လေသည်။ ပြီးတော့... လက်ယပ်ခေါ်လိုက်သည်။

''သူ နှောင်းကို အပြင်လိုက်ခဲ့ဖို့ခေါ်နေပြီကိုဆက်''

''ဒါဖြင့်... ကိုယ်တို့လိုက်သွားရအောင်နှောင်း''

နှောင်းနှင့်ကိုဆက် အပြင်ကိုထွက်ခဲ့ကြသည်။ နှောင်းက အခန်းတခါးကိုသော့ခတ်ပိတ်လိုက်၏။

မဟေသီသည် နှောင်းအပြင်ထွက်လိုက်လာသည်ကိုကြည့်ပြီး ကြေနပ်အားရသွားပုံပေါ်သည်။ သူမက တန်းလျားလေးထိပ်တွင်ရပ်ရင်း နှောင်းအလာကိုရပ်စောင့်နေလေ၏။

''ဟဲ့– ဒီနှစ်ယောက် ဘယ်ကိုသွားကြမလို့လဲ''

ကြီးကြီးမာက နှောင်းတို့ကိုမြင်သွားကာ လှမ်းမေးလိုက်သည်။

''နှောင်းကို လမ်းထိပ်လက်ဖက်ရည်ဆိုင်ရောက်ဖူးအောင် ခေါ်သွားမလို့ပါကြီးကြီးမာ''

''အေး– အေး– မကြာစေနဲ့နော်၊ ကြီးကြီးမာဖို့လည်း လက်ဖက်ရည်ချိုစိမ့်တစ်ခွက်ပါဆယ်ဆွဲခဲ့စမ်းပါကွယ်၊ ရော့–ရော့–ပိုက်ဆံယူသွား''

''နေပေစေ့ကြီးကြီးမာ၊ ကျွန်တော်ဝယ်ခဲ့ပါ့မယ်''

နှောင်းနှင့်ကိုဆက် မဟေသီ့နောက်ကိုမျက်ခြေမပြတ်အောင် လိုက်ခဲ့ကြ၏။

မဟေသီက တန်းလျားရှိသောဝင်းကြားလေးထဲမှထွက်လိုက်ကာ လမ်းမကြီးပေါ်သို့တက်လျှောက်သွားလေသည်။ သူမ လမ်းတွေကို သိနေပါလား။

''သူ့ကိုမြင်နေရသေးလားနှောင်း''

ကိုဆက်ကမေးလိုက်သည်။ မဟေသီ့ကို နှောင်းတစ်ယောက်သာမြင်ရခြင်းဖြစ်၍ ကိုဆက်မမြင်နိုင်ပါ။

''သူ လမ်းမကြီးအတိုင်းလျှောက်သွားနေတယ်ကိုဆက်''

''ဘယ်အထိသွားမှာလဲမသိဘူး၊ သူ့နောက်ကိုသာ လိုက်ပါလေ''

''ကိုဆက်၊ သူ ဘတ်စ်ကားမှတ်တိုင်မှာရပ်လိုက်ပြီ''

''ဘတ်စ်ကားစီးမလို့ထင်တယ်''

''ဟုတ်တယ်ကိုဆက်၊ ခုရပ်လာတဲ့ဘတ်စ်ကားကို သူက လက်ညှိုးထိုးပြတယ်၊ တက်မလို့ဟန်ပြင်နေတယ်''

''ဒါဆိုလည်း ကိုယ်တို့ပါတက်လိုက်သွားရုံပေါ့နှောင်း''

ကိုဆက်နှင့်နှောင်း ကားပေါ်တက်လိုက်သည်နှင့် ဘတ်စ်ကားကမောင်းထွက်လိုက်လေသည်။

မဟေသီ့ကို ဒရိုင်ဘာဘေးတွင်ရပ်နေသည်ကိုတွေ့ရသည်။

ခုံလွတ်တွေရှိနေ၍ နှောင်းနှင့်ကိုဆက် ဝင်ထိုင်လိုက်ကြ၏။

''သူ့ကိုမြင်နေရသေးတယ်နော်''

''မြင်ရပါသေးတယ်''

''သူ့ကိုကြည့်နေနော်၊ မျက်ခြေမပြတ်စေနဲ့''

''ဟုတ်ကဲ့ပါကိုဆက်၊ မဟေသီကလည်း နှောင်းကိုကြည့်နေပါတယ်၊ ဒီကားက ဘယ်ကိုသွားတဲ့ကားလဲဟင်… ကိုဆက်''

''မြို့အပြင်ဖက်ကိုသွားတဲ့ကားပဲ၊ သူဘယ်နေရာမှာဆင်းမယ် မသိဘူး''

ကိုဆက်က စပယ်ယာကို ဂိတ်ဆုံးသည်အထိ ကားခကိုရှင်းပေးလိုက်သည်။

မှတ်တိုင်အတော်များများကိုကျော်လွန်လာသည်အထိ နှောင်းတို့စီးလာခဲ့ကြသည်။

ကားက တဖြည်းဖြည်းဖြင့် မြို့အပြင်ဖက်ကိုရောက်လာသည်။ လူနေအိမ်ခြေကျဲပါးလာသည်။ နှောင်းတစ်ခါမှမရောက်ဖူးသည့်နေရာများ၊ တစ်ကြိမ်မှမမြင်ဖူးသည့်မြင်ကွင်းများဖြစ်ပါသည်။

မှတ်တိုင်တစ်ခုတွင်ကားရပ်လုနီး၌ မဟေသီက ဆင်းရန် လက်ပြလိုက်သည်။

''ကိုဆက်၊ ရှေ့မှာဆင်းတော့မယ်တဲ့''

''တို့လည်းလိုက်ဆင်းရအောင်''

ကားရပ်သည်တွင် မဟေသီက ကားပေါ်မှဆင်းသွားသည်။ နှောင်းတို့ဆင်းအလာကို သူမက ရပ်စောင့်နေပါ၏။

နှောင်းတို့ကားအောက်ရောက်သည်နှင့် သူမက လှည့်ကြည့် လှည့်ကြည့်နှင့်လမ်းကြားတစ်ခုထဲသို့ဝင်သွားလေသည်။

နှောင်းတို့ နောက်မှလိုက်ခဲ့ကြသည်။

''ဒါ မြို့သစ်ပဲနှောင်း၊ လူသိပ်မနေကြသေးဘူး''

အကွက်ရိုက်ထားသောခြံဝင်းအလွတ်များကိုသာ တွေ့ရသည်။ ယာယီလူနေဟန်တူသည့် တဲကလေးများကို ခပ်လှမ်းလှမ်းစီတွင် မြင်နေရ၏။ လမ်းများမှာ ဖောက်ရုံသာဖောက်ထားပြီး အချောမသတ်ရသေးချေ။ ချိုင့်၊ ကမူများကို ဖြတ်သန်းလျှောက်နေရပေသည်။

သူမက နှောင်းတို့ကို ခပ်ဝေးဝေးအထိခေါ်သွားလေသည်။

သစ်ပင်အုံ့ဆိုင်းဆိုင်းများရှိသည့်နေရာအရောက်တွင် သူမက ဘယ်ဖက်ကိုချိုးကွေ့လိုက်သည်။

''ရွာတွေဖက်ကိုထွက်တဲ့လမ်းကိုရောက်လာပြီနှောင်း''

နှောင်းက ရှေ့မှသူမကိုမျှော်ကြည့်လိုက်သည်။

''အို... ကိုဆက်၊ ဟိုအိမ်ကြီး၊ ဟိုအိမ်ကြီးပဲ၊ နှောင်းအိပ်မက်ထဲကအိမ်ကြီး''

လမ်းကိုချိုးအကွေ့တွင် လမ်းဘေး၌ ဘွားကနဲ မြင်လိုက်ရသောအိမ်ကြီးကို နှောင်းကလက်ညှိုးထိုးပြရင်းပြောလိုက်သည်။

မဟေသီသည်လည်း ထိုအိမ်ကြီးကိုဦးတည်၍သွားနေဆဲဖြစ်ပါသည်။

''ဒါဆို နှောင်းအိပ်မက်ဟာအမှန်ပေါ့''

မဟေသီ၏အရိပ်က အိမ်ကြီးရှေ့သို့ရောက်သွားလေပြီ။ မဟေသီက အိမ်ရှေ့တွင်ရပ်ကာ အိမ်ကြီးဆီသို့မျှော်ကြည့်နေ၏။ နှောင်းရှိရာသို့တစ်ချက်လှည့်ကြည့်လိုက်သည်။

အိမ်ကြီးသည် ကျယ်ဝန်းသောခြံကြီး၏နောက်ဖက်ခပ်ကျကျတွင်ရှိနေပါသည်။ အိမ်ကြီးက အိုဟောင်းကာ ယိုင်ရွဲ့နေလေပြီ။ ဝင်းထရံများက ဟိုနေရာတစ်ကွက်၊ သည်နေရာတစ်ကွက် ကျိုးပျက်နေ၏။ ခြုံနွယ်ပိတ်ပေါင်းများက ခြံဝင်းထဲတွင်တောထနေသည်။

''လူမနေတဲ့အိမ်ပျက်ကြီးပဲနော်ကိုဆက်၊ နှောင်းအိပ်မက်က ဒီနေရာကစတာပဲ၊ မဟေသီက နှောင်းကို ဒီနေရာကနေ အိမ်ကြီးထဲထိ ခေါ်သွားတာလေ၊ ဟော– သူ အိမ်ထဲကိုဝင်တော့မယ်ကိုဆက်၊ နှောင်းကိုလှည့်ကြည့်နေတယ်''

''နှောင်း– အိမ်ကြီးထဲမှာ အန္တရာယ်ရှိနေမယ်၊ နှောင်းဒီမှာပဲ နေခဲ့ပါ၊ ဒီသစ်ပင်အောက်မှာနှောင်းစောင့်နေ''

''အို– နှောင်းတစ်ယောက်တည်းနေခဲ့ရမှာကြောက်တယ်ကိုဆက်၊ ပြီးတော့– ကိုဆက်က မဟေသီကိုမြင်မှမမြင်ရတာ၊ ဘယ်လို ဆက်လိုက်မလဲ၊ နှောင်းပါမှဖြစ်မှာပေါ့''

''အင်း... ဒါလည်းဟုတ်တာပဲ''

''နှောင်း ကိုဆက်နဲ့အတူတူပဲလိုက်ခဲ့ပါမယ်၊ အန္တရာယ်တွေ့တော့လည်းအတူတူပေါ့''

ကိုဆက်က နှောင်းကို ငေးကြည့်နေသည်။

''လိုက်ခဲ့တော့နှောင်းရယ်၊ ဘယ်လိုအန္တရာယ်တွေ့တွေ့ ကိုဆက် နှောင်းရှေ့က ကာကွယ်ပေးမှာပါ''

''သူ အိမ်ထဲကိုဝင်သွားပြီကိုဆက်''

''လာ– သွားကြစို့''

♛♛♛♛♛♛♛♛♛

( ၁၈ )

နှောင်းနှင့်ကိုဆက်တို့ ခြံဝင်းကြီးထဲသို့ ဝင်ခဲ့ကြလေသည်။

မဟေသီက အိမ်ကြီးထဲသို့ ပျက်ကျနေသောတခါးကိုဖြတ်၍ ဝင်သွားလေသည်။

''အိပ်မက်ထဲကအတိုင်း အကုန်အတူတူပဲကိုဆက်ရယ်''

နှောင်းအသံက တိတ်ဆိတ်နေသောဝန်းကျင်တွင် ကျယ်လောင်စွာထွက်သွားလေသည်။

နှောင်းတို့ အိမ်ကြီးအတွင်းကိုရောက်သွားတော့ မဟေသီက လှေကားပေါ်သို့ပင်တက်နေလေပြီ။ မဟေသီသည် လှေကားပေါ်တက်သွားရင်းမှ နှောင်းကိုလှည့်လှည့်ကြည့်နေသည်။

အောက်ထပ်တွင် အခန်းများရှိနေပြီး အခန်းတခါးများမှာ ဟင်းလင်းပွင့်နေ၏။ အချို့အခန်းများ၌ တခါးဝတွင် ပင့်ကူအိမ်များဖြင့် ပိတ်ဖုံးနေသည်ကိုတွေ့ရသည်။ နှစ်ရှည်လများ လူသူမဝင်ခဲ့မှန်း သိနိုင်ပေ၏။

ညှော်ခန်းမှတည့်တည့်မြင်နေရသောအခန်းတစ်ခုတွင်သာ တစ်ယောက်အိပ်ကုတင်တစ်လုံးနှင့် ကုတင်ပေါ်တွင် ဖျာတစ်ချပ်ခင်းထားသည်ကိုတွေ့ရ၏။ ကြည့်ရသည်မှာ စောင့်အိပ်သောသူရှိပုံရသည်။ သို့မဟုတ် ထိုအခန်းထဲသို့ လူမကြာခဏလာပုံရသည်။ ဖျာပေါ်တွင် ဖုံများအမှိုက်များမတွေ့ရပါ။

ညှော်ခန်း၌လည်း ဘာပရိဘောဂမှမရှိပဲ အမှိုက်စများ၊ ဖုံမှုန့်များဖြင့် ညစ်ပတ်နေလေသည်။

နှောင်းတို့အိမ်ထဲဝင်လိုက်တော့ ကြွက်များကြမ်းပြင်ပေါ်တွင် ပြေးလွှားကာ အခန်းတွေထဲဝင်၍ပျောက်ကွယ်သွားလေသည်။

နှောင်းနှင့်ကိုဆက်သည် အပေါ်တက်သောလှေကားကြီးဆီသို့ လျှောက်သွားလိုက်သည်။

မဟေသီက လှေကား၏ထိပ်ဆုံးသို့ပင် ရောက်နေလေပြီ။ နှောင်းကိုလှည့်ကြည့်ကာ ရပ်စောင့်နေပေ၏။

မဟေသီတက်သွားရာတွင် ဘာသံမှမကြားရသော်လည်း နှောင်းတို့လှေကားပေါ်ခြေချလိုက်သည်နှင့် ဆွေးနေသောလှေကားအခင်းက တကျွီကျွီမြည်နေလေသည်။

''လှေကားပေါ်ကို နှစ်ယောက်တစ်ပြိုင်တည်းနင်းလို့မဖြစ်ဘူး၊ ကိုယ်အရင်တက်နှင့်မယ်''

ဖုံများထုတက်နေသောလှေကားပေါ်သို့ ဖြည်းဖြည်းချင်းနင်းတက်ခဲ့ကြလေသည်။

''ကြည့်စမ်းနှောင်း၊ လှေကားပေါ်မှာ ဖိနပ်ရာတွေ၊ သိပ်မကြာခင်က ဒီအိမ်ထဲကို လူတွေလာခဲ့ကြတယ်''

ကိုဆက်က လှေကားပေါ်မှဖိနပ်ရာများကိုကြည့်ရင်းပြောလိုက်သည်။ ဖိနပ်ရာသုံးလေးခုမှာ ယောကျာ်းဖိနပ်ရာများဖြစ်ပါ၏။

တဖြည်းဖြည်းနှင့်တက်လာခဲ့ရာ အိမ်အပေါ်ထပ်သို့ရောက်သွားလေသည်။

မဟေသီ၏ပုံရိပ်က အိမ်ကြီးရှေ့မျက်နှာစာရှိ အခန်းတစ်ခုဆီသို့လျှောက်သွားလျှက်ရှိသည်။

''သူဘယ်ရောက်သွားလဲ''

''ဟိုမှာကိုဆက်၊ အဲဒီအခန်းပဲ၊ နှောင်းအိပ်မက်ထဲကအခန်း''

ယခုအချိန်ထိ မဟေသီဦးဆောင်ခေါ်သွားပုံမှာ အိပ်မက်ထဲကအတိုင်းဖြစ်နေလေသည်။

မဟေသီသည် အခန်းရှေ့အရောက်တွင် နှောင်းကိုတစ်ချက်လှည့်ကြည့်လိုက်ပြီးနောက် အခန်းထဲသို့ ပိတ်ထားသောတခါးကို ဖြတ်သန်းရင်း ဝင်ရောက်သွားလေတော့သည်။

''ဟော– သူ ဟိုအခန်းထဲကိုဝင်သွားပြီ''

''အခန်းတခါးက ပိတ်ထားတာလေနှောင်း''

''ဟုတ်တယ်၊ ပိတ်ထားတဲ့တခါးကိုဖြတ်ပြီး မဟေသီအထဲဝင်သွားပြီ''

နှောင်းတို့နှစ်ယောက် အခန်းရှေ့သို့အလျင်အမြန်ရောက်သွားကြလေသည်။

ကိုဆက်က ပိတ်ထားသောတခါးကိုဆွဲဖွင့်လိုက်သည်။

အခန်းထဲမှပုပ်ဟောင်သောအနံ့က ထောင်းကနဲထွက်လာလေ၏။ လင်းနို့သုံးလေးကောင်က နှောင်းတို့ကိုတိုးတိုက်ကာ အပြင်သို့ ပျံပြေးသွားလေသည်။ အတွင်း၌ကြွက်များပြေးလွှားသံကိုကြားရ၏။

အခန်းက မှောင်မည်းနေလေသည်။

နှောင်းက အခန်းထဲကို စူးစိုက်ကြည့်လိုက်သည်။ မျက်နှာကျက်နားမှဟနေသောသစ်သားအပေါ့ကြောင့် တဖြည်းဖြည်းမြင်လာရလေသည်။ အခန်းထဲတွင် ပရိဘောဂပစ္စည်းအကျိုးအပဲ့များ၊ ပစ္စည်းအဟောင်းများ၊ ပြီးတော့… ရှည်လျားကြီးမားသော ကျွန်းသေတ္တာကြီးတစ်လုံး။

သေတ္တာကြီးမှာ နှောင်းအိပ်မက်ထဲတွင်မြင်ခဲ့ရသောသေတ္တာကြီးပင်ဖြစ်ပါသည်။ အတွင်းထဲမှာ အလောင်းရှိသောသေတ္တာကြီး။

''သူရှိသေးလား''

''မဟေသီ့ကိုမမြင်ရတော့ဘူးကိုဆက်''

နှောင်းက အခန်းပတ်လည်အနှံ့ မဟေသီ့ကိုရှာကြည့်သော်လည်း မမြင်တွေ့ရတော့ပါ။

နှောင်း၏အိပ်မက်ထဲကနှင့် ဤနေရာမှစတင်ကွဲပြားသွားလေသည်။ အိပ်မက်ထဲတွင် သေတ္တာကြီးကိုဖွင့်ကြည့်ရန် မဟေသီက အမူအရာပြခဲ့ခြင်းဖြစ်သည်။

ယခုတော့… မဟေသီ့ကိုမမြင်ရတော့ပါ။ မဟေသီ၏ပုံရိပ်မှာ ပျောက်ကွယ်သွားလေပြီ။

''ဒီသေတ္တာကြီး၊ ဒီသေတ္တာကြီးကိုဆက်၊ နှောင်းအိပ်မက်ထဲမှာမြင်ခဲ့ရတာ ဒီကျွန်းသေတ္တာကြီးပဲ''

ပုပ်ဟောင်သောအနံ့အသက်များမှာ သေတ္တာကြီးအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

''ကိုယ်ဖွင့်လိုက်မယ်၊ နှောင်းမကြည့်ရဲရင် အပြင်ထွက်နေလေ၊ ကိုယ်တော့ နှောင်းအိပ်မက်ထဲကအတိုင်းဖြစ်နေမယ်လို့ ထင်တယ်နှောင်း''

''ဖွင့်လိုက်ပါကိုဆက်၊ နှောင်းသိချင်တယ်၊ နှောင်းကြည့်ရဲပါတယ်''

ကိုဆက်က သေတ္တာ၏အံဖုံးကို မ,၍ဖွင့်လိုက်လေသည်။

''အို…''

''ဟာ…''

သေတ္တာထဲမှာအလောင်းတစ်လောင်း။

အဝါရောင်ဝတ်စုံကိုဝတ်ထားသောအမျိုးသမီးတစ်ယောက်၏ အလောင်း။

ကိုဆက်က အလန့်တကြားဖြင့် မ,ထားသောအံဖုံးကို ဖွင့်ရက်သားဖြင့် လက်မှလွှတ်ချလိုက်သည်။

သေတ္တာပွင့်ရက်သားကြီးဖြင့်… သေတ္တာထဲမှအလောင်းကို ထင်ထင်ရှားရှားမြင်တွေ့နေရပါပြီ။

''သူ–သူပဲကိုဆက်၊ နှောင်းမြင်နေရတဲ့မဟေသီဆိုတာ သူပါပဲကိုဆက်ရယ်''

နှောင်းက မျက်နှာကိုလက်ဝါးဖြင့်အုပ်ထားလိုက်ရင်းမှ ပြောလိုက်သည်။

သေတ္တာထဲမှအလောင်းသည် အစစ်အမှန်ဖြစ်ပါသည်။ နှောင်း မြင်ခဲ့ရသော ''သူမ''၏ မပီဝိုးတဝါးပုံရိပ်ယောင်မဟုတ်ပါ။

''ဟုတ်ပါတယ်နှောင်းရယ်၊ သူဟာ မဟေသီဆိုတဲ့ သီသီနိုင် ပါပဲ''

ထိုစဉ်…

အောက်ထပ်ခြံဝင်းထဲသို့ ကားတစ်စီးမောင်းဝင်လာသံကို ကြားလိုက်ရလေသည်။

♛♛♛♛♛

''ဟင်– ကားတစ်စီးခြံထဲကိုဝင်လာပါလား''

''ဘယ်လိုလုပ်ကြမလဲကိုဆက်''

''ကိုယ်အောက်ကိုချောင်းကြည့်လိုက်ဦးမယ်''

အခန်းမှာ အိမ်၏မျက်နှာစာဖက်တွင်ရှိနေ၍ အိမ်ရှေ့ကိုလှမ်းကြည့်ဖို့လွယ်ကူနေသည်။

ကိုဆက်က ပိတ်ထားသောပြတင်းတခါးကိုဖွင့်၍ အနည်းငယ်ဟ,ကာ အောက်သို့ငုံ့ကြည့်လိုက်သည်။

မောင်းဝင်လာသည့်ကားက ဂျစ်ကားအနီလေး။ ကားပေါ်မှ လူတစ်ယောက်ဆင်းလာသည်။

''သူ့ကို ကိုယ်သိတယ်၊ အောင်ဝင်းပဲ''

ကိုအောင်ဝင်းဆိုသူက ဘေးပန်ဝန်းကျင်ကို အကဲခတ်ကြည့်ပြီးမှ ကားပေါ်မှပစ္စည်းတစ်ချို့ကို ချလိုက်သည်။ ပေါက်တူးနှင့် ဂေါ်ပြားဖြစ်သည်။ နှောင်းသည် ထိုပစ္စည်းများကိုတစ်ခါမှမမြင်ဖူး၍ မသိပါ။ မည်သည့်နေရာတွင်သုံးမှန်းလည်း နားမလည်ပါ။

''ကိုယ်သဘောပေါက်ပြီ၊ အောင်ဝင်းဟာ ကိုယ်တို့ဆိုင်ကိုလာနေကျဖောက်သည်တစ်ယောက်ပဲ၊ သီသီသေရတာ သူ့ပယောဂပါ လိမ့်မယ်''

ကိုဆက်က ခပ်တိုးတိုးပြောသည်။

အောင်ဝင်းသည် ပစ္စည်းများအောက်ချအပြီးတွင် အိမ်ထဲသို့ ဝင်လာလေသည်။

လှေကားပေါ်သို့တက်လာသောခြေသံကိုကြားရသည်။

''သူလာနေပြီ၊ နှောင်း တခါးကြားထဲဝင်ပုန်းနေ၊ လာ–လာ''

ကိုဆက်က နှောင်းလက်မောင်းကိုဆွဲကာ တခါးဘေးတွင် ကပ်နေလိုက်သည်။ ပွင့်နေသောတခါးကိုလည်း ပြန်ပိတ်လိုက်၏။

အောင်ဝင်း၏ခြေသံက အခန်းနှင့် တဖြည်းဖြည်းနီးလာလေသည်။

ခြေသံက တခါးဝတွင်ရပ်သွားသည်။

တခါးကိုတွန်းဖွင့်လိုက်သံ။

တခါးမှာ အတွင်းဖက်သို့တွန်းဖွင့်ရသောတခါးဖြစ်၍ နှောင်းနှင့်ကိုဆက်သည် တခါးရွက်နှင့်ကွယ်သွားလေသည်။

အပြင်မှလူက အခန်းထဲသို့ဝင်လာသည်။

''ဟင်–''

အောင်ဝင်းဆိုသူ၏နှုတ်မှ အံ့ဩစွာရေရွတ်သံထွက်ပေါ်လာသည်။ သူသည် အလောင်းထည့်ထားသောသေတ္တာကြီးပွင့်နေသည်ကို ကြည့်ကာ ရေရွတ်လိုက်ခြင်းဖြစ်သည်။

''ဟေ့ကောင်– အောင်ဝင်း''

ကိုဆက်က အောင်ဝင်းနှင့်ရင်ဆိုင်ရန် တခါးကြားထဲမှထွက်လိုက်သည်။

''ဟာ– မင်း... မင်း...''

အောင်ဝင်းက ကိုဆက်ကိုလှည့်ကြည့်ရင်းမှ တခါးရွက်ဘေးတွင်ရပ်နေသောနှောင်းကို မြင်သွားလေသည်။

''မင်း– မင်း– မဟောသီကိုသတ်တာ မင်းမဟုတ်လား၊ မင်းကိုမသင်္ကာနေတာကြာပြီ၊ အခုလည်း မိန်းကလေးတစ်ယောက်ကို ခေါ်လာပြန်ပြီပေါ့လေ၊ ကောင်မလေးကို မတရားကျင့်ပြီး သတ်ပစ်ဦးမလို့ပေါ့လေ''

''ဘာကွ– အောင်ဝင်း၊ မင်းကများတစ်ပြန်ကြီး''

''ဟေ့– မိန်းကလေး၊ မင်း ဘာလို့ဒီအထိလိုက်လာရတာလဲ၊ ဒီကောင်ဟာ လူသတ်သမား၊ မိန်းကလေးတွေကို မတော်မတရားကျင့်ပြီး သတ်သတ်ပစ်တဲ့စိတ္တဇလူသတ်သမား''

''အို... အမလေး''

အောင်ဝင်းစကားကြောင့် နှောင်းထိတ်လန့်သွားလေသည်။ အောင်ဝင်းစကားကိုယုံလည်းယုံလိုက်မိလေသည်။

ကိုဆက်ဟာလူသတ်သမားဆိုပါလား။ ငါ့ကိုလည်း သတ်ပစ်ဖို့ လှည့်ဖျားပြီးခေါ်လာတာပဲ။

''ဟေ့ကောင်– အောင်ဝင်း၊ သူခိုးက လူလူဟစ်လို့ကွာ''

''မင်းရှေ့တိုးမလာနဲ့၊ မင်းကိုဖမ်းဖို့ရဲတွေနောက်မှာပါလာပြီ၊ ဟေ့–မိန်းကလေး၊ လာခဲ့၊ ဒီဖက်ကိုလာခဲ့၊ မင်းကို သူသတ်တော့မယ်၊ ဒီမယ်– သူသတ်ထားတဲ့အလောင်းကြီးမြင်လား''

''နှောင်း မသွားနဲ့၊ သူ့စကားကိုမယုံနဲ့''

နှောင်းသည် ထိတ်လန့်ချောက်ခြားနေပြီဖြစ်သည်။ နှောင်း ဘာမှမစဉ်းစားတတ်တော့။ စိတ္တဇလူသတ်သမားဆိုတဲ့ ကိုဆက်ကိုလည်း ကြောက်သည်။ အခုမှ တွေ့ရတဲ့လူစိမ်းကိုလည်း ကြောက်သည်။

နှောင်းသည် ပွင့်နေသောတခါးပေါက်မှာ အလျင်အမြန်ပြေးထွက်ခဲ့လေသည်။

''နှောင်းမပြေးနဲ့''

''ဟေ့–ကောင်မလေး၊ မပြေးနဲ့လေ၊ နင့်ကို ဒီကောင်က လိုက်သတ်လိမ့်မယ်''

နှောင်း ဘယ်သူ့စကားကိုမှ မနားခံတော့ပါ။ လှေကားအတိုင်း အသည်းအသန်ပြေးဆင်းခဲ့လေသည်။

ကိုဆက်လူသတ်သမား။ ကိုဆက်ဟာလူသတ်သမားတဲ့။ စိတ္တဇ လူသတ်သမား။ မမဆောင်းရေ... နှောင်းတော့မှားပြီ။ မမဆောင်းစကားကိုနားမထောင်မိလို့ နှောင်းမှားပါပြီ၊ နှောင်း ကိုဆက်ကိုယုံမိတယ်။ ယောကျ်ားလေးတွေကို မယုံနဲ့ သတိထား၊ ညီမလေးမှာ ဘာအတွေ့အ ကြုံမှမရှိသေးဘူးဆိုတဲ့ မမဆောင်းစကားများကို ပြန်ကြားယောင်လာသည်။

နှောင်းသည်ကြောက်လန့်တကြားဖြင့် လှေကားအတိုင်းပြေးဆင်းကာ အိမ်မကြီး၏အပြင်ကိုထွက်လိုက်သည်။

အပေါ်မှာ ဘယ်လိုဖြစ်ကျန်ခဲ့တယ်ဆိုတာမသိတော့။

ပြေးခဲ့သည်။ ဆက်ပြေးခဲ့သည်။

အိမ်ရှေ့ထိဆက်ပြေးခဲ့သည်။ ကြောက်စိတ်ဖြင့် ဘာမှမစဉ်းစားနိုင်တော့။

လမ်းမပေါ်အရောက်တွင်လည်း ကြမ်းတမ်းသောလမ်းမအတိုင်း ဆက်ပြေးခဲ့၏။

တစ်နေရာအရောက်တွင် တစ်စုံတစ်ခုကိုတိုက်မိကာ နှောင်း ပစ်လဲကျသွားလေသည်။

''အို– ဒီမှာ လူတစ်ယောက်လုံးထိုင်နေတာကို မမြင်ဘူးလား''

အတိုက်ခံရသူက အော်လိုက်လေသည်။

''ဟင်– အမလေး၊ နှောင်း– နှောင်းပါလား၊ နှောင်းက ဒီနေရာကိုဘယ်လိုရောက်လာတာလဲ''

နှောင်းက လဲနေရာမှလူးလဲထရင်း ကြည့်လိုက်သည်။

''မဆစ်တို–''

''နှောင်း–''

''မဆစ်တို၊ မဆစ်တို၊ လူသတ်သမား၊ ကိုဆက်က လူသတ်သမား၊ ကိုဆက် စိတ္တဇလူသတ်သမား၊ မဟေသီကို ကိုဆက်သတ်တယ်၊ အမလေး– မဆစ်တို''

နှောင်းသည် ကြောက်လန့်တကြားဖြင့်ရေရွတ်ပြောဆိုပြီးနောက် သတိလစ်သွားလေတော့သည်။

♛♛♛♛♛♛♛♛♛♛

## ( ၁၉ )

နှောင်းတို့အိမ်ပြန်ရောက်တော့ ညနေ(၆)နာရီထိုးနေပါပြီ။

အိမ်မှထွက်သွားပြီး ငါးနာရီကြာမြင့်ပြီးမှပင် အိမ်ကိုပြန်ရောက်လာခြင်းဖြစ်တော့သည်။

အငှားကားပေါ်မှဆင်းလာသော နှောင်း၊ ကိုဆက်နှင့်မဆစ်တိုတို့ကို ကြီးကြီးမာက အရင်မြင်လိုက်သည်။

''အမလေး– ငါ့မှာ လက်ဖက်ရည်လေးတစ်ခွက်သောက်ဖို့ စောင့်လိုက်ရတာ၊ ပြန်လာကြသေးသကိုး၊ ဟင်– အမလေး၊ ဗမာင်ဆက်တစ်ကိုယ်လုံးလည်း ပေရေညစ်ပတ်လို့ပါလား၊ ဟိုက်–သွေးတွေရော''

ကြီးကြီးမာအော်သံကြောင့် တန်းလျားတစ်ခုလုံးပြေးထွက်လာကြလေသည်။

နှောင်းသော့ခတ်သွား၍အခန်းထဲမဝင်နိုင်သောဒေါ်လေးရီလည်း ဆရာမမခင်မွေးအခန်းထဲဝင်နားနေရာမှ ထွက်လာလေသည်။

''ဘယ်လိုဖြစ်ကြတာလဲဟယ်၊ ဒီမှာ နင်တို့ပြန်မလာလို့ စိတ်ပူနေကြတာ''

နှောင်းက ဒေါ်လေးရီဆီပြေးသွားကာ ဒေါ်လေးရီရင်ခွင်ထဲဝင်ရင်း ချုံးပွဲချငိုလိုက်လေသည်။

''ဒေါ်လေးရီ၊ နှောင်းကိုခွင့်လွှတ်ပါ၊ ဒေါ်လေးရီနဲ့မမဆောင်း စကားနားမထောင်ပဲ နှောင်းအဝေးကြီးကိုလိုက်သွားမိတယ်၊ နှောင်းလေ– နှောင်း သိပ်ကြောက်စရာကောင်းတဲ့အဖြစ်တွေကြုံခဲ့ရတယ်ဒေါ်လေးရီ၊ နှောင်းကိုခွင့်လွှတ်ပါ''

''နှောင်း ရင်ထိတ်လိုက်တာကွယ်၊ နှောင်းဘာဖြစ်ခဲ့သလဲဟင်''

''နှောင်းဘာမှမဖြစ်ပါဘူး ဒေါ်လေးရီ၊ မမျှော်လင့်တာတွေ ကြုံလိုက်လို့ နှောင်းလန့်သွားတာပါ''

ကိုဆက်က ဝင်ပြောလိုက်သည်။

''ဘာတွေဖြစ်လာကြတာလဲ၊ မဆစ်တိုက ဘယ်ကပါလာတာလဲ၊ ရှင်းအောင်ပြောပြကြပါဦး''

''ပြောရရင်တော့ ဇာတ်ရှုပ်ကြီးပဲ၊ အစကနေပြောပြမှရှင်းလိမ့်မယ်၊ မဆစ်တိုကပဲ ခင်ဗျားကြုံခဲ့ရတဲ့အပိုင်းကို ပြောပြလိုက်ပါဗျာ''

''ဒီလိုပါ၊ ဒီနေ့ မဆစ်တို မြို့သစ်ဖက်ကို ပူဖောင်းသွားရောင်းတယ်လေ၊ နေ့လည်တစ်နာရီခွဲလောက်မှာ ပူဖောင်းတွေကုန်သွားလို့ အိမ်ပြန်ဖို့ကားဂိတ်ကိုလျှောက်လာတယ်၊ နေပူလို့ လမ်းမှာ သစ်ပင်တစ်ပင်အောက် နားနေတုန်း... ပြေးလာတဲ့မိန်းကလေးတစ်ယောက် မဆစ်တိုကိုဝင်တိုက်မိတယ်လေ၊ အဲဒီမိန်းကလေးကိုကြည့်လိုက်တော့ နှောင်းဖြစ်နေတယ်''

♛♛♛♛♛

''မဆစ်တို–''

''နှောင်း–''

''မဆစ်တို၊ မဆစ်တို၊ လူသတ်သမား၊ ကိုဆက်က လူသတ်သမား၊ ကိုဆက် စိတ္တဇလူသတ်သမား၊ မဟေသီကို ကိုဆက်သတ်တယ်၊ အမလေး– မဆစ်တို''

နှောင်းသည် ကြောက်လန့်တကြားဖြင့်ရေရွတ်ပြောဆိုပြီးနောက် သတိလစ်သွားလေတော့သည်။

မဆစ်တိုက တတ်သမျှမှတ်သမျှဖြင့် နှောင်းကို သတိပြန်လည်လာအောင် ပြုစုပေးလိုက်သည်။ ပါလာသောရေဗူးမှရေဖြင့် မျက်နှာကိုတောက်ပေးလိုက်သည့်အခါ နှောင်း သတိပြန်လည်လာလေသည်။

''နှောင်း– မဆစ်တိုရှိတယ်လေ၊ နှောင်းဘာဖြစ်လာသလဲ၊ ဒီနေရာကိုဘယ်လိုရောက်လာသလဲဟင်''

''မဆစ်တို၊ မဆစ်တို၊ ဟောဟိုအိမ်ကြီးထဲမှာ ကိုဆက်ရယ် မဟေသီဆိုတဲ့ကောင်မလေးကို သတ်ထားတယ်''

''ဟင်–''

''အိမ်ကြီးအပေါ်ထပ်မှာ မဟေသီ့အလောင်းရှိတယ်၊ ကိုဆက်က နှောင်းနဲ့မဆစ်တိုကို လာသတ်လိမ့်မယ်၊ ပြေးကြရအောင် မဆစ်တို''

''အို… ကိုဆက်ကလူသတ်သမား၊ ဟုတ်လား၊ မဖြစ်နိုင်ပါဘူး နှောင်းရယ်''

''အလောင်းကြီးကိုနှောင်းကိုယ်တိုင်တွေ့ခဲ့တာ၊ ကိုအောင်ဝင်းဆိုတဲ့လူက အဲဒါ ကိုဆက်သတ်တာတဲ့၊ ပြေးကြရအောင် မဆစ်တို''

''နေဦးနှောင်း၊ ကိုဆက်လူသတ်တယ်ပဲထားပါတော့၊ ဒီတိုင်းပြေးလို့ဘယ်ဖြစ်မှာလဲနှောင်းရယ်၊ အလောင်းကြီးကို နှောင်း တကယ်မြင်ခဲ့တာလား''

''မြင်ခဲ့တယ်မဆစ်တို''

''ကိုဆက်သတ်တာ ဟုတ်ဟုတ်–မဟုတ်ဟုတ် လူသတ်မှုဆိုရင် ရဲကိုအသိပေးရမယ်နှောင်း၊ ဒီနားမှာ နယ်မြေရဲကင်းရှိတယ်၊ လာ– သွားပြောကြစို့''

''အို… ဖြစ်ပါ့မလား မဆစ်တိုရယ်''

''ကိုဆက်က နှောင်းကိုသတ်ဖို့ လိုက်နေတယ်ဆို၊ ရဲကိုတိုင်ထားတော့ ရဲက အကာအကွယ်ပေးနိုင်တာပေါ့''

''ဟင်– ဟုတ်လား''

♛♛♛♛♛

''ဒါနဲ့… နှောင်းကိုခေါ်ပြီး မဆစ်တို နယ်မြေရဲကင်းကိုသွားတိုင်လိုက်တာပေါ့၊ ရဲတွေမေးတဲ့မေးခွန်းကို နှောင်းဖြေတာ ရဲတွေက နားမလည်ကြဘူး၊ ဒါပေမယ့်… အိမ်ကြီးထဲမှာ အလောင်းရှိတယ်ဆိုလို့ ချက်ချင်းပဲလိုက်လာကြပါတယ်''

အိမ်ကြီးသို့အရောက်တွင် အသည်းအသန်ထိုးကြိတ်သတ်ပုတ်နေသော လူနှစ်ယောက်ကို တွေ့ရသည်။ ရဲများက ဝင်ဖြန်ဖြေပြီး ထိုလူနှစ်ယောက်ကိုဖမ်းလိုက်၏။

နှောင်းပြသောကြောင့် အိမ်ပေါ်ထပ် ကျွန်းသေတ္တာထဲမှ အလောင်းကြီးကိုတွေ့သွား၏။

ကိုငြိမ်းဆက်နှင့် အောင်ဝင်းတို့က ''သူသတ်ပါတယ်၊ ကိုယ် သတ်ပါတယ်''ဆိုကာ အပြန်အလှန်စွတ်စွဲနေကြသည်။

ရဲများက မြို့နယ်ရဲစခန်းကို နှစ်ယောက်စလုံးအားဖမ်းဆီးခေါ်ဆောင်ခဲ့ကြ၏။

နှောင်းနှင့်မဆစ်တိုကိုလည်း သက်သေအဖြစ် ခေါ်ဆောင်သွားကြသည်။

♛♛♛♛♛

''နေပါဦးဟဲ့၊ မောင်ဆက်နဲ့နှောင်းက အဲဒီအလောင်းကြီးရှိတဲ့နေရာကို ဘယ်လိုရောက်သွားကြတာတုံး၊ ငါ့ပြောသွာတုန်း ကတော့ လက်ဖက်ရည်ဆိုင်ဆို၊ မြို့သစ်လိုအဝေးကြီးနေရာကို နင်တို့ဘယ်လိုရောက်သွားတာတုန်း''

''အဲဒီအကြောင်းပြောရရင်တော့ အရှည်ကြီးပဲကြီးကြီးမာ''

''ကဲ– အရှည်ကြီးဆိုရင်လည်း လာကြ၊ လမ်းမကြီးပေါ်မှာ၊ ငါ့ဆိုင်ထဲဝင်ပြောကြ''

♛♛♛♛♛

နှောင်းမျက်စိပြန်မြင်ချိန်မှစ၍ နှောင်းအနီးတွင်ကပ်နေသော မိန်းကလေးဝိညာဉ်အကြောင်းကို နှောင်းကပြောပြလိုက်သည်။

''ဒီအကြောင်းတွေကို ဒေါ်လေးရီရော၊ မမဆောင်းရော သိကြပါတယ်၊ ဒါပေမယ့်… နောက်ပိုင်းမှာ နှောင်းက မိန်းကလေး ရဲ့ဝိညာဉ်ရိပ် ပျောက်သွားပြီလို့ ညာပြောခဲ့တယ်၊ ကိုဆက်ပြန်ရောက်လာမှ ကိုဆက်နဲ့တိုင်ပင်ဖြစ်တာပါ''

''ဟုတ်ပါတယ်၊ ကျွန်တော်လည်း နှောင်းစပြောတုံးက မယုံဘူး၊ နှောင်းက ဝိညာဉ်မရဲ့နာမည်ကိုလည်း ဖော်နိုင်ခဲ့တယ်၊ နှောင်းကို ဝိညာဉ်မအသိပေးတဲ့နာမည်ကြောင့် နှောင်းဘေးမှာကပ်နေတဲ့ဝိညာဉ်ဟာ ကျွန်တော်တို့ဆိုင်က ပျောက်ဆုံးနေတဲ့ သီသီနိုင်ခေါ် အဆိုတော် မဟေသီဆိုတာ သိခဲ့ရပါတယ်၊ နှောင်းကိုဓာတ်ပုံပြတော့လည်း နှောင်းက သူမြင်နေရတဲ့ဝိညာဉ်ရိပ်ဟာ သီသီနိုင်ပဲဆိုတာ ပြောပြခဲ့တယ်၊ အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက် သီသီနိုင်ရဲ့ဝိညာဉ်ခေါ်ရာနောက်ကို လိုက်သွားခဲ့တာပါ''

''သီသီနိုင်ဆိုတဲ့မိန်းကလေးက ဘယ်လိုဖြစ်ပြီး အိမ်ကြီးထဲမှာသေနေတာလဲ''

''အသတ်ခံရတာပါခင်ဗျာ''

''အို…''

''သီသီနိုင်ဟာ ကျွန်တော်တို့ဆိုင်မှာ သီချင်းဆိုနေရင်းက ဖွန်လတစ်ရက်နေ့မှာ အလုပ်လာမဆင်းပဲပျောက်နေပါတယ်၊ သီသီနိုင်က ကျွန်တော်နဲ့တစ်မြို့တည်းသားတွေမို့ သီသီနိုင်နေတဲ့အဆောင်ကို သွားစုံစမ်းဖို့ ဆိုင်ပိုင်ရှင်က ကျွန်တော့်ကိုလွှတ်ပါတယ်၊ အဆောင်မှာ သွားစုံစမ်းတော့ သီသီနိုင်ပြန်မလာတာ မေလ၃၁ရက်နေ့ညကတည်းကဆိုတာသိခဲ့ရပါတယ်၊ ဆိုင်မှာ နောက်ဆုံးသီချင်းဆိုသွားတဲ့ညပါ…

''ဒါနဲ့ ဆိုင်ပိုင်ရှင်က ကျွန်တော့်ကို သီသီနိုင်ရဲ့ရည်းစားဆီသွားစုံစမ်းခိုင်းပြန်ပါတယ်၊ သီသီနိုင့်ရည်းစားက ကျွန်တော်တို့ဆိုင်ကို လာနေကျ ကိုကိုမောင်ဆိုတဲ့လူပါ၊ ကိုကိုမောင် ကျန်းမာရေးမကောင်းလို့ ဆိုင်ကိုလာတာမတွေ့တာ တော်တော်ကြာပါပြီ၊ ဆိုင်ပိုင်ရှင်က သီသီနိုင့်ကို ကိုကိုမောင်နဲ့လိုက်ပြေးပြီထင်ပြီး ကိုကိုမောင့်အိမ်ကိုသွားစုံစမ်းဖို့လွှတ်လိုက်တာပါ၊ ဒါပေမယ့်ဗျာ…

''ကျွန်တော်သွားစုံစမ်းတဲ့ ဖွန်လ၂–ရက်နေ့မှာပဲ ကိုကိုမောင်ဟာ သူ့အိမ်မှာဆုံးသွားခဲ့ပါတယ်''

''ဟင်–''

''ဖြစ်မှဖြစ်ရလေ…''

''ကိုကိုမောင့်မှာ နှလုံးရောဂါရှိတယ်တဲ့၊ အပြင်မထွက်နိုင်ပဲ အိပ်ရာထဲမှာ ၆လလောက် နာတာရှည်လဲနေခဲ့တယ်လို့ သိခဲ့ရပါတယ်၊ သီသီနိုင်ကတော့ ပျောက်မြဲပျောက်လျှက်ပဲ၊ ဒါနဲ့ ဆိုင်ပိုင်ရှင်က ကျွန်တော့်ကို အောင်လံကိုပြန်ပြီးစုံစမ်းခိုင်းတာပါ၊ မေလ၃–ရက်နေ့မှာ ကျွန်တော် အောင်လံကိုပြန်သွားလို့ နှောင်းခွဲစိတ်ကုသခံတာတောင်မသိခဲ့ပါဘူး၊ အောင်လံရောက်တော့လည်း သီသီနိုင့်ဇာတိ ရွှေပန်းတောရွာအထိ လိုက်စုံစမ်းနေရလို့ တစ်ပတ်ကြာသွားခဲ့တာပါ၊ သီသီနိုင် အောင်လံကိုလည်း ပြန်မလာခဲ့ဘူး၊ ရွှေပန်းတောကိုလည်း မရောက်ဘူး၊ ဒါနဲ့… ကျွန်တော် အောင်လံက ပြန်လာခဲ့ပါတယ်…

''ဒီကိုပြန်ရောက်မှ နှောင်းပြောပြတဲ့ဝိညာဉ်ရိပ်ဟာ သီသီနိုင်ဖြစ်နိုင်တဲ့သဲလွန်စရလို့ ဝိညာဉ်ရိပ်နောက်ကိုလိုက်သွားခဲ့တာပါ''

♛♛♛♛♛

''ဟိုရောက်တော့ နှောင်းအိပ်မက်ထဲကအတိုင်း သေတ္တာကြီးထဲမှာ သီသီနိုင့်အလောင်းကိုတွေ့ရတယ်၊ ကျွန်တော်တို့ အလောင်းကို ကြည့်နေတုံးမှာပဲ ကိုအောင်ဝင်းဆိုတဲ့လူ ကားနဲ့ရောက်လာတာပါ''

အောင်ဝင်းကိုမြင်သည်နှင့် ကိုဆက်က မဟေသီသေဆုံးမှုတွင် အောင်ဝင်းပါဝင်ပတ်သက်နိုင်ကြောင်း တွက်မိလိုက်လေသည်။

အောင်ဝင်းမှာ မဟေသီ၏ရည်းစားကိုကိုမောင်၏သူငယ်ချင်းဖြစ်သည်။ အောင်ဝင်းရော ကိုကိုမောင်ပါ သုံးနိုင်ဖြုန်းနိုင်သည့် သူဌေးသားများဖြစ်သည်။ ကိုဆက်အလုပ်လုပ်သည့် ''ပတ္တမြားနတ်မယ်'' စားသောက်ဆိုင်ကို နေ့စဉ်လာ၍ ဘီယာသောက်ကြသည်။

သူတို့အုပ်စုမှာ ဆိုင်၏ဖောက်သည်ဖြစ်နေ၍ သူတို့ကို တစ်ဆိုင်လုံးက နာမည်နှင့်တကွမှတ်မိကာ ရင်းနှီးနေကြသည်။ သူတို့အုပ်စုတွင် ကိုကိုမောင်၊ အောင်ဝင်းနှင့်အတူ သီဟ၊ စိုးစိုး၊ စန်းလွင်ဦး…ဆိုသောသူများပါသေးသည်။ အားလုံးသူဌေးသားများချည်း ဖြစ်သည်။

အပေးအကမ်းရက်ရောပြီး သုံးနိုင်ဖြုန်းနိုင်သည့် ကိုကိုမောင်နှင့် အဆိုတော်မဟေသီတို့ ငြိကြခြင်းဖြစ်သည်။ ကိုကိုမောင့်ဖက်က မည်သို့သဘောထားသည်မသိသော်လည်း သီသီနိုင်ခေါ်မဟေသီကမူ ကိုကိုမောင့်ကို အလေးအနက်ထားမြတ်နိုးကာ တစ်ချိန်တွင် လက်ထပ်ယူဖို့အထိ စိတ်ကူးထားလေသည်။ ကိုကိုမောင်ကလည်း လက်ထပ်လိမ့်မည်ဟုမျှော်လင့်ထားသည်။

ဆိုင်မှမနာလိုသူမိန်းကလေးတချို့ကတော့ သူဌေးသားက စားသောက်ဆိုင်ကအဆိုတော်ကို အတည်ယူမှာမဟုတ်။ အပျော်ကြံ ရုံကြံတာဟု အမနာပပြောကြသည်။

ထိုအကြောင်းကိုသိထားသော ကိုငြိမ်းဆက်က သီသီနိုင့်ကို သတိပေးဖူးပါသည်။

''စိတ်ချပါငြိမ်းဆက်၊ ငါ ကိုကိုမောင်အထင်ကြီးအောင်နေမှာပါ။ လူတွေက စားသောက်ဆိုင်မှာသီချင်းဆိုတဲ့မိန်းကလေးဆိုရင် မိန်းမပျက်လောက်နီးနီးထင်ကြတာမှတ်လား၊ ငါ့ကိုအထင်အမြင်မသေးစေရပါဘူး''

သီသီနိုင်မှာ အဆိုတော်လုပ်နေ၍ အများနှင့်အလိုက်သင့်နေပြီး သွက်လက်ချက်ချာသော်လည်း စာရိတ္တပျက်သောမိန်းကလေး တစ်ယောက်တော့မဟုတ်ပါ။ သူ့ဘဝကို တစ်ချိန်တွင် တည်ငြိမ်သောအိမ်ရှင်မအဖြစ် မြှုပ်နှံရန်ဆုံးဖြတ်ထားသော မိန်းမကောင်း တစ်ယောက်သာဖြစ်ပါသည်။

ငြိမ်းဆက်သည် မဟေသီ့အလောင်းရှိရာရောက်လာသော အောင်ဝင်းကိုအမြင်တွင် အံ့သြမှုနှင့်အတူ စဉ်းစားစရာအချက်များ ရလိုက်လေသည်။

ကိုကိုမောင်က သေပြီ။ ကိုကိုမောင်သေတဲ့ရက်နဲ့ မဟေသီပျောက်သွားတဲ့ရက်က တစ်ရက်ပဲခြားသည်။ အိပ်ရာထဲတွင် နာတာ ရှည်လဲနေသောလူနာကိုကိုမောင်သည် ဤအမှုတွင် မပါဝင်နိုင်ပါ။

အောင်ဝင်းတို့အုပ်စုသည် မဟေသီသေဆုံးမှုတွင် အဓိကတရားခံဖြစ်ရမည်။

အောင်ဝင်းနှင့်မျက်နှာချင်းဆိုင်မေးမြန်းဖြေရှင်းရန် ငြိမ်းဆက် ကြိုးစားနေဆဲတွင်...

လည်ပတ်လွန်းပါသောအောင်ဝင်းက နှောင်းကိုမြင်တွေ့သွားပြီး လှည့်စားလိုက်လေသည်။

*''မင်း– မင်း– မဟေသီကိုသတ်တာ မင်းမဟုတ်လား၊ မင်းကိုမသင်္ကာနေတာကြာပြီ၊ အခုလည်း... မိန်းကလေး တစ်ယောက်ကို ခေါ်လာပြန်ပြီပေါ့လေ၊ ကောင်မလေးကို မတရားကျင့်ပြီး သတ်ပစ်ဦးမလို့ပေါ့လေ''*

*''ဟေ့– မိန်းကလေး၊ မင်း ဘာလို့ ဒီအထိလိုက်လာ ရတာလဲ၊ ဒီကောင်ဟာ လူသတ်သမား၊ မိန်းကလေးတွေကို မတော်မတရားကျင့်ပြီး သတ်သတ်ပစ်တဲ့ စိတ္တဇ လူသတ်သမား''*

*''မင်းရှေ့တိုးမလာနဲ့၊ မင်းကိုဖမ်းဖို့ရဲတွေ နောက်မှာ ပါလာပြီ၊ ဟေ့–မိန်းကလေး၊ လာခဲ့၊ ဒီဖက်ကိုလာခဲ့၊ မင်းကို သူသတ်တော့မယ်၊ ဒီမယ်– သူသတ်ထားတဲ့အလောင်းကြီး၊ မြင်လား''*

*''ဟေ့–ကောင်မလေး၊ မပြေးနဲ့လေ၊ နင့်ကို ဒီကောင်က လိုက်သတ်လိမ့်မယ်''*

အောင်ဝင်းက နှောင်းအထင်မှားအမြင်မှားဖြစ်စေရန် လှည့်စားသောစကားများပြောခဲ့ခြင်းဖြစ်သည်။

အမှန်တကယ်လည်း နှောင်းသည် အောင်ဝင်းစကားများကို ယုံခဲ့လေ၏။

ငြိမ်းဆက်ကို အထင်မှားသွားသည်။ ကြောက်ကြောက်လန့်လန့်ဖြင့် ထွက်ပြေးခဲ့လေသည်။

♛♛♛♛♛

''နှောင်း မဆစ်တိုနဲ့တွေ့လိုက်တာ ဘုရားမတာပဲပေါ့ဗျာ၊ မဆစ်တိုက ရဲကင်းကိုသွားအကြောင်းကြားတော့ ရဲတွေရောက်လာခဲ့ တယ်လေ၊ အဲဒီအချိန်မှာ ကျွန်တော်နဲ့အောင်ဝင်းက သူသေကိုယ်သေ သတ်ပုတ်နေကြတာ၊ ရဲတွေလာဖြန်ဖြေလို့သာ ရန်ပွဲပြီးသွား တာ...

''အလောင်းကိုပါတွေ့ရလို့ ရဲစခန်းက ကျွန်တော်တို့နှစ်ယောက်စလုံးကို ဖမ်းချုပ်ပြီးခေါ်သွားပါတယ်၊ ဟိုရောက်တော့လည်း အောင်ဝင်းက မဟေသီကိုသူမသတ်ပါဘူး၊ ကျွန်တော်သတ်တာပါ၊ ကျွန်တော့်ကို မသင်္ကာလို့ လိုက်လာရာမှာ အလောင်းနဲ့ပက်ပင်းမိ တာပါလို့ ငြင်းနေသေးတယ်...

''ကျွန်တော်နဲ့အောင်ဝင်းကို တစ်ယောက်စီခွဲပြီးစစ်တော့ ကျွန်တော်က နှောင်းကိုလာပူးကပ်တဲ့ မဟေသီ့ဝိညာဉ်က အသိပေး လို့ အိမ်ပျက်ကြီးကိုရောက်လာရတဲ့အကြောင်း ပြောပြလိုက်တယ်၊ ဝိညာဉ်တွေ အိပ်မက်တွေပါနေလို့ ရဲတွေက အစပိုင်းမှာ မယုံကြပါ ဘူး၊ နှောင်းကိုလည်း စစ်ဆေးခဲ့တယ်၊ နှောင်းကလည်း ကျွန်တော်ပြောတဲ့အတိုင်း အစစ်ခံမှ ရဲတွေလည်းယုံသွားခဲ့တယ်...

''ကျွန်တော့်ကို အဓိကကယ်လိုက်တာကတော့ အဲဒီနယ်မြေမှာ တာဝန်ကျနေတဲ့ နယ်မြေခံဆားပုလင်းပါ၊ ဆားပုလင်းကိုထွန်း ညိုဆိုတဲ့လူကိုခေါ်ပြီး အောင်ဝင်းကိုပြတော့ သူက အောင်ဝင်းကိုသိနေတယ်၊ အခင်းဖြစ်တဲ့အိမ်ကြီးဟာ အောင်ဝင်းတို့ဘိုးဘွားပိုင် အိမ်တဲ့၊ လူမနေတာကြာပြီ၊ အောင်ဝင်းနဲ့သူ့အပေါင်းအသင်းတွေက မိန်းမကိစ္စရှုပ်ထွေးတိုင်း မိန်းမတွေကို ဒီအိမ်ကြီးထဲခေါ်လာ တတ်တယ်တဲ့၊ ဒါကို ဆားပုလင်းကိုထွန်းညိုက သိနေတယ်...

''အလောင်းတွေ့တဲ့အိမ်ဟာ အောင်ဝင်းတို့ပိုင်တဲ့အိမ်၊ ဒီအိမ်ကိုလည်း မိန်းမတွေနဲ့ပျော်ပါးဖို့လာနေကျဆိုတာတွေ သိလိုက်ရတော့ သံသယဟာ အောင်ဝင်းဖက်ကိုလှည့်သွားခဲ့တယ်...

''ပြည်သူ့ရဲတွေစစ်ဆေးဖော်ထုတ်မှုကျွမ်းကျင်လို့ အောင်ဝင်းလည်း နောက်ဆုံးမှာ အဖြစ်မှန်ကို ဝန်ခံလိုက်ရပါတယ်၊ သီသီနိုင်ခေါ် မဟေသီကို သူနဲ့သူ့အပေါင်းအသင်းသုံးယောက်ဖြစ်တဲ့ သီဟရယ်၊ စိုးစိုးရယ်၊ စန်းလွင်ဦးရယ် သတ်မိလိုက်ကြတာတဲ့''

( ၂၀ )

အောင်ဝင်း၏ဝန်ခံချက်။

တကယ်တော့... ပတ္တမြားနတ်မယ်စားသောက်ဆိုင်မှ အဆိုတော်မဟေသီမှာ သူတို့သူငယ်ချင်းကိုကိုမောင်၏ချစ်သူဖြစ်သည်။ ကိုကိုမောင်က အလေးအနက်သမားဖြစ်သည်။ စိတ်ကူးယဉ်တတ်သည်။ မဟေသီနှင့်သမီးရည်းစားဖြစ်ကြပြီး ကိုကိုမောင်က မဟေသီကို အစွဲကြီး စွဲနေသည်။ ဒါကို... အောင်ဝင်းနှင့်သူငယ်ချင်းတွေက လက်မခံချင်။

သူငယ်ချင်းတွေက သီဟ၊ စိုးစိုးနှင့် စန်းလွင်ဦးတို့ဖြစ်ကြသည်။

မဟေသီလိုမိန်းကလေးကို အောင်ဝင်းတို့က အထင်အမြင်မကြီး။ စားသောက်ဆိုင်မှာသီချင်းဆိုဖျော်ဖြေနေသည့် မိန်းကလေးကို အလေးအနက်ထားစရာမလို၊ အပျော်တွဲရုံလောက်သာသဘောထားသင့်သည်ဟုထင်သည်။

ကိုကိုမောင့်ကို မဟေသီ့အား သည်လောက်အစွဲအလမ်းမထားဖို့ဝိုင်းဖျက်ကြသည်။

ဘယ်လိုပဲဖျက်ဖျက်... ကိုကိုမောင်က မဟေသီ့ကိုလက်ထပ်ယူဖို့အထိ ဆုံးဖြတ်ပြီးလေပြီ။

အဲသည်လို... ကိုကိုမောင်က မဟေသီ့ကိုလက်ထပ်ယူဖို့အထိ ဆုံးဖြတ်ထားချိန်မှာ အောင်ဝင်းတို့ကလည်း အဆက်ဖြတ်ရန် တိုက်တွန်းနေခဲ့သည်။

သို့သော်... ပတ္တမြားနတ်မယ်ဆိုင်ကိုတော့ သူတို့ ညစဉ်ရောက်မြဲ။ ပတ္တမြားနတ်မယ်တွင် မဟေသီသီချင်းမဆိုခင်ကတည်းက သူတို့ အဝင်အထွက်ရှိခဲ့ခြင်းဖြစ်ပါသည်။ ဆိုင်ရှင်မှအစ တစ်ဆိုင်လုံးနှင့်လည်း ရင်းနှီးနေကြလေပြီ။

ထိုသို့နေလာရာမှ ကိုကိုမောင်၏နှလုံးရောဂါမှာ ပြင်းထန်လာခဲ့လေသည်။ ကိုကိုမောင့်ရောဂါမှာ မွေးရာပါနှလုံးရောဂါဖြစ်ပါသည်။ ရောဂါကြောင့် ကိုကိုမောင် အရက်သောက်လို့မရတော့။ အိပ်ရာထဲလဲခဲ့သည်။ အောင်ဝင်းတို့နှင့်လည်း တွဲသွားတွဲလာ မလုပ်နိုင်တော့ချေ။

အောင်ဝင်းတို့ ကိုကိုမောင့်အိမ်ကိုသွား၍ သတင်းမေးသည့်အခါတိုင်း ကိုကိုမောင်က မဟေသီ့အကြောင်းမေးသည်။ မဟေသီ့ကို အိမ်ခေါ်လာပေးဖို့တောင်းဆိုသည်။

အောင်ဝင်းတို့က ကိုကိုမောင် မဟေသီ့ကိုစိတ်နာစေရန်... မဟေသီအခြားတစ်ယောက်နှင့်တွဲနေကြောင်း၊ မဟေသီမှာ လက်ဆောင်နှင့်ငွေမျိုးမျိုးမြက်မြက်ပေးလျှင် ခေါ်ရာလိုက်သည့်မိန်းကလေးဖြစ်ကြောင်း ပြောခဲ့သည်။

အောင်ဝင်းတို့ဘယ်လိုပြောပြော ကိုကိုမောင်က မယုံခဲ့ချေ။ မဟေသီ့ကိုသာ တမ်းတနေခဲ့၏။

မဟေသီ့ဖက်ကလည်း ကိုကိုမောင်ပျောက်နေ၍ သိပ်တွေ့ချင်နေသည်။ ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲလဲနေသည့်သတင်းကိုလည်းကြားသည်။ ကိုကိုမောင့်အိမ်အထိတော့လည်း သူမ လိုက်မသွားရဲပေ။

မဟေသီသည် အောင်ဝင်းကိုအကူအညီတောင်းခဲ့လေသည်။ ကိုကိုမောင်နှင့်ဆက်သွယ်ပေးရန်။

သည်တွင် အောင်ဝင်းတို့ကအကြံရကာ အစီအစဉ်တစ်ခုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သူတို့အစီအစဉ်က ကိုကိုမောင်လည်း မဟေသီ့ကို စိတ်နာသွားရန်၊ မဟေသီလည်း ကိုကိုမောင့်ကိုရှောင်ထွက်သွားရန် အစီအစဉ်ဖြစ်လေ၏။

အရက်မူးမူး သွေးဆူဆူဖြင့် ထင်မိထင်ရာ ပြုလုပ်ခဲ့မိသော အစီအစဉ်ပင်ဖြစ်ပါသည်။

ထိုနေ့က... မေလ(၃၁)ရက်၊ အင်္ဂါနေ့ဖြစ်သည်။

ညပိုင်းတွင်ဆိုင်ရောက်တော့ အောင်ဝင်းက ကိုကိုမောင်အခေါ်လွှတ်လိုက်၍ ယနေ့ညဆိုင်ပိတ်လျှင် ကိုကိုမောင့်အိမ်ကို လိုက်ခဲ့ဖို့ပြောထားလိုက်သည်။ ကိုကိုမောင့်အခြေအနေအတော်ဆိုးနေကြောင်းလည်း ပြောပြလိုက်သည်။ မဟေသီက ယုံကြည်ခဲ့လေသည်။

တကယ်တော့ ထိုအချိန်တွင် ကိုကိုမောင်၏ရောဂါအခြေအနေမှာလည်း အမှန်ပင်ဆိုးရွားနေပါပြီ။ နောက်ဆုံးအချိန်ကိုရောက်နေပြီ။ ဆရာဝန်များလက်လျှော့လိုက်ပြီ။

မဟေသီသည် ထိုညတွင် သူမဆိုရမည့်သီချင်းများကို ခပ်စောစောပြီးအောင်ဆိုလိုက်ကာ... ညဆယ်နာရီလောက် ဆိုင်မပိတ်မီ အောင်ဝင်းတို့နှင့်ချိန်းဆိုထားသည့်အတိုင်း လိုက်လာခဲ့သည်။

အောင်ဝင်းတို့သူငယ်ချင်းလေးယောက်က ဆိုင်နှင့်ခပ်လှမ်းလှမ်းတွင်ကားကိုရပ်ထားပြီး မဟေသီ့ကိုခေါ်ထုတ်သွားသည်ကို မည်သူမျှ မမြင်လိုက်ကြပါ။

အောင်ဝင်းတို့အစီအစဉ်က မဟေသီ့ကို သူတို့သွားနေကျ မြို့သစ်ကအိမ်ကြီးကိုခေါ်သွားမည်။ ဟိုရောက်လျှင် မဟေသီ့ကို စည်းရုံးပြီး ပျော်ပါးကြမည်။ မဟေသီလိုမိန်းကလေးသည် ငွေပုံပေးလိုက်လျှင် သူတို့အလိုကိုလိုက်လျောမည်ဟု ထင်ထားကြ၏။

မဟေသီနှင့်သူတို့ပျော်ပါးကြပုံကို ဓာတ်ပုံဗွီဒီယိုရိုက်ထားပြီး လိုအပ်လျှင် ကိုကိုမောင့်ကိုပြသဖို့အထိ စီစဉ်ထားခဲ့လေသည်။

ကားက မြို့ထဲသို့သွားသည့်လမ်းမဟုတ်ပဲ မြို့အပြင်ဖက်ကို မောင်းနေကတည်းက မဟေသီသံသယဝင်ခဲ့လေသည်။

''ကိုအောင်ဝင်း၊ ကိုကိုမောင်တို့အိမ်က မြို့ထဲမှာမဟုတ်လား၊ ဘယ်ကိုသွားနေတာလဲ''

''ကိုကိုမောင်နဲ့တွေ့ရမှာပါမဟေသီ၊ မကြာခင် မဟေသီ ကောင်းကောင်းကြီးတွေ့ရပါလိမ့်မယ်''

''အို... ကိုအောင်ဝင်း၊ မဟေသီမလိုက်တော့ဘူး၊ ကားကိုပြန်လှည့်ပါ''

''မဟေသီကလည်းကွာ၊ ဟိုရောက်ရင် မဟေသီပျော်ရမှာပါ၊ တစ်ဘဝလုံးမေ့သွားအောင် ပျော်သွားလိမ့်မယ်၊ ဟဲ ဟဲ''

''မဟေသီမလိုက်တော့ဘူးကိုအောင်ဝင်း၊ မဟေသီဒီမှာပဲ ဆင်းတော့မယ်၊ ကားကိုရပ်ပေး''

''မဟေသီလေးကလည်းကွာ၊ လိမ္မာပါတယ်၊ မဟေသီ့ကို ကိုကိုတို့က ပျော်အောင်လုပ်ပေးမှာပါ''

''အို... မဟေသီအော်လိုက်မယ်နော်''

မဟေသီနှင့်ပူးထိုင်နေသည့်စိုးစိုးက မဟေသီ့ပါးစပ်ကို လက်ကိုင်ပုဝါဖြင့်ဖိပိတ်ထားလိုက်သည်။

သူတို့သည် မဟေသီ့ကို ချုပ်နှောင်ကာ မြို့သစ်ကအိမ်ကြီးရောက်သည်အထိ ခေါ်ဆောင်လာခဲ့ကြ၏။ သန်မာပြီး မူးနေသော ယောကျာ်းသားလေးယောက်အင်အားကို မဟေသီမတွန်းလှန်နိုင်ပါ။

အိမ်အိုကြီးဆီရောက်တော့ ကားကို အိမ်ဝင်းထဲတွင်ရပ်ကာ မဟေသီ့ကို အိမ်ထဲဆွဲခေါ်သွားကြသည်။

အောင်ဝင်းတို့က မဟေသီ့ကို ကောင်းကောင်းမွန်မွန်ဧျးညှိကြပါသေးသည်။

''လုပ်မနေနဲ့မဟေသီ၊ နင့်လိုမိန်းကလေးကို ကိုကိုမောင်က ယူမှာမဟုတ်ဘူး၊ ကိုကိုမောင်လည်း ရောဂါနဲ့သေတော့မှာ၊ သူ့မိဘတွေက နင်နဲ့သဘောတူဖို့ဝေးသေးတယ်၊ ငါတို့အလိုလိုက်ပါ၊ ဘယ်သူမှပြန်မသိစေရပါဘူး၊ နင့်ကို တို့က ငွေကောင်းကောင်းပေးမှာပါ၊ အမြဲခေါ်ပြီး အမြဲထောက်ပံ့မယ်လေ၊ နင် တို့လေးယောက်နဲ့တင် ချမ်းသာနိုင်တယ်''

''ထွီ– လူယုတ်မာတွေ၊ ငါ မိန်းမပျက်မဟုတ်ဘူးဟဲ့၊ လွှတ်– ငါ့ကိုခုချက်ချင်းလွှတ်''

''ကြာတယ်ကွာ၊ ကောင်မက မူနေတာ၊ ဟော့– ဘယ်သူအရင် ဝင်မှာလဲ၊ လုပ်စရာရှိတာလုပ်၊ ပြီးလို့ သူ့ကိုပိုက်ဆံပေးလိုက်ရင် ဒီကောင်မ ငြိမ်သွားမှာပဲ''

စိုးစိုးက မဟေသီ့ကို ဧည့်ခန်းနှင့်ကပ်ရက်အခန်းထဲဆွဲခေါ်သွားလေသည်။ ထိုအခန်းက သူတို့ မိန်းကလေးတွေနှင့်ပျော်ပါးရာတွင် သုံးသည့်အခန်း၊ အခန်းကိုသန့်ရှင်းရေးလုပ်ထားသည်။ အခန်းထဲတွင် တစ်ယောက်အိပ်ကုတင်တစ်လုံးနှင့် အိပ်ရာအပြည့်အစုံရှိသည်။

မဟေသီက စိုးစိုးလက်ထဲမှရုန်းကန်သည်။

''ကိုကိုမောင်ရေ ကိုကိုမောင် သီ့ကိုကယ်ပါဦး၊ အမလေး... ကိုကိုမောင်ရေ''

''အသံထွက်တယ်ကွာ၊ ဒီကောင်မကို ငြိမ်အောင်လုပ်လိုက်စမ်း၊ စိုးစိုး... မင်းဒီလောက်မှမပိုင်ဘူးလား''

စိုးစိုးက မဟေသီ့ကို ကုတင်ပေါ်ကြမ်းတမ်းစွာလှဲချလိုက်ကာ စောင်ပိုင်းဖြင့် မဟေသီ့ပါးစပ်ကို အုပ်ထားလိုက်သည်။

မဟေသီဆက်အော်နေဆဲ။ ဝူးဝူးဝါးဝါးအသံများထွက်နေသည်။

ထိုစဉ်... အပြင်ဖက်ကိုစောင့်ကြည့်နေသောသီဟ ပြေးဝင်လာသည်။

''ဟော့ကောင်တွေ… အိမ်ရှေ့မှာ ပတ္တရောင်တွေလာနေတယ်၊ ငြိမ်ငြိမ်နေကြ''

စက်ဘီးသုံးစီးဖြင့်ပတ္တရောင်လှည့်လာသောရဲများက အိမ်ရှေ့မှဖြတ်သွားကြသည်။ အိမ်ရှေ့မှာ ကားတစ်စီးရပ်ထားတာမြင်၍ထင်သည်။ ခဏရပ်ကြည့်နေကြသေး၏။

သီဟစကားပြောသံကိုကြားလိုက်ရသောမဟေသီက ပတ္တရောင်ရဲများဖြတ်သွားသည်ကိုသိလိုက်ကာ အသံကုန်ဟစ်၍အော်လိုက်ပြန်သည်။

''ကယ်ကြပါ… ကယ်ကြ…''

စိုးစိုးက မဟေသီ့ပါးစပ်ကိုပိတ်ထားသောစောင်ပိုင်းဖြင့် ပို၍ ဖိကာပိတ်ထားလိုက်သည်။

မဟေသီသည် အောက်တွင်ရုန်းကန်လှုပ်ရှားကာ လူးလွန့်နေခဲ့၏။

ပတ္တရောင်ရဲများက အိမ်အိုပျက်ကြီးဆီမှ မသင်္ကာဖွယ်အငွေ့အသက်များကြောင့်ထင်သည်။ လမ်းထိပ်ကိုရောက်ပြီးမှ နောက်တစ်ကြိမ် ပြန်လှည့်လာကြ၏။

''ရဲတွေပြန်လှည့်လာပြီ၊ ငါတို့ ကားကိုပြန်အထွက်ပြပြီး ရှောင်နေလိုက်မယ်၊ ခဏနေမှပြန်လာမယ်စိုးစိုး၊ မင်းလည်း သတိထားနော်၊ အသံမထွက်စေနဲ့''

အောင်ဝင်း၊ သီဟနှင့် စန်းလွင်ဦးတို့က ကားကိုမောင်းထွက်သွားကြလေသည်။

စိုးစိုးသည် မဟေသီ့ထံမှနောက်ထပ်အသံထွက်လာမည်ကို စိုးရိမ်ကာ စောင်ပိုင်းဖြင့် မဟေသီ့မျက်နှာကိုအုပ်ပြီး ဖိထားလိုက်သည်။ ဗလကောင်းသောစိုးစိုးခန္ဓာကိုယ်က မဟေသီ့ကို အင်အားနှင့်တက်ဖိထားရက်သားဖြစ်နေခဲ့လေ၏။

♛♛♛♛♛

မိနစ်နှစ်ဆယ်လောက်ကြာ၍ အောင်ဝင်းတို့ကား ပြန်ရောက်လာသည့်အချိန်တွင် စိုးစိုးက အိမ်ထဲမှ အူယားဖားရားပြေးထွက်လာလေသည်။

''ဘဲ့နဲ့လဲစိုးစိုး၊ အိုကေရဲ့လား''

''သေပြီ၊ မဟေသီသေသွားပြီအောင်ဝင်း''

''ဘာ–''

''သူ အော်မှာစိုးလို့ သူ့ပါးစပ်ကိုပိတ်ထားတာ… ကြာသွားလို့ထင်တယ်၊ ငါကြည့်လိုက်တော့ သေနေပြီ''

''ဟာ– ဒုက္ခပါပဲကွာ''

''ငါတော့ ဒုက္ခရောက်ပြီ၊ ငါ့ကိုကယ်ကြပါဦးသူငယ်ချင်းတို့''

''ဖြစ်လာမှတော့ ဘယ်တတ်နိုင်မှာလဲ၊ ဝိုင်းလုပ်ကြရုံပေါ့၊ သူ့အလောင်းကိုဖျောက်ဖျက်ပစ်မှဖြစ်မယ်''

အိမ်ကြီးအနေအထားကိုသိနေသော အိမ်ရှင်အောင်ဝင်းကပင် မဟေသီ့အလောင်းကို မ,ယူစေခဲ့ကာ အပေါ်ထပ်အခန်းထဲမှ သေတ္တာဟောင်းကြီးထဲတွင် ထည့်ထားလိုက်ကြသည်။ စောင်များကိုလည်း သေတ္တာအောက်တွင်ခံ၍ထည့်ထားခဲ့ကြ၏။

အဝါရောင်ဝတ်စုံလေးကို ဝတ်ဆင်ထားသည့် မဟေသီ၏အလောင်းက အိမ်အိုဟောင်းပေါ်ရှိ အခန်းတစ်ခန်းထဲမှ ကျွန်းသေတ္တာကြီးထဲတွင် လုံခြုံစွာကျန်နေရစ်တော့သည်။

♛♛♛♛♛

ထိုနေ့သည်… မေလ၃၁ရက်၊ အင်္ဂါနေ့ဖြစ်ပါသည်။

နောက်တစ်ရက်ခြား… ဇွန်လ၂ရက် ကြာသပတေးနေ့တွင် ကိုကိုမောင်ဆုံးပါးသွားခဲ့သည်။

အောင်ဝင်းသည် မဟေသီသေဆုံးမှုအတွက် ထိုအချိန်မှစ၍ စိတ်တွေချောက်ခြားနေခဲ့သည်။ မဟေသီပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ သူတို့ကို မည်သူကမျှ သင်္ကာမကင်းမဖြစ်ကြ၍တော်ပေသေးသည်။

မဟေသီ့အလောင်းကြီးကိုတော့ ဒီအတိုင်းထားလို့မဖြစ်။ အပြီးအပိုင်ဖျောက်ဖျက်ပစ်ဖို့လိုသည်။

စိုးစိုးနှင့်သူငယ်ချင်းများကို မဟေသီ့အလောင်းအား ခြံထဲတွင်ပင်မြေမြှုပ်ရန် သွားခေါ်သော်လည်း စိုးစိုးက ကြောက်နေသည်။ ကျန်တဲ့သူငယ်ချင်းတွေကလည်းမလိုက်ရဲကြ။ အလောင်းရှိနေသောအိမ်မှာ အောင်ဝင်းအိမ်ဖြစ်နေပါ၍ တစ်ချိန်မှာပြဿနာတက်လာမှာကို အောင်ဝင်းက စိုးရိမ်သည်။

ယနေ့ဆိုလျှင် မဟေသီသေဆုံးခဲ့သည်မှာ ၁၃ရက်ပင်ရှိပါပြီ။

သို့ဖြင့်… သည်ကနေ့တော့ မဟေသီ့အလောင်းကို ကိုယ်တိုင်ပဲ မြေမြှုပ်ရန် ဂေါ်ပြား၊ပေါက်တူးအစုံအလင်ဖြင့် ရောက်ရှိလာခြင်းဖြစ်ပါ သည်။

♛♛♛♛♛

''အောင်ဝင်းဝန်ခံလိုက်လို့ မဟေသီ့ကိုသတ်တဲ့တရားခံကိုလည်း မိပါပြီ၊ ရဲတွေက အမှုတွဲထဲမှာပါတဲ့ စိုးစိုး၊ သီဟ၊ စန်းလွင်ဦး တို့ကို တစ်ခါတည်း သွားဖမ်းနိုင်ခဲ့ပါတယ်၊ စိုးစိုးကတော့ ကာယကံမြောက် သတ်တဲ့လူဆိုတော့ ပြစ်ဒဏ်ကြီးကြီးမားမားခံရမှာပေါ့၊ အဲဒီ ပြဿနာတွေအားလုံးကိုပြီးပြတ်အောင်ရှင်းနေလို့ ကျွန်တော်တို့ ကြာသွားတာပါ''

ကိုဆက်က အကြောင်းစုံကိုပြောပြပြီး အဆုံးသတ်လိုက်လေသည်။

♛♛♛♛♛♛♛♛♛♛

( ၂၁ )

''ဒါဆို… နှောင်းကိုအစားထိုးပေးထားတဲ့မျက်ကြည်လွှာဟာ မဟေသီရဲ့မျက်ကြည်လွှာမဟုတ်ဘူးပေါ့''

ဆရာကိုအောင်မြတ်က မေးလိုက်သည်။

''မဟုတ်ပါဘူးဆရာ''

''ဒါဖြင့်… မဟေသီရဲ့ဝိညာဉ်က နှောင်းဘေးမှာ ဘာလို့လာပြီး ကပ်နေရတာလဲ''

''အဲဒီပြဿနာရဲ့အဖြေကို ဖြေရှင်းနိုင်ခဲ့ပါပြီဆရာ၊ အောင်ဝင်းဆီက သိခဲ့ရပါတယ်၊ ကွယ်လွန်သွားတဲ့ကိုကိုမောင်ဟာ မျက်ကြည်လွှာ လှူဒါန်းထားတဲ့လူပါ၊ ကိုကိုမောင်ဆုံးတာကို မျက်စိဆေးရုံကိုအကြောင်းကြားလိုက်တာနဲ့ ဆေးရုံက ကိုကိုမောင်ရဲ့မျက်ကြည်လွှာကို ချက်ချင်းပဲ ဖြုတ်ယူသွားခဲ့ကြပါတယ်၊ အဲဒါ… ဇွန်လ၂–ရက်၊ ကြာသပတေးနေ့ကပါ''

''နှောင်းကို ဆေးရုံကအကြောင်းကြားပြီးခေါ်လိုက်တဲ့နေ့က ဇွန်လ၃–ရက်၊ သောကြာနေ့ပါ ဆရာ''

''ဒီလိုဆို… နှောင်းကိုထည့်ပေးလိုက်တဲ့ မျက်ကြည်လွှာဟာ ကိုကိုမောင်ရဲ့မျက်ကြည်လွှာပေါ့''

''အဲဒီလိုယူဆရပါတယ်၊ ယူဆလို့ရအောင်ကလည်း မဟေသီရဲ့ဝိညာဉ် နှောင်းအနားမှာကပ်နေတာက သက်သေလိုဖြစ်နေတယ်လေ၊ ကျွန်တော်တို့ယူဆတာက… မဟေသီကွယ်လွန်ပြီးပြီးချင်း မဟေသီရဲ့ဝိညာဉ်ဟာ သူ့ချစ်သူ ကိုကိုမောင့်ဆီကိုရောက်သွားခဲ့တယ်၊ ကိုကိုမောင့်ကို သူ့အသတ်ခံရတဲ့အကြောင်း အကြောင်းကြားခဲ့တယ်၊ မဟေသီသေတဲ့အချိန်မှာ ကိုကိုမောင်မသေသေးပါဘူး၊ မျောနေတဲ့အချိန်ပါ၊ သူ့ဆီကိုရောက်လာတဲ့ မဟေသီ့ဝိညာဉ်ကို ကိုကိုမောင် မြင်ခဲ့လို့ပဲလားမသိဘူး၊ ကိုကိုမောင်ရဲ့အမြင်လွှာမှာ မဟေသီ့ရုပ်ပုံဟာစွဲထင်နေခဲ့တာဖြစ်ပါလိမ့်မယ်၊ မဟေသီရဲ့ဝိညာဉ်ကလည်း ကိုကိုမောင့်မျက်ကြည်လွှာမှာ ပူးကပ်ပြီးပါလာခဲ့တာဖြစ်မယ်လို့ ယူဆရပါတယ်ဆရာ''

''ဟုတ်မှာပဲ၊ ဒါကြောင့်… မျက်ကြည်လွှာက နှောင်းဆီကိုရောက်နေတဲ့အထိ မဟေသီ့ဝိညာဉ်ကို မြင်နေရတာဖြစ်မယ်''

''အဲဒီအဖြစ်ကိုကြည့်ပြီး နှောင်းကိုထည့်ပေးလိုက်တဲ့ မျက်ကြည်လွှာဟာ ကိုကိုမောင့်မျက်ကြည်လွှာဖြစ်မယ်လို့ ကျွန်တော်တို့ ယူဆရတာပါ၊ အတိအကျကိုတော့ မသိနိုင်ပါဘူးဆရာ''

''ဒီအတိုင်းပဲဖြစ်မှာပါလေ''

နှောင်းတို့ကြုံခဲ့ရသည့်အတွေ့အကြုံများကို ကြားလိုက်ရသည့် အိမ်နီးချင်းများမှာ ရင်သပ်ရှုမောဖြစ်နေကြလေသည်။

**အရင်းစစ်လိုက်တော့… သီသီနိုင်ခေါ် မဟေသီ၏ဝိညာဉ်က သူ့ချစ်သူကိုကိုမောင်၏မျက်ဝန်းအိမ်တွင် လိုက်ပါတွယ်ကပ်နေခြင်းပင်ဖြစ်ပါတော့သည်။**

''ဩော်… မဟေသီဆိုတဲ့မိန်းကလေးဟာ အတော်ထက်မြက်တဲ့ မိန်းကလေးဖြစ်မယ်ထင်ပါရဲ့ကွယ်၊ သေပြီးတာတောင် သူ့အဖြစ်ကို သူ့ချစ်သူသိအောင် ဝိညာဉ်အနေနဲ့အကြောင်းကြားခဲ့တယ်၊ သူ့ကိုသတ်တဲ့လူသတ်သမားတွေကို ပေါ်အောင်ဖော်ထုတ်ပေးနိုင်ခဲ့တယ်နော်''

''ဟုတ်ပါတယ်ကြီးကြီးမာ၊ မဟေသီဟာ သိပ်ပြီးတော့ ရည်ရွယ်ချက်ကြီးတဲ့မိန်းကလေးပါ၊ အဆိုပညာကိုကျွမ်းကျင်တော့ နိုင်ငံကျော်အဆိုတော်ဖြစ်တဲ့အထိကြိုးစားမယ်လို့ ရည်ရွယ်ချက်ပြင်းပြခဲ့ပါတယ်၊ ကံအကြောင်းမလှလို့သာ လေ့လေ့ော်ရင်းတက်ကျိုးသွားခဲ့ရရှာတာပါ''

''အခုရော… မဟေသီရဲ့ပုံရိပ်ကို နှောင်း မြင်နေရသေးလား''

ဒေါ်လေးရီက မေးလိုက်သည်။

''မမြင်ရတော့ပါဘူးဒေါ်လေးရီ၊ သူ့အလောင်းရှိတဲ့အခန်းထဲကို ဝင်သွားတာမြင်လိုက်ရပြီးကတည်းက မဟေသီ့ပုံရိပ်ဟာပျောက်သွားပါပြီ၊ မမြင်ရတော့ပါဘူး၊ သူ… သူ့ဆန္ဒအောင်မြင်သွားလို့ သွားပြီထင်ပါရဲ့ဒေါ်လေးရီရယ်''

''ဟုတ်မယ်၊ မဟေသီ့ဝိညာဉ်ဟာ နှောင်းကိုပူးကပ်နေရာက ကျွတ်လွတ်သွားတာဖြစ်မယ်''

ဆရာမဒေါ်ခင်မွှေးက တွေးတွေးဆဆဖြင့် ပြောလိုက်လေသည်။

''နှောင်းကို မဟေသီ့ဝိညာဉ် ပူးနေတာမဟုတ်ပါဘူးဆရာမရယ်၊ မဟေသီ့ဝိညာဉ်က နှောင်းကို သိမှာတောင်မဟုတ်ပါဘူး၊ သူ့ဝိညာဉ်က သူ့ချစ်သူရဲ့မျက်လုံးနောက်ကို တွယ်ကပ်လိုက်ပါလာတာပါ၊ သူ့ချစ်သူကိုသာ စွဲလမ်းစိတ်နဲ့ တွယ်ငြိပြီးပါလာတာမျိုးပါဆရာမ''

တကယ်တော့ နှောင်းကြုံခဲ့ရသောအဖြစ်များသည် ဝိညာဉ်ပူးခြင်း၊ သရဲပူးခြင်း မဟုတ်ပါပေ။ သရဲတစ္ဆေခြောက်လှန့်ခြင်းလည်း မဟုတ်ပါပေ။

ကွယ်လွန်သူနှစ်ဦး၏ တစ်ဦးပေါ်တစ်ဦး စွဲလမ်းစိတ် ကြောင့်… ရှင်သန်နေဆဲဖြစ်သော ကိုကိုမောင်၏ မျက်ကြည်လွှာတွင် မဟေသီ၏ပုံရိပ်ကို မြင်နေရခြင်း သာဖြစ်ပါသည်။

အမှန်တွင်… နှောင်းကြုံခဲ့ရသောအဖြစ်သည် သဘာဝတရားထက်လွန်ကဲသော **Super Natural**ခေါ် ထူးခြားဆန်းကြယ် ဖြစ်ရပ်မျိုးသာဖြစ်ပါသည်။

♛♛♛♛♛♛♛♛♛

( ၂၂ )

နောင်းသည် နံနက်စောစောအချိန်တွင် ဘုရားသောက်တော်ရေချမ်းကပ်၊ အလင်းတိုင်အမွှေးတိုင်များပူဇော်ကာ ပုတီးတစ်ပတ်ပြည့်အောင်စိတ်လိုက်သည်။

ပြီးလျှင်… မိမိအတွက် မျက်ကြည်လွှာပေးခဲ့သောကိုကိုမောင်ဆိုသူနှင့် ကွယ်လွန်သူမိဘများ၊ ကုသပေးသောဆရာဝန်ကြီးများ၊ ကျေးဇူးရှင်ဒေါ်လေးရီနှင့် အစ်မခင်ဆောင်းဦးတို့ကို မေတ္တာပို့သအမျှပေးဝေလိုက်လေသည်။

မဟေသီခေါ် သီသီနိုင်ကိုလည်း ရည်စူး၍အမျှဝေလိုက်ပါသည်။

နောင်းမျက်စိပြန်မြင်တဲ့နေ့ကစ၍ မြင်ခဲ့ရသော မဟေသီ၏ ပုံရိပ်သည် ပျောက်ကွယ်သွားပေပြီ။ သူမ၏ဆန္ဒများပြည့်ဝသွား၍ လွတ်ရာကျွတ်ရာသို့ရောက်ရှိသွားခြင်းပဲဖြစ်ပါလိမ့်မည်။

**မဟေသီသည် နောင်းကို ချောက်လှန့်ခဲ့ခြင်းမဟုတ်ပါ။ မဟေသီသည် နောင်းကို ကြောက်လန့်အောင်လည်းမပြုခဲ့။ စကားတစ်ခွန်းမှလည်း မပြောခဲ့ချေ။ သူမအလောင်းရှိသည့်နေရာကိုသာ အိပ်မက်မှတစ်ဆင့် အသိပေးခဲ့ပါသည်။**

မဟေသီသည် နောင်းကို နောင်းဟု မြင်ချင်မှမြင်ပေမည်။ နောင်းကို သူမချစ်သူ ကိုကိုမောင်အဖြစ် မြင်ကောင်းမြင်နေပေလိမ့်မည်။ မဟေသီအဖို့ သူမကိုသတ်ခဲ့သည့်တရားခံများကိုဖော်ထုတ်ခွင့်ရလိုက်၍ ကျွတ်လွတ်သွားခြင်းပဲဖြစ်ပေမည်။

ယခုတော့… နောင်း၏အမြင်များသည် ပကတိအရှိတရားကို မြင်ရသော သန့်ရှင်းသည့်အမြင်များသာဖြစ်နေပါလေပြီ။

နောင်းက အပြင်ဖက်ဝရံတာကိုထွက်ခဲ့လေသည်။

နံနက်ဦး၏နေရောင်ခြည်နုနုလေးက အိမ်ရှေ့မှ သနပ်ခါးပင်ပေါ်ကိုဖြန်းကျလျှက်ရှိသည်။ သစ်ပင်ပေါ်တွင်တော့ ငှက်ကလေးများက အိပ်တန်းမှထကာ တေးများသီဆိုလျှက်ရှိပေသည်။

နောင်းတစ်သက်လုံး မျှော်လင့်မြင်ယောင်ခဲ့သောမြင်ကွင်းများပင်ဖြစ်ပါသည်။

မိုးရွာတော့မယ်ဆိုတာကို… မိုးရနံ့ရလို့ ကျွန်မသိတယ်၊ ဒါပေမယ့်… မိုးစက်ကလေးတွေကိုကျွန်မမမြင်ဖူးဘူး… ခုတော့… ကျွန်မမြင်ဖူးချင်တဲ့မိုးစက်ကလေးတွေကို မိုးကျ လာလျှင် မြင်တွေ့ခွင့်ရပါတော့မည်။

ဆောင်းမှာကျလာတဲ့နှင်းပေါက်ကလေးတွေအေးမြတာ ကို… ကျွန်မခံစားလို့ရပါတယ်။ ဒါပေမယ့်… နှင်းပွင့်ကလေးတွေကိုလည်း ကျွန်မ မြင်ချင်တယ်…။ ကျွန်မမြင်ဖူးချင်တဲ့ နှင်းပေါက်ကလေးတွေကိုလည်း ကျွန်မမြင်ခွင့်ရတော့မှာပါ။

ငှက်ကလေးတွေတေးဆိုသံကို… ကျွန်မကြားရတော့ ကြည်နူးမိပါတယ်။ ဒါပေမယ့်… အဲဒီငှက်ကလေးတွေကို ကျွန်မမြင်ဖူးချင်သေးတာပေါ့နော်။

ခုတော့… ကျွန်မမြင်ဖူးချင်တဲ့ငှက်ကလေးတွေကို ကျွန်မမြင်တွေ့နေရပါပြီ။ ပူနွေးတဲ့ နံနက်ခင်းရဲ့နေရောင်ခြည်ကိုလည်း ကျွန်မ တွေ့ရပါပြီ။

သာယာတဲ့သီချင်းသံဟာ ကျွန်မစိတ်ကို ကြည်မွေ့စေပါတယ်၊ သီချင်းစာသားလေးတွေကိုပါ ကျွန်မဖတ်နိုင်ရင် သိပ်ကောင်းမှာပဲ…

သီချင်းစာသားလေးတွေ ဖတ်နိုင်ဖို့တော့ နောင်း ကြိုးစားရဦးမှာပေါ့နော်။

''နောင်း…''

ကိုဆက်၏အနီးကပ်ခေါ်သံကြောင့် နောင်းကလှည့်ကြည့်လိုက်သည်။

''ဘာတွေစဉ်းစားနေတာလဲနောင်း''

''ငှက်ကလေးတွေကိုကြည့်ပြီး နောင်းစိတ်ကြည်နူးနေတာပါ ကိုဆက်၊ အရင်ကတော့ ငှက်ကလေးတွေရဲ့အသံကိုပဲကြားနိုင်တယ်လေ၊ ခုတော့… နောင်း သူတို့ကိုမြင်ရပြီ''

''ဟုတ်တာပေါ့နောင်းရယ်၊ သဘာဝတရားကြီးက သိပ်ကိုလှပါတယ်''

ကိုဆက်က နောင်းရပ်နေသည့်နေရာကိုရောက်လာသည်။

''ဒီလိုဆို ကိုယ် နောင်းကို ဘာသီချင်းမဆို ဆိုပြလို့ရပြီပေါ့နော်''

''ရပါပြီကိုဆက်၊ ကိုဆက်ဆိုပြဖူးတဲ့ရတနာသူဆိုတဲ့သီချင်းလေးကို ဆိုပြပါဦး''

''ရတနာသူသီချင်းကိုတော့ ဆိုမပြချင်တော့ဘူးနှောင်း''

''ဘာဖြစ်လို့လဲကိုဆက်''

''ရတနာသူသီချင်းမှာဖွဲ့ထားတဲ့မိန်းကလေးရဲ့အလှဟာ နှောင်းကိုမမီလို့ပေါ့၊ နှောင်းရှေ့မှာ ဒီသီချင်းကိုဆိုပြရင်လည်း သီချင်းက ကောင်းမှာမဟုတ်တော့ဘူး''

''တော်ပါကိုဆက်ရယ်၊ နှောင်းကိုမမြှောက်ပါနဲ့''

''ဒါနဲ့... ဒီနေ့ နှောင်း ဆေးရုံကိုပြန်ပြဖို့ရက်ချိန်းနော်''

''ဟုတ်တယ်၊ ကိုဆက်လိုက်ပို့မယ်ဆို''

''ကိုဆက်လိုက်ပို့ရင်နှောင်းကလိုက်ရဲလို့လား၊ တော်ကြာ ကိုဆက်ကို လူသတ်သမားပါ၊ နှောင်းကိုညာခေါ်လာတာပါလို့ တစ်ယောက်ယောက်ကပြောလိုက်ရင် နှောင်းထွက်ပြေးနေရဦးမယ်''

''အို... ကိုဆက်က နှောင်းကိုစကားနာထိုးတာပေါ့လေ၊ ကိုဆက်ရယ်... တကယ်တော့ နှောင်းဟာ သူများတကာထက် အတွေ့အကြုံဖက်မှာ ဆယ့်နှစ်နှစ်နောက်ကျနေတဲ့သူပါ၊ နှောင်းတစ်သက်လုံးမှာ ဒီတန်းလျားလေးမှာ နေတဲ့လူတွေကလွဲပြီး ဘယ်သူနဲ့မှ မဆက်ဆံခဲ့ဖူးပါဘူး၊ အဲဒါကြောင့်... မမဆောင်းကလည်း နှောင်းကို သတိပေးခဲ့တာလေ၊ ကိုအောင်ဝင်းပြောတဲ့စကားကိုယုံပြီး ကိုဆက်ကို အထင်မှားမိခဲ့တာလည်း နှောင်းရဲ့အတွေ့အကြုံနုနယ်မှု၊ လူကဲမခတ်တတ်မှုတွေပါ၊ ခွင့်လွှတ်ပါကိုဆက်''

''ကိုယ်နားလည်ပါတယ်ကွယ်''

''အစစအရာရာမှာ သူများတကာထက် ဆယ့်နှစ်နှစ်နောက်ကျနေတဲ့ဆောင်းဟာ... လူတကာနဲ့တန်းတူဖြစ်အောင် ဆယ့်နှစ်ဆ ကြိုးစားရဦးမှာပါကိုဆက်ရယ်''

''နှောင်းကို ကိုယ်ကူညီပါ့မယ်၊ အစစအရာရာအတွက် နှောင်းရှေ့မှာ ကိုယ်ရှိနေပါ့မယ်နှောင်းရယ်''

ကိုဆက်က နှောင်း၏နုနယ်သောလက်ကလေးများကိုဆုပ်ကိုင်ရင်းပြောလိုက်သည်။

''အို...''

နှောင်းက ကိုဆက်ဆုပ်ကိုင်လာသောလက်ကို ရှန်းဖယ်ပစ်လိုက်သည်။ ကိုဆက်က လွှတ်မပေးပဲ ပို၍တင်းကျပ်စွာဆုပ်ကိုင်လိုက်၏။

''တကယ်ပါနှောင်း၊ နှောင်းရှေ့မှာ ကိုယ်မားမားမတ်မတ် ရပ်တည်ပေးပါ့မယ်၊ နှောင်း ကိုယ့်ကိုယုံရဲ့လားဟင်''

''ကိုဆက်ရယ်၊ ဒီလိုစကားမျိုးပြောဖို့စောပါသေးတယ်ရှင်''

''မစောတော့ပါဘူးနှောင်းရယ်၊ နောက်တောင်ကျနေပါပြီ၊ ကိုယ်ကနှောင်းကိုတွေ့ကတည်းက ချစ်နေရတာပါ၊ မသင့်တော်လို့ ကိုယ့်အချစ်တွေကိုမြိုသိပ်ထားရတာပါနှောင်း၊ ကိုယ်မေးတာကို ဖြေပါဦး နှောင်းရယ်''

''အို... နှောင်းမဖြေတတ်ပါဘူး''

''နှောင်းပါးစပ်ကမဖြေပေမယ့် နှောင်းမျက်လုံးလေးတွေက ဖြေနေပြီ၊ ကိုဆက်ကိုချစ်တယ်တဲ့''

''အို... မဟုတ်တာ၊ မျက်လုံးက စကားမှမပြောတတ်ပဲနဲ့''

''မျက်လုံးကပြောတဲ့စကားက ပိုပြီးထိရောက်ပါတယ်နှောင်း၊ နှောင်းမျက်လုံးထဲမှာ အချစ်ရိပ်တွေပြည့်နေပါတယ်၊ အဲဒါဘာဖြစ်လို့လဲ သိလားနှောင်း''

''ဘာဖြစ်လို့လဲဟင်''

''နှောင်းမျက်လုံးအိမ်ထဲက မျက်လုံးရှင်ဟာ ချစ်သူကိုသိပ်ချစ်တတ်တဲ့သူတစ်ယောက်မို့ပေါ့နှောင်းရယ်''

''အို...''

♛♛♛♛♛♛♛♛♛♛

**နွေတမာန်**